# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၃) ရက်၊ သောကြာနေ့ ၊ (4-8-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၉၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၆၁ / ၂၀၂၃**

၁၃၈၅ခုနှစ်၊ဒုတိယဝါဆိုလပြည့်ကျော်၂ရက်

(၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

## ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ချမှတ်ထားသည့်ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၁၂)ရပ်ကို ပိုမိုမြန်ဆန်ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရန်အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ပြည်ထောင်စုအစိုးရအဖွဲ့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | နိုင်ငံတော်ဝန်ကြီးချုပ် | ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် |
| (၂) | ဒုတိယဝန်ကြီးချုပ် | ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း |
| (၃) | ဒုတိယဝန်ကြီးချုပ်နှင့်<br>ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်ကြီးတင်အောင်စန်း |
| (၄) | ဒုတိယဝန်ကြီးချုပ်နှင့်<br>ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်ကြီးမြထွန်းဦး |
| (၅) | ဒုတိယဝန်ကြီးချုပ်နှင့်<br>ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဝင်းရှိန် |
| (၆) | ဒုတိယဝန်ကြီးချုပ်နှင့်<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဦးသန်းဆွေ |
| (၇) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် |
| (၈) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) | ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် |
| (၉) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) | ဦးကိုကိုလှိုင် |
| (၁၀) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် |
| (၁၁) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဒေါက်တာကံဇော် |
| (၁၂) | ပြည်ထောင်စုဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | ဒေါက်တာသီတာဦး |
| (၁၃) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဦးမောင်မောင်အုန်း |
| (၁၄) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဦးတင်ဦးလွင် |

စာမျက်နှာ ၁၈ ကော်လံ ၁ သို့

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်အမှတ် ၆၂၊ ၆၃၊ ၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀/၂၀၂၃ ထုတ်ပြန်**

စာမျက်နှာ - ၁၈-၁၉

**ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA)ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်**

စာမျက်နှာ - ၂၀






ရတနာပုံ
၂၀၁၃ ခုနှစ် ဩဂုတ် ၄ ရက်
အယ်ဒီတာ့အာဘော်

# ခွင့်သာခိုက်မှာ လာရောက်ပူးမြော် ကုသိုလ်ယူပါ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီများအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော်မဟာမင်္ဂလာအခမ်းအနားများကို ဩဂုတ် ၁ ရက် (ဒုတိယဝါဆိုလပြည့်နေ့)က ကျင်းပခဲ့ပြီးဖြစ်သောကြောင့် အနယ်နယ်အရပ်ရပ်မှပြည်သူများ လာရောက် ဖူးမြော်ကြည်ညိုပြီး တရားဘာဝနာပွားများစေလိုပါသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို "မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုကို ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုရှိစေရန်"ဟူသော ရည်ရွယ်ချက်လေးရပ်ထားရှိပြီး တည်ထားကိုးကွယ်ရခြင်းဖြစ်ပေသည်။

ယခုအခါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းသည်လည်း သာသနာတော်အကျိုး၊ နိုင်ငံတော်အကျိုး၊ ကမ္ဘာသူ ကမ္ဘာသားတို့အကျိုးကို ဦးထိပ်ပန်ဆင်သည် အမှန်ဖြစ်လင့်ကစား ကောင်းမှုကုသိုလ်ပြုခြင်းအကြောင်းတရား၏ အကျိုးတရားအစစ်အမှန်ကို ပြုသူကိုယ်တိုင် မလွဲမသွေရရှိမည်ဖြစ်ပေသည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်သြဝါဒါစရိယအဖွဲ့မှ ဆရာတော်ကြီးများ၏ သြဝါဒပေးမှု၊ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဗုဒ္ဓဘာသာသာသနာတော်ကို အထူးချီးမြှင့်ထောက်ပံ့မှု၊ ရဟန်းရှင်လူပြည်သူများ၏ စေတနာသဒ္ဓါတရားထက်သန်မှု၊ ဤလုပ်ငန်းစဉ်ကြီးပြီးမြောက်အောင် ပါဝင်ဆောင်ရွက်သူများအားလုံး၏ ဘာသာသာသနာကို ယုံကြည်မြတ်နိုးတန်ဖိုးထားဆောင်ရွက်ခဲ့မှုတို့ကြောင့် အခက်အခဲပေါင်းများစွာကို ကျော်ဖြတ်ကာ အောင်အောင်မြင်မြင်ဖြင့် အထူးကြည်ညိုဖွယ်ရာ ဗုဒ္ဓရုပ်ပွားတော်ကြီးအဖြစ် တည်ထားနိုင်ခဲ့ပြီဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာပေါ်ထွန်းလာသည်ကပင် လူသားတို့၏ကောင်းကျိုးကို သယ်ပိုးပြီး မကောင်းမှုဘေးအန္တရာယ်အပေါင်းမှ ကာကွယ်ပေးရန်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တိုင်းသည် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ဆည်းကပ်ကိုးကွယ်ကြသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးဖြစ်သော်လည်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော်များကို သံဃာတော်များက ထိန်းသိမ်းစောင့်ရှောက်ကာ ဒါယကာ၊ ဒါယိကာမတို့ကို လမ်းမှားမရောက်အောင် ဟောကြားတော်မူကြသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူတို့သည် မကောင်းမှုမပြုဘဲ ကုသိုလ်ကောင်းမှုဖြင့်သာ မွေ့လျော်နေထိုင်ကြသည်ကို တွေ့ရပေသည်။

ယခုအခါ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင်တည်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဩဂုတ် ၈ ရက်မှ ၁၆ ရက်အထိ အခမဲ့ဖူးမြော်ခွင့်ပြုထားရာ ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနိုင်သကဲ့သို့ ဥယျာဉ်တော်အတွင်းရှိ အခြံအရံများကိုလည်း သာသနာနှင့်ကြုံကြိုက်ခွင့်သာခိုက်မှာ လာရောက်ဖူးမြော်ကြည်ရှုလေ့လာကုသိုလ်ယူနိုင်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်ရေးသားလိုက်ရပေသည်။

# မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၇ ကောင် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိ



**မန္တလေး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၇ ကောင် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်ရေများချိန်ကာလတွင် ဧရာဝတီလင်းပိုင်များ နေရာပြောင်း၍ အုပ်စုလိုက် နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ဧရာဝတီလင်းပိုင်များသည် ယခင်က ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီးတွင် အုပ်စုလိုက် နေထိုင်ကျက်စားလျက်ရှိရာမှ ဩဂုတ် ၃ ရက်မှစ၍ မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

"ဧရာဝတီမြစ်ရေက တဖြည်းဖြည်းတက်လာတာကြောင့် မြစ်အတွင်း လင်းပိုင်ထိန်းသိမ်းရေးဧရိယာဖြစ်တဲ့ မန္တလေးကနေ ကျောက်မြောင်းကြားမှာ နေထိုင်ကျက်စားနေတဲ့ ဧရာဝတီလင်းပိုင်တွေအနေနဲ့ အစာပေါများတဲ့ မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးမှာ အုပ်စုလိုက် နေထိုင်ကျက်စားနေကြတာကို ဒေသခံရေလုပ်သားတွေ ဩဂုတ် ၃ ရက်မှာ တွေ့မြင်ထားပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

ထို့ပြင် ဧရာဝတီလင်းပိုင်များကို ကြည့်ရှုချင်သည့် ခရီးသွားများအနေဖြင့် မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် သွားရောက်ကြည့်ရှုနိုင်ကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး ဩဂုတ် ၃**

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့် တရုတ်တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ကောင်းလျက်ရှိပြီး ဘီးအသစ်များလည်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လာကြောင်း မန္တလေး ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဘီး (ပုံပြောင်း) ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ ၄၄ သိန်း၊ ၂၀၁၉ မော်ဒယ်ဘီးများမှာ ငွေကျပ် ၂၈ သိန်း ၅ သောင်းမှ ၃၅ သိန်းခန့်၊ နောက်ဆုံးမော်ဒယ်မဟုတ်သည့် အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ သိန်း ၂၀ ခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံး မော်ဒယ်များမှာ ငွေကျပ် ၃၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၄ သိန်းမှ ၁၇ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Click (ဒလက်)မှာ ငွေကျပ် ၁၅ သိန်း၊ Click (စပုတ်)မှာ ငွေကျပ် ၁၃ သိန်း ၅ သောင်းခန့်၊ Scoopy i ဘီးများမှာ ငွေကျပ် ၁၃ သိန်း ၅ သောင်းမှ ၁၅ သိန်းခန့်၊ အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၃ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၃ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၉ သိန်း ၈ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။

မန္တလေး ကားဈေးကွက်တွင် ကားတင်သွင်းမှုများ လျော့နည်းလာသော်လည်း ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများ အရောင်းအဝယ် အနည်းငယ်ရှိနေကာ နံပါတ်ထွက်ပြီး တစ်ပတ်ရစ် ညာမောင်းကားများမှ အင်ဂျင်ပါဝါမြင့်ကားများ အရောင်းအဝယ် အေးနေကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများအနက် ငွေကျပ်သိန်း ၂၅၀ မှ သိန်း ၃၅၀ ကြား အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ပွိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်ရှ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိပြီး အမြင့်ကားများမှ တိုယိုတာအယ်လ်ဖတ်၊ တိုယိုတာကလူဂါ၊ တိုယိုတာဘင်ဂတ်၊ တိုယိုတာကရောင်း၊ တိုယိုတာနိုအာကားများ အမေးများသော်လည်း အရောင်းအဝယ်ဖြစ်မှု အလွန်နည်းကြောင်း သိရသည်။

၆၆၀စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက်Auto ငွေကျပ်သိန်း ၁၅၀ ခန့်၊ Manual ငွေကျပ် သိန်း ၁၃၀ ခန့်ဈေးပေါက်လျက်ရှိပြီး အခြားသောခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၀၀၊ Auto ငွေကျပ်သိန်း ၁၂၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ်သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့်ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။ (၁၇၃)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ဗိုလ်စားပဲများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ဗိုလ်စားပဲများ အရောင်းအဝယ် ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာ ကုန်စိမ်းဈေးသို့ ရှမ်းပြည်နယ်ဘက်မှ ထွက်ရှိလာသည့် ဗိုလ်စားပဲများ နေ့စဉ် ၁၂ ဘီးကား သုံးစီးမှ လေးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ ဗိုလ်စားပဲ ဈေးနှုန်းများမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကာ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ဗိုလ်စားပဲက ရှမ်းပြည်နယ် (တောင်ပိုင်း)နဲ့ (မြောက်ပိုင်း)ဘက်နယ်တွေကပဲ ထွက်ရှိပြီး ဈေးကို အပြိုင်ဝင်ရောက်နေပါတယ်။ မြေပြန့်ဒေသဘက်ကထွက်တာ မရှိတော့ပါဘူး။ ရှမ်းပြည်နယ်ဘက်ကသာထွက်ရှိပြီး ဈေးကွက်အတွင်းကို နေ့စဉ် ဝင်ရောက်နေတာကြောင့် အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ စိုက်ပျိုးမှုတွေကလဲ အရင်နှစ်တွေနဲ့စာရင် နည်းလာပါတယ်။ ဒါပေမဲ့ ဈေးကွက်အတွင်းမှာ ဈေးကောင်းရပြီး အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ကျန်တဲ့သီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ မုန်လာဥ၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ၊ ခါကြက်ဥ စတဲ့သီးနှံတွေလဲ အရောင်းအဝယ် ကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာ ကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ရောင်းချပေးနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဇာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စာပေ့ဂုဏ်ရည် စိမ်းလန်းရွှေပြည်

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

**စိမ်းလန်းရွှေပြည် ငြိမ်းချမ်းစေမည်**
**ကိန်းခန်းဝေစည်**

စိမ်းလန်းရွှေပြည်၊ ရည်ရွယ်သည်ကား
အတိအတော၊ ပဝေဟိုရွေး
တို့ဘိုးဘေးတို့
ပေးထားအမွေ၊ မြတ်စာပေကို
အရှည်တည်တံ့၊ ခိုင်မြဲသန့်၍
နိုင်ငံ့ဂုဏ်ရောင် ဆောင်ရေးတည်း။

ငြိမ်းချမ်းစေမည်၊ မြန်မာပြည်တည့်
ကြံစည်အားထုတ်၊ နောက်မဆုတ်ဘဲ
လုပ်ဆောင်သမျှ၊ စွမ်းအားပြရင်း
ကဏ္ဍစုံပေါင်း၊ ဘက်စုံကောင်းအောင်
ကျိုးကြောင်းမျှော်ရှု၊ ထောက်ကူပြုဖို့
ကောင်းမှုဖော်ဆောင် နေခြင်းတည်း။

ကိန်းခန်းဝေစည်၊ အောင်စေမည်တည့်
လှမ်းချီရှေ့ခရီး၊ ပန်းတိုင်နီးပြီ
စည်းကမ်းစိတ်ဓာတ်၊ ကြံ့ခိုင်လတ်လျက်
မပြတ်နှိုင်းချိ၊ စည်းလုံးဘိကာ
ပြည့်အားမြတ်နိုး၊ ပြည်ခိုင်ဖြိုးတို့
ပြည်ကျိုးဆောင်ထမ်း၊ ခရီးလမ်းဝယ်
အောင်ပန်းဖြာဝေ ပါစေသတည်း။ ။

**မြင်းမူမောင်နိုင်မိုး**

တတိယအကြိမ် **"စိမ်းလန်းရွှေပြည် စာပေပြိုင်ပွဲ"** ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ် ဇူလိုင် ၁၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ **ဆရာ မြင်းမူမောင်နိုင်မိုး** က အထက်ဖော်ပြပါ **"စိမ်းလန်းရွှေပြည် ငြိမ်းချမ်းစေမည် ကိန်းခန်းဝေစည်"** ကဗျာကို ဆုချီးမြှင့်ပွဲကျင်းပနေစဉ်မှာပဲ ခံစားရေးသားခဲ့ပြီး စင်မြင့်ပေါ်တွင် ပီသကြည်မြစွာရွတ်ဆိုသွားခဲ့ရာ နားဝင်ပီယံရှိလှသည်။ နားဆင်ကြရသူတိုင်း ကြည်နူး ရွှင်မြူးလန်းဆန်းသွားကြသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် တတိယအကြိမ် စိမ်းလန်းရွှေပြည်စာပေဆုရသူများ၏ စာရင်းကိုပင် မကြေညာနိုင်ဘဲ ရပ်နားထားခဲ့ရာမှ ဆုချီးမြှင့်ပွဲကို ပြန်လည်ကျင်းပခဲ့ရာ စာပေချစ်သူများအားလုံးက အားရဝမ်းသာပီတိဖြာနေကြသည်။ အထူးသဖြင့် စာပေဆုရရှိသူများအားလုံးက ပိုမို၍ကြည်နူးဝမ်းသာ ဖြစ်ကြကာ စာပေဆုများကို ကိုယ်တိုင်တက်ရောက် ယူခဲ့သဖြင့် စာပေဆုချီးမြှင့်ပွဲအခမ်းအနားမှာ ပို၍ ပြည့်စုံမင်္ဂလာရှိသွားသည်။

စိမ်းလန်းရွှေပြည်စာပေဆုရွေးချယ်ရေးကော်မတီ က ၂၀၁၈ ခုနှစ်မှစ၍ **"မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး နှင့် မြန်မာ့ရိုးရာဂန္ထဝင်ကဗျာများ မပျောက်ပျက် မတိမ်ကောရေးကို ရှေးရှုလျက် ဝတ္ထု၊ ကဗျာ၊ စာပဒေသာ(ဆောင်းပါး)ဆုများ ရွေးချယ်ချီးမြှင့်ရန်"** ဟူသော ရည်ရွယ်ချက်ဖြင့် နှစ်စဉ်မပျက်ရွေးချယ်ချီးမြှင့် နေခဲ့သည်။

မြန်မာနိုင်ငံတွင် ပြန်ကြားရေးဝန်ကြီးဌာနက နှစ်စဉ်ချီးမြှင့်နေသော **"အမျိုးသားစာပေတစ်သက်တာ ဆု"**၊ **"အမျိုးသားစာပေဆု"**၊ စာပေဗိမာန်စာမူဆု၊ ပုဂ္ဂလိကစာပေဆုများဖြစ်ကြသော ပခုက္ကူဦးအုံးဖေ စာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ သုတစွယ်စုံ စာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆု၊ ရွှေအမြုတေစာပေ ဆု၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် ဂျပန်ရှန်တီ စေတနာ့ဝန်ထမ်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော **"ရှန်တီကလေးစာပေဆု"**စသည့် စာပေချီးမြှင့်ပွဲများကို နှစ်စဉ်ကျင်းပခဲ့သည်။

ထို့ပြင် အသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများက လည်း နေ့ကြီးရက်ကြီးအထိမ်းအမှတ်များအဖြစ် စာပေ ပြိုင်ပွဲများကျင်းပပြီး စာပေဆုများချီးမြှင့်ကြသည်။ ဥပမာ-မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ တားဆီးရေး၊ ဆန့်ကျင်ရေးစာပေပြိုင်ပွဲ၊ ဒီဇင်ဘာလ အားကစား စာပေပြိုင်ပွဲ၊ လွတ်လပ်ရေးနေ့နှင့် ပြည်ထောင်စုနေ့ အထိမ်းအမှတ်စာပေပြိုင်ပွဲ၊ တပ်မတော်နေ့စာပေ ပြိုင်ပွဲ၊ ကျေးဇူးကြီးလှ မိနှင့်ဖစာပေပြိုင်ပွဲ၊ အဖေများ နေ့၊ အမေများနေ့၊ ဆရာများနေ့စာပေပြိုင်ပွဲ၊ ကမ္ဘာ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၊ အမျိုးသမီးများနေ့ စာပေပြိုင်ပွဲ၊ မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းပါ တစ် နှစ်တာအကောင်းဆုံးစာပေဆုဟူ၍ များစွာရှိသည်။

နိုင်ငံခြားစာပေဆုအနေဖြင့် အရှေ့တောင်အာရှ စာပေဆု၊ မဲခေါင်ခြောက်နိုင်ငံစာပေဆုများလည်း ရှိကြ သည်။ စာပေဆုအမျိုးအစား မြောက်မြားစွာရှိနေ သော်လည်း စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာ ဆရာ စသည့်စာပေလောကသားများအတွက် စာရေး သားဖော်ပြပေးရန် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းအရေ အတွက်က အလွန်ပင်လျော့နည်းသွားရာ စားဝတ် နေရေးအခက်အခဲများ ကြုံတွေ့နေကြရသည်။

အချို့စာပေရေးသားမှုအားကောင်းကြသူများ၊ စာ

> ❖ စာပေလောကကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးလိုသည်က တစ်ကြောင်း၊ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေဖြင့် ပံ့ပိုးကူညီလိုသည်က တစ်ကြောင်း၊ တစ်ထောင့်တစ်နေရာက ချီးမြှင့်အားပေးမြေတောင်မြှောက် ပေးလိုသည်ကတစ်ကြောင်း စာပေစေတနာ၊ စာပေသစ္စာအကြောင်းပေါင်းစုံ ကို အခြေခံပြီး "စိမ်းလန်းရွှေပြည်စာပေဆု"ချီးမြှင့်ရန် စီစဉ်ခဲ့ခြင်းဖြစ် သည်။ အထူးသဖြင့် "မြန်မာ့ရိုးရာဂန္ထဝင်ကဗျာများ မပျောက်ပျက်မတိမ် ကောရေးကို ရှေးရှုလျက်"ဟူသောရည်ရွယ်ချက်ကို ပိုမို၍ နှစ်သက်အားပေး လာကြသည်။ ❖

အုပ်ထုတ်ဝေနိုင်မှုစွမ်းအားမရှိသူများက စာမူပြိုင်ပွဲ များကိုသာ အားထားနေကြရသည်။ စာအုပ်ထုတ်ဝေ နိုင်ကြသော်လည်း ပုဂ္ဂလိကစာပေဆု၊ စာမူဆုများက လည်း ထိုက်တန်မှုရှိနေကြလေရာ ပြိုင်ပွဲဝင်ရကျိုးနပ် လှသည်။ စာပေလောကသားများအတွက် အားတက် ဖွယ်ရာ စာပေအခွင့်အလမ်းများပင်ဖြစ်ကြသည်။

**စာပေဆုဖြစ်ထွန်းလာရခြင်း၏ အကြောင်းရင်း**

စာပေလောကကို တစ်ဖက်တစ်လမ်းကဖြည့်ဆည်း ပေးလိုသည်ကတစ်ကြောင်း၊ အုတ်တစ်ချပ်၊ သဲတစ်ပွင့် အနေဖြင့် ပံ့ပိုးကူညီလိုသည်ကတစ်ကြောင်း၊ တစ် ထောင့်တစ်နေရာက ချီးမြှင့်အားပေးမြေတောင်မြှောက် ပေးလိုသည်ကတစ်ကြောင်း စာပေစေတနာ၊ စာပေ သစ္စာအကြောင်းပေါင်းစုံကို အခြေခံပြီး **"စိမ်းလန်း ရွှေပြည်စာပေဆု"** ချီးမြှင့်ရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။

အထူးသဖြင့် **"မြန်မာ့ရိုးရာဂန္ထဝင်ကဗျာများ မပျောက်ပျက်မတိမ်ကောရေးကို ရှေးရှုလျက်"**ဟူသော ရည်ရွယ်ချက်ကို ပိုမို၍ နှစ်သက်အားပေးလာကြသည်။ နှစ်သက်အားပေးလာသည့် အကြောင်းတရားကလည်း ရှိနေသည်။ တစ်ခဏတာမျှ လုပ်ပိုင်ခွင့်ရရှိသူတချို့က အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို မြန်မာဂန္ထဝင်ကဗျာဆုနှင့် ခေတ်ပေါ်(မော်ဒန်)ကဗျာ နှစ်မျိုးရှိသည့်အနက် ဆုတစ်ဆုတည်းသာ ချီးမြှင့်ရန် ဆုံးဖြတ်သတ်မှတ်စေခဲ့သည့်အတွက် ဂယက်မျိုးစုံ ထွက်ပေါ်ခဲ့ကြသည်။

**စာပေညီလာခံ(၂၀၁၇)**တွင် မြန်မာဂန္ထဝင်ကဗျာဆု တစ်ဆု၊ ခေတ်ပေါ်(မော်ဒန်)ကဗျာဆုတစ်ဆု ဆုနှစ်ဆု စလုံးကို တစ်ဆုစီခွဲခြားပေးရန် မဲအပြတ်အသတ်ဖြင့် နိုင်ပါလျက် (ဖျောက်ဖျက်မရသော သတင်းစာပါ ဝန်ခံ ကတိပြုချက် သက်သေအခိုင်အမာများရှိပါလျက်) အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ လူနည်းစုအစည်းအဝေးတွင် မလိုအပ်ဘဲ မဲခွဲဆုံးဖြတ် အနိုင်ယူခဲ့ကြပြီး ကဗျာဆုနှစ်ဆုကို တစ်ဆုတည်းသာ ချီးမြှင့်ရန် တစ်ဖက်လှည့်ဖြင့် စီစဉ်လိုက်ကြသောအခါ ကဗျာအစဉ်အလာသမ္မာရှိ စာပေပညာရှင်ကြီးများနှင့် အမျိုးသားစာပေဆု ထပ်ဆင့်ဆုရနာမည်ကြီး စာရေး ဆရာကြီး၊ ဆရာမကြီးများက စာပေသမိုင်းတရားခံ တော့အဖြစ်မခံကြဘူးဟုကြွေးကြော်ကြကာ နုတ်ထွက် သွားခဲ့ကြသည်။ ထပ်ဆင့်အမျိုးသားစာပေဆုရ စာရေး ဆရာကြီးတစ်ဦးကလည်း "ကဗျာဆိုတာ အလုံးလား အပြားလားမသိသူတွေနဲ့ တွဲမလုပ်နိုင်လို့ အမျိုးသား စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီက နုတ်ထွက်ခဲ့ ပါတယ်"ဟု ပုဂ္ဂလိကသတင်းစာတွင် ကြွေးကြော်ကာ ခံစားချက်များကို ဖွင့်ဟကြေညာခဲ့ကြသည်။

အထူးသဖြင့် စာပေအဖွဲ့ ၁၀ ဖွဲ့နှင့် တစ်နိုင်ငံလုံး မှ စာပေကိုယ်စားလှယ်အများစုပါဝင်သော **"စာပေ ညီလာခံ(၂၀၁၇)"** ၏ အများစုဆုံးဖြတ်ချက်ကို မျက် ကွယ်ပြုလျစ်လျူရှုပြီး အဖွဲ့အကြီးအကဲ၊ နာယက၊ ပညာရှင်ကြီးများက မျှတစွာစဉ်းစားပေးကြရန်တားဆီး နေသည့်ကြားထဲမှ လူနည်းစုအတွင်း အတင်းအနိုင် ကျင့်မျက်နှာပြောင်တိုက်ကာ သိက္ခာမဲ့လွန်းစွာ မြန်မာ ဂန္ထဝင်ကဗျာနှင့် ခေတ်ပေါ်(မော်ဒန်)ကဗျာဆုများကို တစ်ဆုစီခွဲမပေးဘဲ ရောနှောပေါင်းစပ်ပြီး တစ်ဆု တည်း ရွေးချယ်ဆုချီးမြှင့်ခဲ့သည်။

"ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် ကိုယ်က အသာစီးရတယ် ဆိုပြီး မတရားအနိုင်ကျင့်ရင် တစ်နေ့ဝဋ်လည်မယ်" ဟူသည့်စကားရှိသည်။ မြန်မာဂန္ထဝင်ကဗျာဆုနှင့်ခေတ် ပေါ်(မော်ဒန်)ကဗျာဆုကို တစ်ဆုစီပေးရေးအတွက် ထွက်ပေါ်လာသောဂယက်တချို့ကလည်း အချင်းချင်း သွေးကွဲဖွယ်ရာများပါရှိခဲ့ကြသလို ဖျောင်းဖျနားချအမြင် မှန်ရစေဖွယ်ရာများလည်း ပါရှိကြသဖြင့် သံဝေဂရကြ စေရန် ဖော်ပြပေးလိုက်ပါသည်။

"ဟော့ကောင်တွေ အရည်မရ အဖတ်မရ၊ ငြင်းခုံ မနေကြနဲ့။ နေရာတကာမှာ အလှကိုယ်စီရှိကြတယ်။ မင်းတို့ပြောသလိုပဲ ဟိုမရောက်၊ ဒီမရောက်စကားတို စကားစတွေက မော်ဒန်မကျလို့ ရှုတ်ချချင်သလောက် ရှုတ်ချ။ ခေတ်ပေါ်(မော်ဒန်)ကဗျာအစစ်ကတော့ သူတို့စည်း၊ သူတို့စနစ်နဲ့ စာပေသစ်ကို ဖော်ထုတ်နေ ကြတာပဲကွ။ တို့ရှေ့က စာရေးဆရာကြီးတွေကလဲ ခေတ်စမ်းစာပေကို တီထွင်ခဲ့ကြတာပဲကွ။ အောင်မြင် ခဲ့ကြတာပဲ။ အခုခေတ်လူငယ်လူရွယ်တွေကလဲ ခေတ် ပေါ်(မော်ဒန်)ကဗျာတွေနဲ့ ခေတ်စမ်းစာပေသစ်ကို ထုဆစ်နေကြတာပဲကွ။ သူတို့ကို ကြိုဆိုလက်ခံကြရ မယ်။ ဝိုင်းဝန်းပံ့ပိုးကူညီကြရမယ်"

"ရှေးက စာရေးဆရာကြီးတွေက ခေတ်စမ်းစာပေ ကို တီထွင်ခဲ့ကြတာက အရိုးကို အရွက်မဖုံးဘူးဗျ။ မြန်မာစာ၊ မြန်မာကဗျာကို မြန်မာတွေနားလည်ကြ တယ်။ အခု ခေတ်ပေါ်(မော်ဒန်)ကဗျာတွေက မြန်မာ တွေနားမလည်ကြလို့ မြန်မာတွေရေးတာမဟုတ်ရဲ့လား၊ မြန်မာကဗျာမဟုတ်ဘဲ မှိုးထားတာလား၊ ဘာသာပြန် လားလို့ စဉ်းစားနေကြရတယ်။ ဆရာကြီးမြသန်းတင့် ဘာသာပြန်ထားတဲ့ **"စစ်နှင့်ငြိမ်းချမ်းရေး"**စာအုပ်ထဲမှာ ပါတဲ့ ကဗျာတွေတောင် မြန်မာတွေနားလည်လွယ်တဲ့ ဂန္ထဝင်ကဗျာတွေအဖြစ် ရေးသားခဲ့တာပါ။ အခု ခေတ် ပေါ်(မော်ဒန်)ကဗျာဆိုတာ သူတို့ရေးသားသူတွေပဲ နားလည်ကြတာ။ ဒီကြားထဲ နှိမ့်ချစော်ကားတဲ့စကားတွေ ပြောဆိုလာကြသလို ကျောင်းပညာရေးအထိတောင် ရည်မှန်းထားတယ်ဆိုတော့ အိမ်ဦးခန်းမှာမျက်နှာပန်း လှနေတဲ့ ဂန္ထဝင်ကဗျာကို ဆွဲချဖို့ကြံရွယ်နေကြရင်တော့ မြန်မာစာပေကို ဖျက်ဆီးတဲ့ရန်သူပဲ။ မြန်မာ့ယဉ်ကျေး မှု လှယဉ်ကျေးမယ်နဲ့ စကတ်ပေါင်ရင်းရောက်နေတဲ့ မော်ဒန်မိန်းကလေးကို ပြိုင်ဆိုင်စေပြီး တစ်ဆုတည်း ချီးမြှင့်ရင် သဘာဝကျပါ့မလား။ မတူမတန်ရာကို ယှဉ်ပြိုင်ခိုင်းနေတာလား" ဂယက်မျိုးစုံကိုဖော်ပြရလျှင် ကုန်နိုင်ဖွယ်မရှိ။

**"ရိုးရာကဗျာ"**၊ **"ဂန္ထဝင်ကဗျာ"** များသည် မြန်မာ စာပေသမိုင်းခေတ်ဦးကတည်းက အခိုင်အခံ့အတည် တကျရှိခဲ့သည်။ မြန်မာကဗျာသမိုင်းသည် မြန်မာ စာပေသမိုင်းဖြစ်သည်။ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် စသည့်ခေတ်အဆက်ဆက်မှ ယနေ့ထိ မြန်မာ့ရိုးရာဂန္ထဝင်ကဗျာများနှင့် မြန်မာ စာပေသည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည် နေနိုင်ခဲ့သည်။

မြန်မာဂန္ထဝင်ကဗျာတွင် ဖွဲ့နွဲ့စီကုံး၊ ထုံးနိသရည်း၊ နည်းအမျိုးအစားများစွာရှိသည်။ ကဗျာ၊ လင်္ကာ၊ သံပေါက်၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ တေးထပ်၊ ရတု၊ ရကန်၊ ကာချင်း၊ ဧချင်း၊ အဲချင်း၊ အိုင်ချင်း၊ တမ်းချင်း၊ တျာချင်း၊ ဒုံးချင်း၊ ပျို့၊ တောလား၊ မိုးဘွဲ့၊ တောဘွဲ့၊ ပန်းဘွဲ့၊ နန်းဘွဲ့၊ မောင်ဘွဲ့၊ မယ်ဘွဲ့၊ လူးတား၊ သံချို၊ ဘောလယ်၊ မော်ကွန်း၊ သံချပ်များကို ကဗျာရသ ကိုးပါး၊ အလင်္ကာများ၊ စာပေဂုဏ်ရည်များ၊ ကာရန်နှင့် အသံ ဟန်ချက်ညီပြီး နားဝင်ပီယံရှိမှုများနှင့် ထုံးမီစံမျှ ဂန္ထဝင်ပီသအောင် ရေးသားခဲ့ကြသည်။

မြန်မာကဗျာနည်းတူ ခေတ်ပေါ်ကဗျာအစစ်အမှန် (ပင်ကိုရေးများ)တွင်လည်း နည်းစနစ်များ၊ စံများ၊ အလင်္ကာများရှိကြပေလိမ့်မည်။ သို့သော် ထိုနည်းစနစ် များနှင့် စံများကို လူအများမသိထားနှင့် မြန်မာကဗျာ ရှင်ကြီးများပင် နားမလည်ကြ၊ မသိကြဟုဆိုလာကြသော အခါ ခေတ်ပေါ်(မော်ဒန်)ကဗျာရှင်များ မိမိကိုယ်ကို ပြန်လည်သုံးသပ်ကြရန်လိုအပ်လာသည်။ ထိုင်မသိမ်း နှင့် တောင်ရှည်ဝတ်ဆင်ခဲ့ကြသည့် ရှေးရိုးခေတ်မဟုတ် တော့သဖြင့် ရှေးရိုးလမ်းဟောင်းကို လမ်းသစ်ထွင်ကြ ရမည်မှာ တိုးတက်မှုကိုလိုလားသော လူသားတို့၏ ဓမ္မတာပင်ဖြစ်သည်။ ခေတ်မီတိုးတက်လိုသူများ၏ ပြင်းပြသောဆန္ဒကို မည်သူမျှတားဆီး၍မရ။ ပိတ်ပင် ၍မရ။ သို့သော် လမ်းသစ်ထွင်ကြရာတွင် လူအများ နားလည်ခံစားနိုင်အောင် ကြိုးစားကြစေချင်သည်။ အရိုးကိုအရွက်မဖုံးအောင် ဆောင်သင့်သည်များကို ဆောင်၍ ရှောင်သင့်သည်များရှောင်ကြစေချင်သည်။

ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင် ထိုမဏ္ဍိုင်သုံးရပ်မယိမ်းမယိုင်ဘဲ တည့်မတ်ခိုင်မြဲရေးအတွက် စတုတ္ထမဏ္ဍိုင်ဖြစ်သော စာပေလောကသားများက ကျားကန်ပေးနေရသည့် အချိန်တွင် ကျားကန်ထိန်းပေးနေသောစတုတ္ထမဏ္ဍိုင် ပြိုလဲသွားပါက ဒီမိုကရေစီ၏အနှစ်သာရ အဘယ်မှာ ရှိပါတော့မည်နည်း။

အမြော်အမြင်ရှိရှိ၊ စိတ်ရှည်သည်းခံမှုများဖြင့် စံချင်းမညီကြသော မြန်မာဂန္ထဝင်ကဗျာနှင့် ခေတ်ပေါ် (မော်ဒန်)ကဗျာကို သီးခြားစံများအရ တစ်ဆုချင်းစီ ချီးမြှင့်မှသာ သဘာဝကျပြီး သွေးစည်းညီညွတ်မှုကို ဖြစ်စေသည်။

မြန်မာဂန္ထဝင်ရော ခေတ်ပေါ်(မော်ဒန်)ပါ အလှ ကိုယ်စီရှိကြသဖြင့် ကိုယ့်အလှနှင့်ကိုယ် ပတ်ဝန်းကျင် ကို မထိခိုက်စေဘဲ အလှမာန်ဝင့်ခွင့်ရကြစေချင်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများတွင် ကဗျာများမှ ဆင်းသက်လာကြသော ရှေးဟောင်းမြန်မာဂန္ထဝင် သီချင်းကြီး၊ သီချင်းခံများကို

စာမျက် ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

# ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့မှ ရန်ကုန်မြို့သို့ ဇူလိုင်လအတွင်းက ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၂၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၂၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့မှ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်နိုင်နိုင်မော်က ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးရှိ ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ မအူပင်မြို့မှ ရန်ကုန်မြို့သို့ ဇွန်လက ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၁၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ဇူလိုင် ၃၁ ရက်ထိ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၂၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ရန်ကုန်ဆန်ဈေးကွက်ကို ပြီးခဲ့တဲ့လက ဆန်တွေတော်တော်လေး တင်ပို့ခဲ့ရတယ်။ ပြည်တွင်း ဆန်အဝယ်လိုက်နေလို့ ရန်ကုန်ဆန်ဈေးကွက်ကောင်းပြီး အဝယ်များတာဖြစ်ပါတယ်။ အခုဒေသထွက် စပါးအဟောင်းတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ကို တင်ပို့ရောင်းချနေတဲ့ ဆန်အမျိုးအစားတွေကတော့ အစုံဖြစ်ပါတယ်"ဟု ဒေါ်နိုင်နိုင်မော်က ပြောပြသည်။

မအူပင်မြို့မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနေသည့် ဆန်အမျိုးအစားများတွင် ပေါ်ဆန်းမွှေး၊ ဖျာပုံပေါ်ဆန်း၊ မနောသုခ၊ ထိုင်းဘောကျား၊ ရက် ၉၀၊ သီးထပ်ရင်၊ နှံကား၊ ရွှေသွယ်ရင်၊ ဧရာမင်း၊ ဆင်းသုခ စသည့်ဆန်အမျိုးအစားများကို အများဆုံးတင်ပို့ရောင်းချနေရကြောင်း သိရသည်။

အဆိုပါ ဆန်အမျိုးအစားများမှာ ဇူလိုင် ၁ ရက်မှ ယနေ့ထိ ပေါ်ဆန်းမွှေးတစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀၊ ထိုင်းဘောကျားတစ်အိတ်လျှင် ငွေကျပ် ၆၇၅၀၀၊ မနောသုခတစ်အိတ်လျှင် ငွေကျပ် ၆၃၀၀၀၊ သီးထပ်ရင်တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀၊ ရက် ၉၀ တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀၊ နှံကားတစ်အိတ်လျှင် ငွေကျပ် ၆၆၀၀၀၊ ရွှေသွယ်ရင်တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀၊ ဧရာမင်းတစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀၊ ဆင်းသုခတစ်အိတ်လျှင် ငွေကျပ် ၆၅၅၀၀ ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



➤ စာမျက်နှာ ၄ မှအဆက်

ဆုတစ်ဆု၊ ကာလပေါ်တေးသီချင်းများကို ဆုတစ်ဆု ချီးမြှင့်နေခဲ့သည်။ အမျိုးသားစာပေဆုများထဲမှာပင် ဘာသာပြန် စာပေဆုအတွက် သုတတစ်ဆု၊ ရသတစ်ဆုစီ ချီးမြှင့်နေခဲ့သလို သုတပဒေသာစာပေဆုအတွက် ဝိဇ္ဇာတစ်ဆု၊ သိပ္ပံတစ်ဆုနှင့် အသုံးချသိပ္ပံတစ်ဆုဟူ၍ ဆုသုံးမျိုးချီးမြှင့်နေခဲ့ပါသည်။

ယခုကဗျာဆုကျမှ မြန်မာဂန္ထဝင်နှင့် ခေတ်ပေါ်(မော်ဒန်)ကို လားရာမတူ၊ စံမတူမှန်း သိနေကြပါလျက်နှင့် တစ်ဆုတည်းပေးချင်နေခြင်းမှာ တရားရဲ့လား၊ မျှတရဲ့လား။ စာပေအရည်အသွေးကို မခွဲပြီးဆုံးဖြတ်၍ မရနိုင်ကြောင်းကို နှောင်းမှနောင်တရကြခြင်းများ၊ ယူကျုံးမရခံစားကြရခြင်းများ မဖြစ်စေချင်ပါ။ ယခုလက်ရှိ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီလက်ထက်ကျမှ မြန်မာဂန္ထဝင်ကဗျာရော ခေတ်ပေါ်(မော်ဒန်)ကဗျာကိုပါ ဆုတစ်ဆုစီကို သဘောထားကြီးသူများပီသစွာ ဆုချီးမြှင့်ပေးနေခြင်းဖြစ်သည်။

**"ပန်းလည်းလှစေ ပျားလည်းဝစေ"** နှစ်ဦးနှစ်ဝအကျိုးမျှကြပါစေဟု ဆန္ဒမွန်ပြုနေကြရသည်။ ထိုသို့သော ကဗျာဂယက်များထွက်ပေါ်လာသည်မှာ ရင်နင့်ဖွယ်ကောင်းလှသည်။ အထူးသဖြင့် မြန်မာ့ရိုးရာဂန္ထဝင်ကဗျာများ မှေးမှိန်ပျောက်ကွယ်သွားမည်ကို မြန်မာစာပေချစ်မြတ်နိုးသူတိုင်း အလွန်ပင်စိုးရိမ်ကြောင့်ကြနေကြရသည်။ ထို့ကြောင့် **"ကဗျာဆရာကို(တက္ကသိုလ်)"**ဦးဆောင်ပြီး ဂန္ထဝင်ကဗျာမြှင့်တင်ရေးဆွေးနွေးပွဲများကို မြဝတီစာပေတိုက်၏ ပံ့ပိုးကူညီမှုဖြင့် ကြိုးပမ်းခဲ့ပါသေးသည်။

**ထိုက်တန်သောဆု**

ဤသည်ကို **"စိမ်းလန်းရွှေပြည် စာပေဆုရွေးချယ်ရေးကော်မတီ"**က တစ်ထောင့်တစ်နေရာမှ ကျားကန်ပေးသည့်အနေဖြင့် ပါဝင်ကူညီပေးခဲ့ခြင်းဖြစ်သည်။ စိမ်းလန်းရွှေပြည်စာပေဆုချီးမြှင့်ရန်အတွက် ပြိုင်ပွဲဝင်စည်းကမ်းများသတ်မှတ်ကာ အကောင်းဆုံးစာအုပ်ဆုအတွက် ငွေကျပ် ၁၅ သိန်း၊ စာမူဆုများအတွက် ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုငွေကျပ် ခုနစ်သိန်း၊ တတိယဆု ငွေကျပ် ငါးသိန်း ထိုက်တန်စွာချီးမြှင့်မည်ဖြစ်ကြောင်း ကြေညာဖိတ်ခေါ်ခဲ့သည်။

ဆုများကို ထိုက်တန်စွာချီးမြှင့်ခဲ့သည့်အပြင် ဆုရရှိသောစာမူများကို စာအုပ်အဖြစ်ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဆုချီးမြှင့်ပွဲများတွင် ခင်းကျင်းပြသဖြန့်ဖြူးပေးခဲ့ရာ ဘာသာရပ်မျိုးစုံပြိုင်ပွဲဝင်စာအုပ်၊ စာမူများကိုလက်ခံရရှိခဲ့သည်။

စိမ်းလန်းရွှေပြည်စာပေဆုစိစစ်ရွေးချယ်ခဲ့ကြရာတွင် အလင်္ကာကျော်စွာဘွဲ့ရ စာပေပညာရှင်ကြီးသုံးဦးအပါအဝင် အမျိုးသားစာပေဆုထပ်ဆင့်ရ သမ္မာရင့်ဝါရင့်စာပေပညာရှင်ကြီးများကိုယ်တိုင် အလေးထားစိစစ်ရွေးချယ်ခဲ့ကြသောကြောင့် ဆုရကြသောစာအုပ်များနှင့် စာမူများ၏ အရည်အသွေးကလည်း မြင့်မားဝင့်ထည်နေကြသည်။

အချုပ်ဆိုရလျှင် **"စိမ်းလန်းရွှေပြည်စာပေဆု"**၏ ရည်ရွယ်ချက်နှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်မှုများကို သုံးသပ်ကြည့်ရှုမှုဖြင့် စာပေလောကအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေဖြင့် စာပေအခွင့်အလမ်းဖွင့်လှစ်ပေးနေသည်ဖြစ်ရာ **"စာပေ့ဂုဏ်ရည် စိမ်းလန်းရွှေပြည်"** ဟုသာ ဂုဏ်ပြုအမွှမ်းတင်လိုက်ရပါသည်။

# ရခဲတစ်ခါ အောင်မြင်ရာ

\- မျှော်လင့်ရာ ပန်းတိုင်အဖြစ်
အားမာန်သစ် ဝင့်ကာရည်၊
အရိုးကြေ အရည်ခန်း
လှမ်းစို့ မာန်ချီ၊
ထိပ်ဆုံးသို့ ရောက်ရမည်
ယုံကြည်ရာ သင့်စွမ်းအား၊
သတိပြုစရာ
သိမှုဖြာ ရင်ဝယ်ပိုက်ပါမှ
ထိုက်၏လူသား။

\- ဖြစ်နိုင်ခြေ မဆိုးရွားစေဖို့
စွန့်စားမှု ချင့်ချိန်ပါ၊
ကြံ့ကြံ့ခံ အကောင်းဆိုး
ကြောင်းကျိုးဖွေရှာ၊
လူ့ဘဝ အခိုက်အတန့်မှာ
ရည်မှန်းရာ မျှော်လင့်ချက်၊
ဖိတ်ဦးနော်
မိတ်သုံးဖော် ဝီရိယရယ်နှင့်
ဇွဲလုံ့လ ဆက်။

\- ဖြစ်ရပ်မှန် ပဥ္စလက်မို့
အလိုရမ္မက် ထိန်းပါလေ၊
လမ်းမှားကို အလွယ်လိုက်မည်က
နောင်တကြိုက်ပေ၊
စိတ်သတိ မြဲမြံစေ
ဖန်တီးနေ အခွင့်အရေး၊
ဩော် . . .
တစ်ခါတစ်ခေါက် ရောက်ခဲ့ပြန်ပေါ့
လျှောက်တဲ့ဟန် ကိုယ်စီအလှရယ်က
သွေဖည်ကြ ဂုမမြင်၍
သူတစ်သွင် သည်ထိပ်ဆုံးကိုဖြင့်
အရှုံးအောက် အရာမယွင်းလိုသမို့
ကိုးသလောက် ကြာအဆင်းပိုလို့
"လာခြင်း"ကို တန်ဖိုးအသိနှင့်
(ကွယ်တို့ရေ . . .)
ဉာဏ်ညှိလို့တွေး။ ။

**မင်းသူရိန်(သာကီနွယ်)**

## ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## ရုရှားသံတမန်များအပေါ် မိတ်ဆွေမဆန်သည့် နိုင်ငံစာရင်းတွင် နော်ဝေကို ထည့်သွင်း

**မော်စကို ဩဂုတ် ၃**

ရုရှားနိုင်ငံသည် နော်ဝေနိုင်ငံကို ရုရှားသံတမန်များအပေါ် မိတ်ဆွေမဆန်သည့် နိုင်ငံများစာရင်း၌ ထည့်သွင်းထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နော်ဝေနှင့် ရုရှားတို့အကြား သံတမန်များအပြန်အလှန်နှင်ထုတ်မှုဖြစ်ပွားခဲ့ပြီးနောက် ရုရှားနိုင်ငံက နော်ဝေနိုင်ငံကို ရုရှားသံတမန်များအတွက် မိတ်ဆွေမဆန်သည့်နိုင်ငံများစာရင်းတွင် ထည့်သွင်းခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဧပြီလအတွင်း နော်ဝေနိုင်ငံသည် ရုရှားသံတမန် ၁၅ ဦးကို သူလျှိုလုပ်မှုစွဲချက်ဖြင့် နှင်ထုတ်ခဲ့ရာ ရုရှားနိုင်ငံကလည်း နော်ဝေသံတမန် ၁၀ ဦးကို လက်တုံ့ပြန်နှင်ထုတ်ခဲ့သည်။

ရုရှား သံတမန်များအပေါ် မိတ်ဆွေမဆန်သည့် နိုင်ငံများစာရင်းတွင် ပါဝင်သောနိုင်ငံများအနေဖြင့် ရုရှား၌ခေါ်ယူနိုင်သည့် ပြည်တွင်းဝန်ထမ်းအရေအတွက် ကန့်သတ်ခံရမည်ဖြစ်သည်။

ရုရှားမီဒီယာများ၏အဆိုအရ ရုရှားသံတမန်များအပေါ် မိတ်ဆွေမဆန်သည့် နိုင်ငံများစာရင်းတွင် ပါဝင်ခဲ့ပြီးနောက် နော်ဝေနိုင်ငံအနေဖြင့် ပြည်တွင်းဝန်ထမ်း ၂၇ ဦးထိသာ ခေါ်ယူနိုင်မည်ဖြစ်သည်။

ရုရှား သံတမန်များအပေါ် မိတ်ဆွေမဆန်သည့်နိုင်ငံများစာရင်း၌ ထည့်သွင်းခံရမှုနှင့်ပတ်သက်၍ ရုရှားအစိုးရ၏ တရားဝင်အသိပေးချက်ရရှိခြင်းမရှိသည်ဟု နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။ KKO

## ကလေးများစမတ်ဖုန်းအသုံးပြုချိန်ကို နှစ်နာရီသာခွင့်ပြုရန် တရုတ်နိုင်ငံစီစဉ်

**ပေကျင်း ဩဂုတ် ၃**

အသက် ၁၈ နှစ်အောက်ကလေးများ၏ စမတ်ဖုန်းအသုံးပြုချိန်ကို အများဆုံး နှစ်နာရီထိသာပေးရန် တရုတ်အစိုးရဆိုက်ဘာဟင်လင်းပြင်စီမံအုပ်ချုပ်ရေးဌာန(စီအေစီ) က စီစဉ်နေကြောင်း ရိုက်တာသတင်းဌာနက ဩဂုတ် ၂ ရက်တွင် ဖော်ပြခဲ့သည်။

စီအေစီ၏ အစီအစဉ်အရ အသက် ၁၆ နှစ်နှင့် ၁၈ နှစ်ကြား ကလေးများ၏ တစ်ရက်သာစမတ်ဖုန်းကြည့်ချိန်ကို အများဆုံး နှစ်နာရီထိသာခွင့်ပြုမည်ဖြစ်ပြီး အသက်ရှစ်နှစ်နှင့် ၁၆ နှစ်ကြား ကလေးများကို တစ်နာရီသာကြည့်ခွင့်ပေးမည်ဖြစ်သည်။

ထို့ပြင် အသက် ရှစ်နှစ်အောက်ကလေးများကို တစ်ရက်လျှင် စမတ်ဖုန်းကြည့်ချိန် ရှစ်မိနစ်မျှသာပေးမည်ဖြစ်ကြောင်း စီအေစီ၏ ကြေညာချက်၌ ဖော်ပြထားသည်။

ထို့ပြင် အသက် ၁၈ နှစ်အောက်ကလေးများ ည ၁၀ နာရီနှင့် နံနက် ၆ နာရီကြား အင်တာနက်ရယူသုံးစွဲမှုကို ပိတ်ပင်ထားနိုင်သည့် စနစ်များအသုံးပြုရန် စမတ်ဖုန်းကုမ္ပဏီများနှင့်နည်းပညာကုမ္ပဏီများကို စီအေစီကတိုက်တွန်းထားသည်။

သို့သော် အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ကလေးများအတွက် အင်တာနက်သုံးစွဲချိန်အကန့်အသတ်အား ကလေး၏မိဘများကိုယ်တိုင် ရွေးချယ်မှုကိုလည်း လက်ခံခွင့်ပြုသင့်ကြောင်း စီအေစီကြေညာချက်၌ ဖော်ပြထားသည်။

စီအေစီ၏ အဆိုပါကြေညာချက်ပေါ်ထွက်လာပြီးနောက် တရုတ်စမတ်ဖုန်းကုမ္ပဏီများနှင့်နည်းပညာဝန်ဆောင်မှုကုမ္ပဏီများ၏ အစုရှယ်ယာဈေးများ ဩဂုတ် ၂ ရက်နေ့လယ်ပိုင်းတွင် မငြိမ်မသက်ဖြစ်ခဲ့ကြောင်း သိရသည်။

KKO



## တရုတ်နိုင်ငံမြောက်ပိုင်း၌ မိုးသည်းထန်မှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားနေစဉ် အဝေးပြေးလမ်းတံတားတစ်စင်း ပြိုကျမှုဖြစ်ပွား



**ပေကျင်း ဩဂုတ် ၃**

တရုတ်နိုင်ငံ မြောက်ပိုင်း၌ မိုးသည်းထန်မှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားနေစဉ် အဝေးပြေးလမ်းတံတားတစ်စင်း ယနေ့တွင် ပြိုကျခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဝေးပြေးလမ်း မြစ်ကူးတံတားပြိုကျမှုကြောင့် မော်တော်ယာဉ်နှစ်စီးမြစ်ထဲထိုးကျခဲ့ကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အဝေးပြေးလမ်းတံတားပြိုကျမှုသည် ဟေလုံကျန်းပြည်နယ် ဟာပင်း-မူတန်ဂျင်း အဝေးပြေးလမ်းပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တံတားပြိုကျပြီးနောက်အဆိုပါ အဝေးပြေးလမ်းကို ယာဉ်သွားယာဉ်လာပိတ်ထားပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း ဟေလုံကျန်းပြည်နယ် တာဝန်ရှိသူများက ပြောကြားထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် တရုတ်နိုင်ငံအချို့ဒေသများ၌ ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိသည်။

ပြီးခဲ့သည့် ရက်အနည်းငယ်အတွင်း တရုတ်နိုင်ငံ ပေကျင်းမြို့ ရရှိခဲ့သောမိုးရေချိန်မှာ အနည်းဆုံး နှစ်ပေါင်း ၁၄၀ အတွင်း အမြင့်ဆုံးမိုးရေချိန် ဖြစ်ခဲ့ရကြောင်း သိရသည်။ KKO

## တောင်ကိုရီးယား၌ကျင်းပသည့် ကမ္ဘာ့ကင်းထောက်လူငယ်ပွဲတော်တွင် အနည်းဆုံးလူငယ် ၁၀၈ ဦး အပူဒဏ်နှင့်ဆက်စပ်သည့်ဝေဒနာ ခံစားခဲ့ရ

**ဆိုးလ် ဩဂုတ် ၃**




တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပသည့် ကမ္ဘာ့ကင်းထောက်လူငယ်များစုဝေးပွဲတော်တွင် ကင်းထောက်လူငယ် အနည်းဆုံး ၁၀၈ ဦး အပူဒဏ်နှင့်ဆက်စပ်နေသည့် ဝေဒနာများခံစားခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ကင်းထောက်လူငယ်များစုဝေးပွဲတော်ကို တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်း ဘူအန်မြို့ရှိ သဲဖို့ကွင်းပြင်တစ်ခု၌ ဩဂုတ် ၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

သို့သော် အဆိုပါပွဲတော်ကို တောင်ကိုရီးယား၏ အပူဆုံးနွေလတွင် ကျင်းပခဲ့ခြင်းဖြစ်ရာ ကင်းထောက်လူငယ် အနည်းဆုံး ၁၀၈ ဦး အပူဒဏ်နှင့်ဆက်စပ်နေသည့်ဝေဒနာများ ခံစားခဲ့ရကြောင်း သိရသည်။

ဩဂုတ် ၂ရက်တွင် ဘူအန်မြို့ တည်ရှိရာနေရာ၏ အပူချိန်မှာ ၃၅ ဒီဂရီဆဲလ်စီးယပ်စ် (၉၅ ဒီဂရီဖာရင်ဟိုက်)ထိ ရှိခဲ့ကြောင်း သိရသည်။

အပူဒဏ်နှင့်ဆက်စပ်နေသော ဝေဒနာများ ခံစားခဲ့ရသည့် ကင်းထောက်လူငယ် အများစုမှာ ပြန်လည်သက်သာလာပြီဖြစ်ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဘူအန် ကမ္ဘာ့ကင်းထောက်လူငယ်များစုဝေးပွဲ၌ ကမ္ဘာတစ်ဝန်းမှ ကင်းထောက်လူငယ် ၄၀၀၀၀ ကျော် ပါဝင်တက်ရောက်နေကြောင်း သိရသည်။ KKO

## ဖရီမင်တယ်လ်ဟိုက်ဝေးကားတင်သင်္ဘောကို နယ်သာလန်ဆိပ်ကမ်းတစ်ခုသို့ ဆွဲယူနေဟုဆို

**အမ်စတာဒမ် ဩဂုတ် ၃**

နယ်သာလန်နိုင်ငံ ကမ်းရိုးတန်းကမ်းလွန်၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည့် ဖရီမင်တယ်လ်ဟိုက်ဝေးအမည်ရှိ ကားတင်သင်္ဘောကို သင်္ဘောဆယ်ယူရေးကျွမ်းကျင်သူများက နယ်သာလန်ဆိပ်ကမ်းတစ်ခုဆီသို့ ဆွဲသင်္ဘောများဖြင့် ဆွဲယူနေကြပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပနားမားနိုင်ငံမှတ်ပုံတင် ဖရီမင်တယ်လ်ဟိုက်ဝေး ကားတင်သင်္ဘောသည် ဂျာမနီမှအီဂျစ်နိုင်ငံသို့ ခုတ်မောင်းနေစဉ် ဇူလိုင် ၂၆ ရက်တွင် မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ကျွမ်းကျင်သူများက သင်္ဘောတစ်စီးလုံးနီးပါးကို စစ်ဆေးနိုင်ခဲ့ပြီး သင်္ဘောပေါ်၌ မီးလောင်ကျွမ်းမှုများ ဆက်ရှိနေသည့်လက္ခဏာမျိုးမတွေ့ရကြောင်း နယ်သာလန် တာဝန်ရှိသူများက ပြောကြားခဲ့သည်။


သင်္ဘောဆယ်ယူရေး လုပ်ငန်းကျွမ်းကျင်သူများသည် လက်ရှိအချိန်တွင် ဖရီမင်တယ်လ်ဟိုက်ဝေးကားတင်သင်္ဘောကို ဟိုင်ရှာဗင်အမည်ရှိ နယ်သာလန်ဆိပ်ကမ်းတစ်ခုသို့ ဆွဲယူနေကြဆဲဖြစ်သည်။

ဟိုင်ရှာဗင်ဆိပ်ကမ်းအရောက် မိုင် ၄၀ ခရီးစဉ်အတွင်း သင်္ဘောဆယ်ယူရေး ကျွမ်းကျင်သူများအနေဖြင့် ဖရီမင်တယ်လ်ဟိုက်ဝေးကားတင် သင်္ဘောပေါ်တွင်သာ ဆက်လက်ရှိနေမည် ဖြစ်ကြောင်း နယ်သာလန် တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ဖရီမင်တယ်လ်ဟိုက်ဝေးကားတင်သင်္ဘော မီးလောင်မှုကြောင့် အိန္ဒိယသင်္ဘောသားတစ်ဦးသေဆုံး၍ အခြားသင်္ဘောသား ခုနစ်ဦးထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## ဥရောပအာကာသအေဂျင်စီက ပလေတို (PLATO) အမည်ရှိ မျိုးဆက်သစ် ဂြိုဟ်သစ်ရှာဖွေရေးအာကာသယာဉ်ကို ၂၀၂၆ ခုနှစ်တွင် လွှတ်တင်မည်



**ဘာလင် ဩဂုတ် ၃**

ဥရောပအာကာသအေဂျင်စီသည် ပလေတို (PLATO) အမည်ရှိ မျိုးဆက်သစ်ဂြိုဟ်သစ်ရှာဖွေရေးအာကာသယာဉ်ကို ၂၀၂၆ ခုနှစ်တွင် လွှတ်တင်မည်ဖြစ်ကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

ပလေတိုအာကာသယာဉ်သည် လွှတ်တင်ပြီးပါက ကြယ်အစင်းပေါင်း ၂၅၄၀၀၀ တို့ကို စူးစမ်းလေ့လာ၍ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်များကို ရှာဖွေပေးမည်ဖြစ်ကြောင်း သိရသည်။

ပလေတိုမစ်ရှင်အနေဖြင့် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်ရာပေါင်းများစွာကို ရှာဖွေပေးနိုင်လိမ့်မည်ဟု ဥရောပအာကာသအေဂျင်စီ သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် ပလေတိုအာကာသယာဉ်က ရှာဖွေပေးမည့် ဂြိုဟ်သစ်များထဲတွင် နေနှင့်အလားတူကြယ်များကို ဝဟိုပြုလှည့်ပတ်နေသည့် ကမ္ဘာဂြိုဟ်အရွယ်အစားရှိ ဂြိုဟ်အစင်းပေါင်း ၅၀၀ ထိ ပါဝင်နိုင်သည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၂ နှစ်တာကာလအတွင်း နိုင်ငံတကာသိပ္ပံပညာရှင်များသည် ကြယ်စနစ်ပေါင်း ၄၀၈၇ ခုတို့၌ တည်ရှိနေသည့် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်အစင်းပေါင်း ၅၄၈၃ စင်းထိ ရှာဖွေအတည်ပြုနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၃ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်များအဖြစ် ယူဆရသည့် အာကာသဒြပ်ထည်ပေါင်း ၉၇၇၀ တို့ကိုလည်း ရှာဖွေတွေ့ရှိထားပြီးဖြစ်ကြောင်း သိရသည်။

KKO

## ကမ္ဘာ့ရှေးအကျဆုံးရေခူငါးတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ကနေဒါရော့ကီးတောင်တန်းဒေသ၌ တူးဖော်တွေ့ရှိထား

**အော့တာဝါ ဩဂုတ် ၃**

ကမ္ဘာ့ရှေးအကျဆုံး ရေခူငါးတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ကနေဒါသိပ္ပံပညာရှင်များက ကနေဒါရော့ကီးတောင်တန်းဒေသ၌ တူးဖော်တွေ့ရှိထားကြောင်း CNN သတင်းဌာနက ဩဂုတ် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

Burgessomeduso Phasmiformis ဟူ၍ အမည်ပေးထားသော အဆိုပါရေခူသည် ကမ္ဘာ့သမုဒ္ဒရာရေပြင်များ၌ လွန်ခဲ့သောနှစ်ပေါင်း ၅၀၅ သန်းခန့်ကရှင်သန်ကျက်စားခဲ့သည့် သက်ရှိဖြစ်ကြောင်း ကနေဒါသိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာဦးရေခူများကို ရေဓာတ် ၉၅ ရာခိုင်နှုန်းဖြင့် ဖွဲ့စည်းထားသော်လည်း Burgessomeduso Phasmiformis ရေခူကျောက်ဖြစ်ရုပ်ကြွင်းကို အပြည့်အစုံနီးပါး လေ့လာခွင့်ရထားကြောင်း ကနေဒါသိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။



ကမ္ဘာဦး ရေခူမျိုးစိတ်သစ်ဖြစ်သည့် Burgessomeduso Phasmiformis ရေခူသည် ကိုယ်ခန္ဓာအလျား ရှစ်လက်မခန့် (စင်တီမီတာ ၂၀ ခန့်)ရှိသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အဆိုပါ ရေခူကျောက်ဖြစ်ရုပ်ကြွင်းကို ရော့ကီးတောင်တန်းဒေသ၏ ဘားဂတ်စ်ရှေလကျောက်ဖြစ်ရုပ်ကြွင်းနယ်မြေ၌ တူးဖော်တွေ့ရှိခဲ့ရသည်။

ကနေဒါ သိပ္ပံပညာရှင်များသည် အဆိုပါကျောက်လွှာနယ်မြေ၌ Burgessomeduso Phasmiformis ရေခူကျောက်ဖြစ်ရုပ်ကြွင်းအပြင် အခြားသက်ရှိများ၏ ကျောက်ဖြစ်ရုပ်ကြွင်း ၁၈၂ မျိုးကိုပါ တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။

KKO

## နာဆာက ဆိုက်ခ်ီအာကာသယာဉ်တပ်ဆင်ရေးလုပ်ငန်းနှင့် စမ်းသပ်မှုလုပ်ငန်းများကို မကြာမီအဆုံးသတ်နိုင်မည်

**ဝါရှင်တန် ဩဂုတ် ၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် ဆိုက်ခ်ီအာကာသယာဉ် တပ်ဆင်ရေးလုပ်ငန်းနှင့် စမ်းသပ်မှုလုပ်ငန်းများကို မကြာမီအဆုံးသတ်နိုင်မည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိအချိန်တွင် နာဆာကျွမ်းကျင်သူများသည် ဆိုက်ခ်ီအာကာသယာဉ်ကို မလွှတ်တင်မီ အရေးကြီးသည့်စမ်းသပ်မှုများ လုပ်ဆောင်နေကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

နာဆာအဖွဲ့သည် ဆိုက်ခ်ီအာကာသယာဉ်ကို ယခုနှစ် အောက်တိုဘာလတွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

မူလက နာဆာအဖွဲ့သည် ဆိုက်ခ်ီအာကာသယာဉ်ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် လွှတ်တင်ရန်စီစဉ်ထားသော်လည်း အာကာသယာဉ် ဆော့ဖ်ဝဲလ်ပြဿနာတစ်ရပ်ကြောင့် ဆိုင်းငံ့ထားခဲ့ရကြောင်း သိရသည်။

နာဆာအဖွဲ့သည် သတ္တုများဖြင့်ဖွဲ့စည်းထားကြောင်း ယူဆရသည့် ဆိုက်ခ်ီအမည်ရှိဂြိုဟ်သိမ်ကို လေ့လာရေးအတွက် ဆိုက်ခ်ီအာကာသယာဉ်ကို လွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဆိုက်ခ်ီဂြိုဟ်သိမ်သည် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြား ဂြိုဟ်သိမ် ခါးပတ်ကွင်းအတွင်း တည်ရှိသည့် ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ကင်ဆာဆဲလ်မှန်သမျှကို ရွေးထုတ်ရှင်းလင်းပေးနိုင်မည့် ကင်ဆာဆေးတစ်မျိုး သုတေသနပညာရှင်များဖန်တီးထား

**နယူးယောက် ဩဂုတ် ၃**

အခြားဆဲလ်များကို မထိခိုက်စေဘဲ ကင်ဆာဆဲလ်မှန်သမျှကို ရွေးထုတ်ရှင်းလင်းပေးနိုင်မည့် ကင်ဆာဆေးတစ်မျိုးကို သုတေသနပညာရှင်များက ဖန်တီးထားကြောင်း The Daily Mail သတင်းစာက ဩဂုတ် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

AOH 1996 ဟူ၍ အမည်ပေးထားသည့် အဆိုပါကင်ဆာဆေးသည် ကင်ဆာဆဲလ်များကြီးထွားမှု၊ ပုံတူဆပွားနိုင်မှုတို့ကို အားပေးလှုံ့ဆော်တတ်သော ပရိုတင်းတစ်မျိုးကို ထိန်းချုပ်ထားနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Protiferating Cell Nuclear Antigen (PCNA) ခေါ် အဆိုပါ ပရိုတင်းကို ကင်ဆာရောဂါအများစုတွင် တွေ့ရတတ်သည်။

ဓာတ်ခွဲခန်းစမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ AOH 1996 ဆေးသည် ရင်သားကင်ဆာ၊ သုက်ရည်ဂလင်းအိတ်ကင်ဆာ၊ အရေပြားကင်ဆာနှင့် အဆုတ်ကင်ဆာအပါအဝင် ကင်ဆာဆဲလ် အမျိုးအစား ၇၀ တို့ကို ထိရောက်စွာ ရှင်းလင်းပေးနိုင်ကြောင်း သိရသည်။

AOH 1996 ဆေးကို သုတေသနပြုဖန်တီးရန် အမေရိကန်သုတေသနပညာရှင်များအနေဖြင့် နှစ်ပေါင်း ၂၀ အချိန်ယူခဲ့ရသည်။

အဆိုပါဆေးသစ်၏ လုပ်ငန်းလည်ပတ်ပုံကို နားလည်ပြီးချိန်တွင် ကင်ဆာလူနာများဖြင့် စမ်းသပ်နိုင်ရန် သုတေသန ပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။

KKO

## စတော်ဘယ်ရီသီးနေ့စဉ်စားပါက သက်ကြီးပိုင်းများ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ပိုမိုကောင်းမွန်လာနိုင်

**နယူးယောက် ဩဂုတ် ၃**

စတော်ဘယ်ရီသီးကို နေ့စဉ်စားသုံးပါက သက်ကြီးပိုင်းများ၏ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ပိုမိုကောင်းမွန်လာနိုင်ပြီး သွေးဖိအားလည်း ကျဆင်းလာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ယူပီအိုင်သတင်းဌာနက ဩဂုတ် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

ထို့ပြင် စတော်ဘယ်ရီသီးနေ့စဉ်စားသုံးခြင်းဖြင့် သက်ကြီးပိုင်းများတွင် အောက်ဆီဂျင်ဓာတ်ဖျက်စွမ်းဆောင်ရည် ပို၍မြင့်မားလာနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် ကျန်းမာရေးကောင်းမွန်သော အသက် ၆၆ နှစ်နှင့် ၇၈ နှစ်ကြား အမျိုးသား၊ အမျိုးသမီး ၃၅ ဦးကို နေ့စဉ်စတော်ဘယ်ရီ ၂၆ ဂရမ်ကျွေး၍ လေ့လာစောင့်ကြည့်ခဲ့ကြသည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသောရလဒ်များအရ စတော်ဘယ်ရီစားသုံးပြီးနောက် စမ်းသပ်မှုတွင် ပါဝင်သူများ၏ တွေးတောဆင်ခြင်နိုင်စွမ်းမှာ ၅ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာပြီး နှလုံးခုန်ချိန် သွေးဖိအားမှာ ၃ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသွားသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် စမ်းသပ်မှုတွင်ပါဝင်သူများ၏ အောက်ဆီဂျင်ဓာတ်ဖျက်စွမ်းဆောင်ရည်မှာလည်း ၁၀ ဒသမ ၂ ရာခိုင်နှုန်းထိ မြင့်တက်လာကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

စတော်ဘယ်ရီသီးတွင် ဗီတာမင်-စီ၊ ပိုတက်စီယမ်နှင့်အမျှင်ဓာတ် အပါအဝင် ဇီဝအကျိုးပြု ဓာတုဒြပ်ပေါင်းအများအပြားရှိနေကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

KKO



# နိုင်ငံတကာ အားကစားသတင်းများ

## လိုက်ပ်ဇစ်တိုက်စစ်မှူး အန်ဒရီဆေးဗား ဆိုစီဒက်အသင်းသို့ အငှားစာချုပ်ဖြင့်ပြောင်းရွှေ့

မက်ဒရစ် ဩဂုတ် ၃

ဆိုစီဒက်အသင်းသည် လိုက်ပ်ဇစ်အသင်း တိုက်စစ်မှူး အန်ဒရီဆေးဗားကို အပြီးသတ်ဝယ်ယူခွင့်ပါရှိသည့် တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း အေပီသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆိုစီဒက်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အမှတ်ပေးဇယား အဆင့်(၄)နေရာတွင် ရပ်တည်နိုင်ခဲ့သဖြင့် ဆယ်စုနှစ်တစ်ခုကျော်ကြာ ဝေးကွာနေသည့် ချန်ပီယံလိဂ်ပြိုင်ပွဲကို ပြန်လည်ကစားခွင့် ရရှိခဲ့သောကြောင့် ဥရောပပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက် လိုက်ပ်ဇစ်အသင်းမှ တိုက်စစ်မှူး အန်ဒရီဆေးဗားကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက အသင်းမှ ဝါရင့်ကွင်းလယ်ကစားသမား ဒေးဗစ်ဆေးဗားသည် ဒူးဒဏ်ရာပြဿနာကြောင့် ဘောလုံးကစားရန် မဖြစ်နိုင်တော့သောကြောင့် ကစားသမားဘဝမှအနားယူရန်ဆုံးဖြတ်ခဲ့သဖြင့် အသင်းအနေဖြင့် ကွင်းလယ်တိုက်စစ်ပိုင်းတွင် ကစားသမား လိုအပ်ချက်ရှိလာပြီး လိုက်ပ်ဇစ်အသင်းတွင် ပုံမှန်ပွဲကစားခွင့်ရရှိရန် ရှုန်းကန်နေရသည့် တိုက်စစ်မှူး အန်ဒရီဆေးဗားကို ခေါ်ယူရန်ဆွေးနွေးခဲ့ရာ အပြီးသတ်ဝယ်ယူခွင့်ပါသည့် တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူနိုင်ခဲ့သည်။

တိုက်စစ်မှူး အန်ဒရီဆေးဗားသည် ၂၀၁၂ ခုနှစ်က ပေါ်တိုအသင်းနှင့် ကစားသမားဘဝစတင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် အေစီမီလန်အသင်း၊ ၂၀၁၉ ခုနှစ်တွင် ဖရန့်ဖတ်အသင်းတို့တွင် ကစားခဲ့ရာ ဖရန့်ဖတ်အသင်းတွင် ၂၀၂၀-၂၀၂၁ ဘောလုံးရာသီ၌ အကောင်းဆုံးခြေစွမ်းပြသ၍ အမှတ်ပေးပွဲ ၃၄ ပွဲတွင် သွင်းဂိုး ၂၈ ဂိုးထိသွင်းယူနိုင်ခဲ့သောကြောင့် ၂၀၁၉ ခုနှစ်တွင် လိုက်ပ်ဇစ်အသင်းက ခေါ်ယူခဲ့ပြီး အသင်းတွင် ဘောလုံးရာသီနှစ်ရာသီကစားခဲ့ရာ ပြိုင်ပွဲစုံ ၉၅ ပွဲတွင် သွင်းဂိုး ၂၆ ဂိုးထိသွင်းယူခဲ့သော်လည်း အသင်းအနေဖြင့် တိုက်စစ်ပိုင်းတွင် တီမိုဝါနာနှင့် လူငယ်ကစားသမား ဆက်ကိုတို့ကိုသာအသုံးပြုရန် စီစဉ်ခဲ့သဖြင့် အန်ဒရီဆေးဗားသည် ဆိုစီဒက်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ML



## အားကစားသတင်း အတိုအထွာများ

- ပီအက်စ်ဂျီအသင်းက ဘင်ဖီကာအသင်းမှ တိုက်စစ်မှူး ဌွန်ကာလိုရာမိုစ်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၈၀ ဖြင့် ခေါ်ယူနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။
- ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (H) ပွဲစဉ်အပြီးတွင် ကိုလံဘီယာအသင်းနှင့် မော်ရိုကိုအသင်းတို့အုပ်စုအဆင့်မှကျော်ဖြတ်နိုင်ခဲ့ပြီး ရှုံးထွက်အဆင့်တွင် ကိုလံဘီယာက ဂျမေကာနှင့်လည်းကောင်း၊ မော်ရိုကိုအသင်းက ပြင်သစ်အသင်းနှင့်လည်းကောင်း ထိပ်တိုက်တွေ့ဆုံနေကြောင်း သိရသည်။
- နယူးကာဆယ်အသင်းက ဆောက်သမ်တန်ကစားသမား လီဗရာမန့်တိုကို ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၄၀ ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

ML

## အမ်းမရိတ်ဖလားပြိုင်ပွဲတွင် အာဆင်နယ်အသင်းက မိုနာကိုအသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရရှိ




လန်ဒန် ဩဂုတ် ၃

ရာသီကြို ခြေစမ်းပွဲစဉ်အဖြစ် အာဆင်နယ်အသင်းက ဖိတ်ခေါ်ယှဉ်ပြိုင်သည့် အမ်းမရိတ်ဖလားပြိုင်ပွဲတွင် အာဆင်နယ်အသင်းနှင့် မိုနာကိုအသင်းတို့ ကစားခဲ့ရာ ပင်နယ်တီအဆုံးအဖြတ်တွင် အာဆင်နယ်အသင်းက ငါးဂိုးလေးဂိုးဖြင့် အနိုင်ယူ၍ ဆုဖလားဆွတ်ခူးနိုင်ခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်းသည် နွေရာသီအပြောင်းအရွှေ့က ခေါ်ယူခဲ့သည့် ခံစစ်ကစားသမား တင်ဘာနှင့်ကွင်းလယ်ကစားသမားဒီကလန်ရိုက်တို့ကို ပွဲထွက်ကစားသမားအဖြစ် အသုံးပြုခဲ့ပြီး ပွဲစကတည်းက ဖိအားပေးမှုများပြုလုပ်နိုင်ခဲ့သော်လည်း ပွဲချိန် ၃၁ မိနစ်တွင် မိုနာကိုအသင်းက ကာမာရာ၏ဖန်တီးပေးမှုမှ တောင်ပံကစားသမား ဗိုဖန်နာကခေါင်းတိုက်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သဖြင့် အာဆင်နယ်အသင်းအနေဖြင့် ချေပဂိုးရရှိရန် တိုက်စစ်မြှင့်တင်ခဲ့ရကာ ပွဲကစားချိန် ၄၃ မိနစ်တွင် မာတင်နယ်လီ၏ပေးပို့မှုမှ အန်ကေးတီယားက ချေပဂိုးသွင်းယူခဲ့သောကြောင့် တစ်ဖက်တစ်ဂိုးစီဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် အာဆင်နယ်အသင်းက လူစားလဲမှုများပြုလုပ်ကာ ဦးဆောင်ဂိုးရရှိရန်ကြိုးပမ်းခဲ့သော်လည်း မိုနာကိုအသင်း၏ တိုက်စစ်ဆင်မှုများကိုသာ ခံနေခဲ့ရသဖြင့် ဂိုးမပေးရရေးသာ အာရုံစိုက်ကစားခဲ့သောကြောင့် ပွဲပြီးဆုံးချိန်ထိ တစ်ဖက်နှင့်တစ်ဖက်ဂိုးသွင်းယူနိုင်ခြင်းမရှိ၍ ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာတွင် အာဆင်နယ်အသင်းက ငါးကြိမ်စလုံး ဂိုးရရှိခဲ့ပြီး မိုနာကိုအသင်းမှ တိုက်စစ်မှူး မီနာမီနိုက ပင်နယ်တီလွဲချော်ခဲ့သဖြင့် ငါးဂိုး လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ် အသင်းသည် ရာသီကြိုခြေစမ်းပွဲကာလတွင် ကစားသမားသစ်များကို အသုံးပြုခဲ့သော်လည်း မေဂျာလိဂ်အောစတားအသင်းကို ငါးဂိုးဂိုးမရှိ၊ ဘာစီလိုနာအသင်းကို ငါးဂိုးသုံးဂိုးဖြင့်အနိုင်ရခဲ့သော်လည်း နူရင်ဘတ်အသင်းကို တစ်ဂိုးစီသရေရလဒ် မိုနာကိုအသင်းကို တစ်ဂိုးစီသရေရလဒ်တို့သာကစားနိုင်ခဲ့ပြီး မန်ယူအသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

ML

## ဘရိုက်တန်ဂိုးသမား ဆန်းချက်ဇ်ကို စတာလင်ပေါင် ၂၅ သန်းဖြင့် ခေါ်ယူရန် ချဲလ်ဆီးအသင်းသဘောတူညီမှုရရှိ

လန်ဒန် ဩဂုတ် ၃

ချဲလ်ဆီးအသင်းသည် အသင်းမှ ဦးစားပေးဂိုးသမား ကီပါနှင့် ပွဲထွက်ခွင့် ယှဉ်ပြိုင်နိုင်ရန်အတွက် ဘရိုက်တန်အသင်းတွင် လက်စွမ်းပြသနေသည့် ဂိုးသမားဆန်းချက်ဇ်ကို ကနဦးပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅ သန်းဖြင့်ခေါ်ယူရန် ကမ်းလှမ်းခဲ့ရာ သဘောတူညီမှုရရှိခဲ့ကြောင်း BBC Sport.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းသည် အသင်းမှ ဒုတိယဦးစားပေးဂိုးသမား မန်ဒီကို ဆော်ဒီကလပ် အယ်အာလီအသင်းသို့ ရောင်းချခဲ့သောကြောင့် ဂိုးသမားလိုအပ်ချက်အတွက် ပရီးမီးယားလိဂ်တွင် အတွေ့အကြုံ ကောင်းများရှိသည့် ဂိုးသမားဆန်းချက်ဇ်ကိုသာ ခေါ်ယူရန်ကြိုးပမ်းခဲ့ပြီး လက်ရှိတွင် ကစားသမားအတွက် အပိုဆုကြေးငွေအပြင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅ သန်းပေးချေရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၂၅ နှစ်ရှိ ဂိုးသမားဆန်းချက်ဇ်သည် ၂၀၁၃ ခုနှစ်က လီဗန်တေးအသင်းမှ ဘရိုက်တန်အသင်းသို့ ပြောင်းရွှေ့ခဲ့ရာတွင် အသက် ၁၅ နှစ်အရွယ်သာရှိသေးသဖြင့် လူငယ်အကယ်ဒမီတွင် ပါဝင်ကစားခဲ့ပြီးနောက် ဖော်ရက်ဂရင်း၊ ရော့ဒေးလ်အသင်းတို့သို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရကာ ၂၀၂၀ ပြည့်နှစ်တွင် ဘရိုက်တန်အသင်းကြီးတွင် စတင်ပွဲထွက်ခွင့်ရရှိခဲ့ပြီး လက်စွမ်းပြသနိုင်ခဲ့သောကြောင့် ၂၀၂၀ ယူရိုပြိုင်ပွဲနှင့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် စပိန်အသင်းလက်ရွေးစင်အသင်း၌ ပါဝင်ကစားခွင့်ရရှိခဲ့သည်။

ဆန်းချက်ဇ်သည် ဘရိုက်တန်အသင်းတွင် ပြိုင်ပွဲစုံ ပွဲပေါင်း ၉၀ ပါဝင်ကစားထားခဲ့ပြီး အသင်းနှင့် လာမည့် ၂၀၂၅ ခုနှစ်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက ဒုတိယရာသီဝက် ကာလတွင် နည်းပြဒီဇာဘီအနေဖြင့် ဒုတိယဦးစားပေးဂိုးသမား စတီးလ်ကိုသာ ပွဲထွက်ခွင့်ပေးခဲ့သောကြောင့် ၎င်းအနေဖြင့် ပွဲကစားခွင့်ပျောက်ဆုံးခဲ့ပြီး ယခုအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ML

## ဘာစီလိုနာအသင်းမှ ထွက်ခွာရန်အစီအစဉ်မရှိဟု ကွင်းလယ်ကစားသမား ပက်ဒရီ ပြောကြား

မက်ဒရစ် ဩဂုတ် ၃

ဘာစီလိုနာအသင်း လူငယ်ကွင်းလယ်ကစားသမား ပက်ဒရီက လက်ရှိအပြောင်းအရွှေ့ကာလတွင် ပီအက်စ်ဂျီအသင်းနှင့် အပြောင်းအရွှေ့သတင်းများ ထွက်ပေါ်နေမှုကိုငြင်းပယ်ခဲ့ပြီး ဘာစီလိုနာအသင်းမှထွက်ခွာရန် အစီအစဉ်မရှိဘဲ ကစားသမားဘဝကုန်ဆုံးချိန်ထိ အသင်းတွင်သာဆက်လက်ကစားလိုသည်ဟု ပြောကြားခဲ့ကြောင်း မာကာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ သာရှိသေးသည့် ပက်ဒရီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က စပိန်ကလပ် လက်စ်ပါးမက်အသင်းနှင့်စတင်ခဲ့သူဖြစ်ပြီး လက်စ်ပါးမက်အသင်းတွင် တစ်ရာသီကစားခဲ့ရာ၌ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် ဘာစီလိုနာအသင်းက ၂၀၂၀ ပြည့်နှစ်တွင် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ပက်ဒရီက "ကျွန်တော့်ကို ဘာစီလိုနာအသင်းကနေ ခေါ်ယူနိုင်ဖို့အတွက်တော့ လိုအပ်ချက်တွေအများကြီးရှိနေမှာပါ။ ပီအက်စ်ဂျီအသင်းနဲ့ ကောလာဟလသတင်းတွေထွက်နေတာ ကျွန်တော် စိတ်မဝင်စားပါဘူး။ ကျွန်တော် ဒီအသင်းမှာ နှစ်တွေအများကြီး ကစားချင်ပါတယ်။ ဘာစီလိုနာ



အသင်းခေါင်းဆောင်အဖြစ်ကစားနိုင်ဖို့အတွက်အိပ်မက်မက်ထားတာပါ။ ကစားသမားဘဝကုန်ဆုံးချိန်ထိ အသင်းမှာပဲကစားချင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

STA

# အီတလီအသင်းနည်းပြအဖွဲ့ဝင်အဖြစ် ဘူဖွန် တာဝန်ထမ်းဆောင်မည်




**ရောမ ဩဂုတ် ၃**

အီတလီလက်ရွေးစင်အသင်း နှင့် ဂျူဗင်တပ်အသင်းဂန္တဝင် ဂိုးသမားတစ်ဦးဖြစ်သည့် ဘူဖွန်က ပရော်ဖက်ရှင်နယ် ကစားသမား ဘဝမှ အနားယူရန်ဆုံးဖြတ်ခဲ့ပြီး နောက် အီတလီလက်ရွေးစင်အသင်း တွင် နည်းပြအဖွဲ့ဝင်အဖြစ် တာဝန် ထမ်းဆောင်ကာ နည်းပြလောကသို့ စတင်ဝင်ရောက်မည်ဖြစ်ကြောင်း Onefootball သတင်းဝက်ဘ်ဆိုက် က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၄၅ နှစ်ရှိ ဂိုးသမားကြီး ဘူဖွန်သည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ပြီးခဲ့သည့် ၁၉၉၄ ခုနှစ်က အီတလီကလပ် ပါးမားအသင်းနှင့် စတင်ခဲ့သူဖြစ် သော်လည်း ပါးမားအသင်းတွင် တစ်ပွဲမှ ပါဝင်ကစားခွင့်မရရှိခဲ့ဘဲ ၂၀၀၁ ခုနှစ်က ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ကစား သမားဘဝ အောင်မြင်မှုများကို စတင်ရယူနိုင်ခဲ့သူဖြစ်ပြီး အသင်း နှင့်အတူ ၂၀၀၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ပြိုင်ပွဲစုံပွဲပေါင်း ၄၆၈ ပွဲထိ ပါဝင်ကစားခဲ့ပြီး အသင်းဂန္တဝင် ကစားသမားတစ်ဦးအဖြစ်သတ်မှတ် ခံခဲ့ရသူဖြစ်သည်။

ထို့နောက် ဘူဖွန်သည် ဂျူဗင်တပ်အသင်းမှ ၂၀၁၈ ခုနှစ် က အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြင်သစ်ထိပ်သီး ပီအက်စ်ဂျီအသင်း သို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် တစ်ရာသီသာကစားခဲ့ပြီး အသင်း ဟောင်း ဂျူဗင်တပ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ကစားခဲ့သော် လည်း ၂၉ ပွဲသာပါဝင် ကစားခွင့် ရရှိခဲ့ကာ ၂၀၂၁ ခုနှစ်က ဂျူဗင်တပ် အသင်းမှ အလွတ်ပြောင်းရွှေ့ကြေး ဖြင့် ကစားသမားဘဝစတင်ခဲ့ သည့် ပါးမားအသင်းသို့ ပြန်လည် ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် လာမည့်ရက်သတ္တပတ်တွင် ပရော် ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူသွားမည်ဖြစ်သည်။

ဘူဖွန်သည်ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် လာမည့် ၂၀၂၆ ခြေစစ်ပွဲဝင်ရောက်မည့် အီတလီအသင်းတွင် နည်းပြအဖွဲ့ဝင် အဖြစ် တာဝန်ထမ်းဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။ STA

# ဒူးဒဏ်ရာကြောင့် ရာသီအစပွဲစဉ်များကို ဂျီးဆပ်စ်လွဲချော်မည်ဟု နည်းပြအာတီတာ ပြောကြား

**လန်ဒန် ဩဂုတ် ၃**

အာဆင်နယ်အသင်း တိုက်စစ် မှူး ဂျီးဆပ်စ်သည် ၂၀၂၂ ကမ္ဘာ့ ဖလားပြိုင်ပွဲတွင် ရရှိခဲ့သည့် ဒူးဒဏ်ရာကို အသေးစားခွဲစိတ်ကုသ မှုထပ်မံပြုလုပ်ရမည်ဖြစ်သည့်အတွက် ရာသီအစပရီးမီးယားလိဂ်ပွဲစဉ်များ ကိုလွဲချော်မည်ဖြစ်ကြောင်း နည်းပြ အာတီတာက အတည်ပြုပြောကြား ခဲ့သည်ဟု 90Min.com က ယနေ့ တွင် ဖော်ပြခဲ့သည်။

ဂျီးဆပ်စ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်စီးတီးအသင်း မှ အာဆင်နယ်အသင်းသို့ပြောင်းရွှေ့ ခဲ့ပြီးနောက် အမှတ်ပေးပြိုင်ပွဲ ၂၆ ပွဲပါဝင်ခဲ့ရာ သွင်းဂိုး ၁၁ ဂိုးနှင့် ဂိုးဖန်တီးမှုခြောက်ကြိမ်ထိပြုလုပ်၍ အသင်းကို အမှတ်ပေးဇယားထိပ် တွင် ရပ်တည်နိုင်အောင်ကူညီနိုင်ခဲ့ သော်လည်း ၂၀၂၂ ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် ဘရာဇီးအသင်းနှင့်ပါဝင် ခဲ့ရာတွင် ဒူးဒဏ်ရာရရှိခဲ့သဖြင့် သုံးလခန့်အနားယူခဲ့ရပြီး ယခုအခါ အဆိုပါဒဏ်ရာကို အသေးစား ခွဲစိတ်မှု ထပ်မံပြုလုပ်ခဲ့ရကြောင်း သိရသည်။

ထို့ကြောင့် ဂျီးဆပ်စ်သည် ရာသီ အကြိုခြေစမ်းပွဲစဉ်များကို လွဲချော် ခဲ့သည့်အပြင် ဩဂုတ် ၆ ရက်တွင် ကစားရမည့် မန်စီးတီးအသင်းနှင့် ကွန်မြူနတီဒိုင်းပွဲစဉ်၊ ဩဂုတ် ၁၂ ရက်တွင်ကစားရမည့် နော်တင်ဟမ် အသင်းနှင့် ပရီးမီးယားလိဂ်ပွဲစဉ်၊ ဩဂုတ် ၂၂ ရက်တွင် ကစားရ မည့် ပဲလေ့စ်အသင်းနှင့်ပွဲစဉ်တို့ကို လွဲချော်မည်ဖြစ်ကြောင်း နည်းပြ အာတီတာက ပြောကြားခဲ့သည်။

အာဆင်နယ်အသင်း နည်းပြ အာတီတာက "ဂျီးဆပ်စ်အနေနဲ့ ကံမကောင်းစွာနဲ့ပဲဒီနေ့မှာ ဒဏ်ရာ ဟောင်းက ပြန်လည်နာကျင်မှုရှိခဲ့ ပါတယ်။ ကျွန်တော်တို့ဆေးအဖွဲ့ အနေနဲ့ လိုအပ်တဲ့စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ရာမှာ အသေးစားခွဲစိတ်မှု တော့ပြုလုပ်ရမှာပါ။ ဒါကြောင့် သူ့အနေနဲ့ ရက်သတ္တပတ်အနည်း ငယ်လောက် အနားယူရမှာဖြစ်ပါ တယ်။ ရာသီအစ အသင်းရဲ့ပွဲစဉ် တွေမှာတော့ ပါဝင်နိုင်မှာမဟုတ် ပါဘူး"ဟု ဆက်လက်ပြောကြားခဲ့ ကြောင်း သိရသည်။

ML

# Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ စဗစ်တိုလီနာ တက်ရောက်



**ဝါရှင်တန် ဩဂုတ် ၃**

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ တွင်ကျင်းပနေသည့် Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ယူကရိန်းတင်းနစ်မယ် စဗစ်တို လီနာနှင့် ရုရှားတင်းနစ်မယ် ကာဆက်ကီနာတို့ ယှဉ်ပြိုင်ကစား သွားခဲ့ရာ စဗစ်တိုလီနာက (၆-၂၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက် ရောက်နိုင်ခဲ့ကြောင်း Tennis World သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စဗစ်တိုလီနာနှင့် ကာဆက် ကီနာတို့၏ပွဲစဉ်တွင် စဗစ်တိုလီနာ က နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရခဲ့ သော်လည်းပွဲကစားချိန်မှာ ၁ နာရီ ၃၆ မိနစ်ထိ ကြာမြင့်ခဲ့သည်။

စဗစ်တိုလီနာသည် ပထမ အဆင့်တွင်လည်း နာမည်ကြီး ဘီလာရုစ်တင်းနစ်မယ် အဇာရင်ခါ ကိုအနိုင်ရရှိခဲ့ပြီး ဒုတိယအဆင့် တွင်လည်း နာမည်ကြီးရုရှား တင်းနစ်မယ် ကာဆက်ကီနာကို အနိုင်ရခဲ့ခြင်းကြောင့် ဗိုလ်စွဲရန် ထိပ်ဆုံးမှ ရေပန်းစားလာခဲ့သည်။

ကာဆက်ကီနာသည် ယခုနှစ် တင်းနစ်ရာသီတွင် စဗစ်တိုလီနာ နှင့်ပြိုင်ပွဲများတွင် တွေ့ဆုံခဲ့ရပြီး စဗစ်တိုလီနာကို အနိုင်ရခဲ့ခြင်းမရှိ သေးသည့် မှတ်တမ်းတစ်ရပ်ကို ရရှိထားသည်။

စဗစ်တိုလီနာက "Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲရဲ့ ပထမအဆင့်မှာကတည်းက အဇာ ရင်ခါနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတယ်။ အခုဒုတိယအဆင့်မှာလဲ ကာဆက် ကီနာနဲ့ကစားခဲ့ရတယ်။ ကျွန်မ အတွက်တော့ နှစ်ပွဲစလုံးကပွဲကြပ် တွေချည်းပါပဲ။ နှစ်ပွဲစလုံးမှာလဲ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ကာဆက် ကီနာနဲ့က ဒီနှစ်အတွင်းပြိုင်ပွဲတွေ မှာ အကြိမ်ကြိမ်ယှဉ်ပြိုင်ကစား ခဲ့ဖူးတယ်။ ကစားခဲ့ရတဲ့ပွဲစဉ် တိုင်းမှာလဲ ခက်ခက်ခဲခဲကစားခဲ့ ရတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ဥရောပအသင်း၏ ဒုတိယအသင်းခေါင်းဆောင်အဖြစ် စပိန်ကစားသမား အိုလာဇာဘယ်လ် ခန့်အပ်ခံရ

**ရိုးမား ဩဂုတ် ၃**

ဥရောပအသင်းနှင့်အမေရိကန် အသင်းတို့ယှဉ်ပြိုင်ကစားသွားမည့် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ကို အီတလီနိုင်ငံ ရိုးမားမြို့တွင် လာမည့် စက်တင်ဘာလ၌ ကျင်းပ ပြုလုပ်မည်ဖြစ်ပြီး ယင်းပြိုင်ပွဲ အတွက် ဥရောပအသင်းကပြင်ဆင် မှုများပြုလုပ်လျက်ရှိသည်။

အသင်းသား ရွေးချယ်မှုကို ပြုလုပ်သွားရန် အချိန်မရောက်သေး သည့်အတွက် အသင်းသားရွေးချယ် မှုပြုလုပ်ရခြင်းမရှိသေးသော်လည်း ပြိုင်ပွဲတွင်အသင်းကိုဦးဆောင်သွား မည့် အသင်းခေါင်းဆောင်အဖွဲ့ အား ရွေးချယ်မှုများပြုလုပ်လျက် ရှိသည်။

ဥရောပအသင်း၏ အသင်း ခေါင်းဆောင်အဖြစ် ရွေးချယ်ခံထား ရသည့် အင်္ဂလန်ဂေါက်သီးရိုက် ကစားသမား လုခ်ဒေါ်နယ်သည် အသင်း၏ဖွဲ့စည်းပုံအရ ဒုတိယ အသင်းခေါင်းဆောင် လေးဦးကို ၎င်းစိတ်ကြိုက်ရွေးချယ်သွားရမည် ဖြစ်ပြီး စပိန်ဂေါက်သီးရိုက်ကစား သမားအိုလာဇာဘယ်လ်ကို ဒုတိယ အသင်းခေါင်းဆောင်အဖြစ်ရွေးချယ် ကြောင်း ထုတ်ပြန်ခဲ့သည်ဟု GA သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။

အိုလာဇာဘယ်လ်သည် Ry- der Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဥရောပအသင်းအတွက် ၁၉၈၇ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ပါဝင် ယှဉ်ပြိုင် ကစားပေးခဲ့သူဖြစ်ပြီး ၂၀၀၈၊ ၂၀၁၀၊ ၂၀၁၄ ခုနှစ်တို့ တွင် ဥရောပအသင်း၏ ဒုတိယ အသင်းခေါင်းဆောင်အဖြစ် တာဝန် ယူပေးခဲ့ဖူးသူလည်း ဖြစ်ကြောင်း သိရသည်။ AZL




# လာမည့်ဘောလုံးရာသီအဖွင့်ပွဲစဉ်မတိုင်မီ အပြောင်းအရွှေ့မဖြစ်မြောက်ပါက အလွတ်ပြောင်းရွှေ့ကြေးဖြင့်ထွက်ခွာမည်ဟု ဟယ်ရီကိန်းက စပါးအသင်းကိုသတိပေး

**လန်ဒန် ဩဂုတ် ၃**

စပါးအသင်း တိုက်စစ်မှူး ဟယ်ရီကိန်းက လာမည့် ၂၀၂၃- ၂၀၂၄ ဘောလုံးရာသီအဖွင့်ပွဲစဉ် မတိုင်မီ အပြောင်းအရွှေ့မဖြစ် မြောက်ခဲ့ပါက အသင်းမှထွက်ခွာ တော့မည်မဟုတ်ဘဲ ရာသီကုန်ဆုံး ချိန်မှသာအလွတ် ပြောင်းရွှေ့ကြေး ဖြင့်ထွက်ခွာမည်ဟု သတိပေးမှု ပြုလုပ်ခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။

အသက် ၂၉ နှစ်ရှိ ဟယ်ရီကိန်း သည် စပါးအသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ကစား သမားဘဝအစပိုင်းက အခြားအသင်း များထံ အငှားစာချုပ်ဖြင့်ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်က အသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့ခြင်း ဖြစ်သည်။

ဟယ်ရီကိန်းက စပါးအသင်း တွင် ဘောလုံးရာသီတိုင်းအကောင်း ဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ တစ်ဦး ချင်းဆုတံဆိပ်များစွာ ရရှိခဲ့သော် လည်း အသင်းနှင့်ဆုဖလားတစ်လုံး မှဆွတ်ခူးနိုင်ခြင်းမရှိခဲ့သည့်အတွက် အသင်းမှထွက်ခွာရန် ပြင်ဆင်နေ သူဖြစ်သည်။

စပါးအသင်းနှင့် ဟယ်ရီကိန်း တို့ စာချုပ်သက်တမ်းမှာ တစ်နှစ် သာကျန်ရှိတော့ပြီး စပါးအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုနေ သော်လည်း ဟယ်ရီကိန်းကိုယ်တိုင် က ငြင်းပယ်ထားသည့်အတွက် စပါး အသင်းအနေဖြင့် လက်ရှိကစား သမား အပြောင်းအရွှေ့ကာလ တွင် မရောင်းချပါက ရာသီအကုန် တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရဖွယ်ရှိနေသည်။

အစောပိုင်းက ဟယ်ရီကိန်းကို မန်ယူအသင်းက ခေါ်ယူလိုနေသော် လည်း ၎င်း၏မြင့်မားသည့်ပြောင်း ရွှေ့ကြေးကြောင့်နောက်ဆုတ်ခဲ့ပြီး ယခုအခါ ဘိုင်ယန်မြူးနစ်အသင်း က စံချိန်တင်ပြောင်းရွှေ့ကြေး တစ်ရပ်ဖြင့် ခေါ်ယူရန်ကြိုးပမ်းနေ ခြင်းဖြစ်ကြောင်း သိရသည်။

STA

# ဩစတြေးလျနှင့် ဂျာမနီ၏ လက်နက်ရောင်းဝယ်ရေးစာချုပ်နောက်ကွယ်က အကြောင်းတရားများ



ဂျာမနီဝန်ကြီးချုပ်အိုလက်ရှောလက်ဇ်က ယူကရိန်းအရေးသည် အဓိကကျသောသမိုင်းကြောင်းအပြောင်းအလဲ ဖြစ်လာမည်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ် အစောပိုင်းကပြောကြားခဲ့သည်။ လက်ရှိအချိန်ထိ ပြောင်းလဲမှုများဖြစ်ပေါ်နေဆဲပင်ဖြစ်သည်။ ထူးခြားချက်အနေဖြင့် ဩစတြေးလျနိုင်ငံမှ ဂျာမနီနိုင်ငံသို့ Boxer အမျိုးအစား သံချပ်ကာတိုက်ခိုက်ရေးယာဉ်အစီး ၁၀၀ ပေးပို့သွားမည့် လက်နက်အရောင်းအဝယ်စာချုပ်တစ်ရပ်ကို ဂျာမနီနှင့်ဩစတြေးလျတို့က ဇူလိုင်လ ဒုတိယပတ်အတွင်း လစ်သူရေးနီးယားနိုင်ငံ၌ ပြုလုပ်သည့် NATO ထိပ်သီးအစည်းအဝေးမတိုင်မီ ထုတ်ပြန်ကြေညာသွားခဲ့ကြောင်း သိရသည်။

အဆိုပါအရောင်းအဝယ်စာချုပ်သည် အမေရိကန်ဒေါ်လာ ၆၆၆ ဒသမ ၅ သန်းတန်ဖိုးရှိပြီး ဂျာမနီအနေဖြင့် လက်နက်များအရေးပေါ် ပြန်လည်တပ်ဆင်ရန်လိုအပ်သောကြောင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ဂျာမနီအနေဖြင့် ကာကွယ်ရေးဆိုင်ရာ စစ်လက်နက်ပစ္စည်းလိုအပ်ချက်များကို အချိန်မီ ဖြည့်ဆည်းပေးနိုင်သည်ထိ စစ်လက်နက်ပစ္စည်းထုတ်လုပ်နိုင်စွမ်း လိုအပ်နေဆဲပင်ဖြစ်သည်။

ထို့ပြင် ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီအယ်ဘန်နီစ်က ဩစတြေးလျလေတပ်မှ Boeing E-7A Wedgetail ကင်းထောက်လေယာဉ်အနေဖြင့်လည်း ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ဂျာမနီနိုင်ငံ Ramstein လေတပ်အခြေစိုက်စခန်း၌ အခြေစိုက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားသွားခဲ့သည်။ ၎င်းလေယာဉ်သည် ဥရောပအရှေ့ပိုင်းဒေသရှိ NATO ၏ မဟာမိတ်နိုင်ငံများတွင် ကင်းထောက်တာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။ Wedgetail သည် ဘောလ်တစ်ပင်လယ်နှင့် ပိုလန်နိုင်ငံ အရှေ့ပိုင်းဒေသတို့၌ ချဉ်းကပ်လာသော လေယာဉ်များကို ထောက်လှမ်းပြီး ရန်သူ၊ မိတ်ဆွေခွဲခြားပေးသွားမည်ဖြစ်သည်။ ကျူးကျော်ဝင်ရောက်လာသူများကိုလည်း လေကြောင်းချိတိုက်ခိုက်ရေးတာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။ ၎င်းမစ်ရှင်များကို NATO ၏ E-3 AWACS လေယာဉ်က ထမ်းဆောင်လျက်ရှိသော်လည်း ၎င်းလေယာဉ်များသည် ၁၉၈၀ ပြည့်လွန်နှစ်များက ဝယ်ယူခဲ့ခြင်းဖြစ်သည့်အတွက် မှီခိုအားထားရနိုင်မှု လျော့နည်းလာခဲ့သည်။ Wedgetail သည် ဆယ်စုနှစ် တစ်ခုလောက်သာ သက်တမ်းကြာမြင့်သေးသဖြင့် ဝေဟင်တွင် ထိန်းချုပ်မောင်းနှင်ရန် ပိုမိုလွယ်ကူစေသည်။ ထို့ကြောင့် ဩစတြေးလျနိုင်ငံသည် ဥရောပအရှေ့ပိုင်းဒေသ ကင်းလှည့်တာဝန်ကို မျှဝေယူသွားရတော့မည်ဖြစ်သည်။

Boxer သံချပ်ကာတိုက်ခိုက်ရေးယာဉ်တွင် အလိုအလျောက်ပစ်ခတ်နိုင်သည့် ၃၀ မီလီမီတာစိန်ပြောင်းတစ်လက်တပ်ဆင်ထားရှိသည်။ ၎င်းယာဉ်ကို ယာဉ်မောင်းစစ်သည်သုံးဦးဖြင့် ထိန်းချုပ်မောင်းနှင်ပြီး ယာဉ်ကိုယ်ထည်နောက်ပိုင်းတွင် စစ်သည် ရှစ်ဦးတင်ဆောင်နိုင်သည်။ Boxer များကို Brisbane မြို့ဘက်ရှိ စက်ရုံ၌တည်ဆောက်ထားရှိသည်။ ၂၀၁၈ ခုနှစ် နှောင်းပိုင်းတွင် ဂျာမနီစစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ Rheinmetall သည် ဩစတြေးလျကြည်းတပ်အတွက် Boxer သံချပ်ကာကင်းထောက်ယာဉ် ၂၁၁ စီး တည်ဆောက်ပေးရန် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၈ ဘီလီယံ တန်ဖိုးရှိသော ကန်ထရိုက်တစ်ရပ် ရရှိခဲ့သည်။ အဆိုပါကန်ထရိုက်တစ်စိတ်တစ်ဒေသအနေဖြင့် ဩစတြေးလျအစိုးရသည် Rheinmetall ကို ဩစတြေးလျနိုင်ငံတွင် ယာဉ်အများစုတည်ဆောက်သွားရန် လုပ်ပိုင်ခွင့်ပေးခဲ့သည်။

သို့သော် ဂျာမနီအတွက် အသစ်တည်ဆောက်သွားမည့် Boxer များသည် ဩစတြေးလျကြည်းတပ်၏ ကင်းထောက်ယာဉ်ဒီဇိုင်းများကို အခြေခံတည်ဆောက်သွားမည်ဖြစ်ပြီး အကြီးစားလက်နက် သယ်ယူရေးယာဉ်အဖြစ် နာမည်ပေးသွားမည်ဖြစ်သည်။ ၎င်းယာဉ်များကို ၂၀၂၅ ခုနှစ်တွင် ပထမဆုံးလွှဲပြောင်းပေးပို့သွားမည်ဖြစ်သည်။ ဂျာမနီအနေဖြင့် အင်ဒို-ပစိဖိတ် ကာကွယ်ရေးဆိုင်ရာကိစ္စများကို စိတ်ပါဝင်စားလာသည့်အချိန်တွင် Boxer စာချုပ်သည် ဂျာမနီနှင့်ဩစတြေးလျတို့ကို ပိုမိုနီးကပ်လာစေသည်။

၂၀၂၁ ခုနှစ်က ဂျာမနီစစ်ရေယာဉ်တစ်စီးသည် အိန္ဒိယသမုဒ္ဒရာမြောက်ပိုင်းဒေသနှင့် ပစိဖိတ်အနောက်ပိုင်းဒေသသို့ သွားရောက်လည်ပတ်ခဲ့ပြီး ကာလရှည်ကြာ တပ်ဖြန့်ချထားခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ဂျာမနီလေတပ်သည် ဒါဝင်မြို့၌ပြုလုပ်သည့် လေကြောင်းရန်ကာကွယ်ရေးလေ့ကျင့်မှု၌ ပူးတွဲပါဝင် လေ့ကျင့်ခဲ့သည်။

၂၀၂၃ ခုနှစ် ဩဂုတ်လနှောင်းပိုင်းတွင် ဂျာမနီသည် ၎င်း၏ပထမဆုံးသော အမျိုးသားလုံခြုံရေးမဟာဗျူဟာကို ထုတ်ပြန်ခဲ့သည်။ ၎င်းမဟာဗျူဟာတွင် တရုတ်နိုင်ငံကို မိတ်ဖက်နိုင်ငံနှင့်ပြိုင်ဘက်နိုင်ငံအဖြစ် ဖော်ပြထားသည်။ စင်စစ်အားဖြင့် လွန်ခဲ့သောနှစ်များကတည်းက ဂျာမနီသည် တရုတ်နိုင်ငံနှင့်ယှဉ်ပြိုင်မှုကို စူးစမ်းလေ့လာသုံးသပ်လျက်ရှိသည်။

ဂျာမနီသည် ယခုနှစ် ဇူလိုင်လ နှောင်းပိုင်းက ဩစတြေးလျနိုင်ငံအရှေ့ပိုင်း၌ပြုလုပ်ခဲ့သည့် Talisman Sabre စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်လေ့ကျင့်ရန် တပ်ဖွဲ့ဝင် ၂၀၀ ကျော် စေလွှတ်ခဲ့သည်။ ၎င်းစစ်ရေးလေ့ကျင့်မှုသည် နိုင်ငံပေါင်းစုံပါဝင်သောအကြီးစား စစ်ရေးလေ့ကျင့်မှုဖြစ်ပြီး ဂျာမနီအနေဖြင့် ပထမဆုံးအကြိမ် ပါဝင်ခြင်းဖြစ်သည်။

Boxer စာချုပ်သည် ပြည်တွင်း၌ နှစ်နိုင်ငံ ခေါင်းဆောင်များကို မေတ္တာရပ်ခံမှုများရှိနေသည်။ ဂျာမနီဝန်ကြီးချုပ် အိုလက်ရှောလက်ဇ်အတွက်မူ ဩစတြေးလျ ဂျာမနီစစ်လက်နက်ပစ္စည်း ထုတ်လုပ်သူထံမှ တိုက်လေယာဉ်များဝယ်ယူခြင်းသည် အမေရိကန်ထံမှ စစ်လက်နက်များဝယ်ယူသည်ထက် ဆွဲဆောင်မှုပိုမိုလျက်ရှိသည်။ ထို့ပြင် အဆိုပါစာချုပ်သည် Rheinmetall ကို အခွင့်အလမ်းပိုမိုရရှိစေမည်ဖြစ်သည်။ အကြောင်းမူကား လက်ရှိအချိန်တွင် ဩစတြေးလျနိုင်ငံသည် ၎င်းတို့၏ ကာကွယ်ရေးတပ်ဖွဲ့ (ADF)အတွက် ခြေလျင်တိုက်ခိုက်ရေးယာဉ်အသစ် ၁၂၉ စီး တည်ဆောက်ရန် တောင်ကိုရီးယားနိုင်ငံ၏ Hanwha ကုမ္ပဏီကို ရွေးချယ်ထားသောကြောင့် ပင်ဖြစ်သည်။

ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီအယ်ဘန်နီစ်အတွက်မူ Boxer စာချုပ်သည် ဩစတြေးလျ၏ အကြီးမားဆုံး ကာကွယ်ရေးအမှာစာ ပြည်ပတင်ပို့မှု ကြီးပင်ဖြစ်ပြီး အလုပ်အကိုင်ရာပေါင်းများစွာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် မကြာသေးမီက ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာသုံးသပ်ချက်၌ ဖော်ပြခဲ့သည့် ကာကွယ်ရေးစက်မှုလုပ်ငန်းများအပေါ် မကျေနပ်ချက်ကိုလည်း ဖြေလျှော့ပေးနိုင်မည်ဖြစ်သည်။ အဆိုပါသုံးသပ်ချက်၌ အနာဂတ်တွင် ဩစတြေးလျတပ်မတော်၌ Boxer ကဲ့သို့သောယာဉ်များအတွက် နေရာမရှိတော့ကြောင်း ဖော်ပြထားသည်။

မည်သို့ပင်ဆိုစေ အဆိုပါစာချုပ်သည် ရေတိုကာလတွင် ကာကွယ်ရေးဆိုင်ရာတပ်ဖွဲ့များအပေါ် တိုက်ရိုက်သက်ရောက်မှုများရှိနိုင်သည်။ ဩစတြေးလျအနေဖြင့် ဂျာမနီအမှာစာများကို ဖြည့်ဆည်းပေးခြင်းသည် ADF အတွက် လိုအပ်သည့်အချိန်တွင် စွမ်းဆောင်ရည်များ ဖြည့်ဆည်းရာ၌ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်နိုင်ပေသည်။ ထို့ပြင် ဥရောပဒေသသို့ ကင်းထောက်လေယာဉ်တစ်စင်း စေလွှတ်ခြင်းသည် ဩစတြေးလျ၏ မဟာဗျူဟာအကျိုးစီးပွားနှင့် ဝေးကွာလျက်ရှိသည်။ မည်သို့ပင်ဆိုစေ Ramstein လေတပ်အခြေစိုက်စခန်းသည် အမေရိကန်၏ အကြီးစားစစ်အခြေစိုက်စခန်းဖြစ်သောကြောင့် ကင်းထောက်လေယာဉ် စေလွှတ်ခြင်းသည် ဩစတြေးလျ-အမေရိကန် မဟာမိတ်ဆက်ဆံရေးကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ဩစတြေးလျနိုင်ငံသည် ၂၀၀၀ ပြည့်လွန်နှစ်များတွင် Wedgetail လေယာဉ်ဝယ်ယူခဲ့သည့် Boeing ၏ ပထမဆုံးဖောက်သည်ပင်ဖြစ်သည်။ လက်ရှိအချိန်တွင် NATO အနေဖြင့်လည်း အမေရိကန်မှ Wedgetail လေယာဉ်များ ဝယ်ယူသွားဖွယ်ရာ ရှိနေသည်။ ထိုသို့ ဝယ်ယူခြင်းသည် လေယာဉ်အုပ်များ တပ်ဖြန့်ချထားရာတွင် ကုန်ကျစရိတ်သက်သာစေမည်ဖြစ်သည်။ မြောက်မြားစွာသော လေယာဉ်အုပ်များသည် စီးပွားရေးအရ တွက်ခြေကိုက်သည့်အပြင် လေယာဉ်တစ်စင်းချင်းစီ၏ ပြုပြင်ထိန်းသိမ်းမှုကုန်ကျစရိတ်လည်း သက်သာစေသည်။ NATO အစည်းအဝေးမတိုင်မီ ဂျာမနီနှင့်ဩစတြေးလျကြား Boxer ရောင်းဝယ်ရေးစာချုပ်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည့်အတွက် အခြားသောလက်နက်ရောင်းဝယ်ရေး စာချုပ်များလည်း ထွက်ပေါ်လာနိုင်သည်ဟု မျှော်မှန်းလျက်ရှိသည်။

ဩစတြေးလျနိုင်ငံသည် သက်တမ်းရင့် Hornet တိုက်လေယာဉ် ၄၁ စင်းကို ယူကရိန်းနိုင်ငံသို့ ပေးပို့သွားရန် ဆွေးနွေးညှိနှိုင်းနေသည်ဟု ဆိုသည်။ ယူကရိန်းနိုင်ငံသည် အနားပေးမည့် ဂျက်တိုက်လေယာဉ်များကို ပိုမိုစိတ်ဝင်စားသည်ဟုဆိုသည်။ ဆိုလိုသည်မှာ F-16s တိုက်လေယာဉ်များကို ပိုမိုလက်ခံသွားလိုသောဆန္ဒရှိနေသည်။ လက်ရှိအချိန်တွင် ယူကရိန်းအရေးဖြစ်ပွားလာသည်မှာ ရက်ပေါင်း ၅၀၀ ကျော်လာပြီဖြစ်သည်။ ယူကရိန်းအနေဖြင့် NATO နှင့် ၎င်း၏မဟာမိတ်များထံမှ အကူအညီများထပ်မံလိုအပ်လျက်ရှိသည်။ ယူကရိန်းအရေး ဆက်လက်ဖြစ်ပွားနေမည်ဆိုလျှင် အင်ဒို-ပစိဖိတ် ဒေသအပေါ် အာရုံစိုက်မှု လျော့နည်းလာစေမည်ဖြစ်သည်။ စင်စစ်အားဖြင့် ဩစတြေးလျ၏ မဟာဗျူဟာမြောက်အကျိုးစီးပွားသည် အင်ဒို-ပစိဖိတ်ဒေသတွင်သာ တည်ရှိနေသည်။

မည်သို့ပင်ဆိုစေ ဩစတြေးလျအနေဖြင့် ယူကရိန်းအရေးပြီးဆုံးချိန်ထိ အကူအညီများ ဆက်လက်ပေးအပ်နေရဦးမည်ဖြစ်သည်။ Boxer နှင့် Wedgetails တို့အနေဖြင့်လည်း ၎င်းတို့ပံ့ပိုးမှုလမ်းကြောင်းအတိုင်း ဆက်သွားနေမည်ဖြစ်သည်။ သို့သော် အနောက်အုပ်စု၏ အဓိက ကစားကွက်သည် ရုရှားကို ချေမှုန်းပြီး ယူကရိန်းနိုင်ငံမှ မောင်းထုတ်သွားရန်ပင်ဖြစ်သည်။ သို့မှသာလျှင် သမိုင်းကြောင်းအပြောင်းအလဲ ဖြစ်ပေါ်နိုင်မည်ဖြစ်ပေသည်။

❖ ဂျာမနီအတွက် အသစ်တည်ဆောက်သွားမည့် Boxer များသည် ဩစတြေးလျကြည်းတပ်၏ ကင်းထောက်ယာဉ်ဒီဇိုင်းများကို အခြေခံတည်ဆောက်သွားမည်ဖြစ်ပြီး အကြီးစားလက်နက် သယ်ယူရေးယာဉ်အဖြစ် နာမည်ပေးသွားမည်ဖြစ်သည်။ ၎င်းယာဉ်များကို ၂၀၂၅ ခုနှစ်တွင် ပထမဆုံးလွှဲပြောင်းပေးပို့သွားမည်ဖြစ်သည်။ ဂျာမနီအနေဖြင့် အင်ဒို-ပစိဖိတ်ကာကွယ်ရေးဆိုင်ရာကိစ္စများကို စိတ်ပါဝင်စားလာသည့်အချိန်တွင် Boxer စာချုပ်သည် ဂျာမနီနှင့်ဩစတြေးလျတို့ကို ပိုမိုနီးကပ်လာစေသည်။ ❖

**ကိုးကား**

- What's behind Australia's big arms deal with Germany by Asia Times.

**မောင်စိန်အိ(နဘဲမြေ)**

# Authorities plan to take action on companies that import EVs if they fail to comply with rules and regulations


Imported electrical vehicles seen at the Yangon International Port.

**Nay Pyi Taw August 3**

The export and import license will be abolished and action will be taken under consumer affairs law, if companies that import and sell electric vehicles and accessories do not comply with the rules and regulations, according to the announcement of the committee on the development of importation, installation and investment of electric vehicles and associated businesses on July 26.

Duty-free importation of these electric vehicles has been granted.

In April and June of 2023, in meetings with companies that import electric vehicles and related accessories, the committee warned them not to sell more than 20 percent profit on the CIF (cost, insurance, and freight) value of electric vehicles, not to advertise on social networks, and not to make pre-order sale without the arrival of the vehicle.

However, the committee learnt that electric vehicles are being sold through pre-orders on social networks and in showrooms. 336

# Social pensions provided to more than 30,000 older persons in Mandalay Region for three months

**Mandalay August 3**

Mandalay Region Social Welfare Department stated that it has provided social pensions worth more than K900 million to 30,004 older persons of above 85 years old in Mandalay Region on 28 July.

Social pensions for April, May and June have been presented to older persons from 11 districts of Mandalay Region. They have received K30,000 for three months as from the first week of July, said Director U Thet Naing Tun of the region department.

"Thanks to social pensions, older persons can spend it on medical treatment, donations and satisfaction. In fact, it is an act of the State to honour those older persons for their longevity," he explained.

More than K900 million was given as social pensions to 9,016 grandpa and 20,988 grandma this financial year. 185

# Bago plans to use double cropping practices

**Bago August 3**

The regional government is planning to use double cropping practices in areas where only one crop can be grown per year in the region, according to reports released by the Bago Region government on July 26.

In Bago Region in 2021, the total area of cultivated land was over 6 million acres.

Due to the Bago Region government's support by digging water canals, providing solar water system and other water supply methods, the total area of agricultural land has been increased to over 6.7 million acres, and more than 700,000 acres of agricultural land has been developed and cultivated in 2023.

Bago Region has been able to exceed the target yield of green bean farming this year. This year, Bago Region has expected to produce 20 bushels of green beans per acre as the target yield for green bean cultivation. In doing so, some townships have produced up to 24.75 bushels per acre, and the region as a whole has produced an average of 20.42 bushels per acre, exceeding the target yield. 336


Ploughing in progress in a rice field.

# Travis King: North Korea confirms custody of US soldier

**Washington August 3**

North Korea has confirmed custody of Travis King in its first response to requests for information on the US soldier's whereabouts, the UN Command has said.

The 23-year-old private dashed across the border from South Korea on 18 July while on a guided tour.

The UN Command said it would not give more details about Pyongyang's response at this time.

It said it "did not want to interfere with the efforts to bring him home".

However, the reply indicates Pyongyang could be ready to start negotiating.

The UN Command, which polices the Demilitarised Zone (DMZ), had sought information on Private 2nd Class (PV2) King using its direct phone line to the North Korean Army [KPA] in the Joint Security Area.

"KPA has responded to the United Nations Command with regards to PV2 King. In order not to interfere with our efforts to get him home, we will not go into details at this time," a statement said.

The North Koreans had previously acknowledged the request but this is the first time they have responded, confirming the US solider is in their custody.

North Korea has not publicly acknowledged custody of PV2 King.

Before he crossed the border, PV2 King served two months in detention in South Korea for assault charges. He was released on 10 July.

He was supposed to fly back to the US to face disciplinary proceedings but managed to leave the airport and join the DMZ tour.

BBC


Travis King, dressed in a black shirt and black cap, is seen on the tour before he crossed the border.

# World Scout Jamboree: Hundreds hit by heat exhaustion in S Korea

**Seoul August 3**

Hundreds of participants at the 25th World Scout Jamboree in Buan, South Korea have been hit by heat exhaustion.

Some 400 cases were reported on the first night of the event on Tuesday, with many treated at a makeshift hospital at the campsite.

Temperatures have hit 35C (95F) in North Jeolla province, where the event is being held, amid a heatwave warning.

Scouts from the US, Bangladesh and the UK have been affected, local media is reporting.

The UK contingent is expected to be the largest in South Korea, numbering about 4,500 of the total 43,000 in attendance.

The UK Foreign Office said the situation was being closely monitored.

"Consular officials are on site to support attendees as planned and in line with standard practice for such events," a spokesperson for the Foreign Office added.

"We are in regular contact with both Scouts UK and the relevant Korean authorities to ensure the safety of British nationals."

Scouts UK has been approached for comment.

A fire service official told Reuters that most of the scouts who required medical attention experienced mild symptoms such as headaches, dizziness and nausea.

The official added that most have since returned to their campsites.

The jamboree, sometimes called the world's largest youth camp, kicked off on Tuesday.

While participants are typically aged from 14 to 18, the event also draws many adults such as celebrity survivalist Bear Grylls, 49, who is the UK's Chief Scout. BBC

# Plan to sell out 50,000 bags of rice to the market for stabilizing rice market


Rice of bags stockpiled in a warehouse.

**Yangon August 3**

President of Myanmar Rice Federation U Ye Min Aung said that arrangements are being made to sell 50,000 bags of rice into the market for stability of rice price and the market.

Through collaborative efforts of export companies, reserved rice will be sold to the market as quickly as possible.

Initially, 50,000 50-kilo bags of rice with 25% single polished & sorted rice will be sold to the market and if necessary, more bags of rice will be sold to the market.

"The federation decided to sell 50,000 bags of reserve rice through brokerages to the retail shops. Moreover, rice will be distributed to workers from factories of industrial zones at fair prices. Such a price will be less than the market prices. Primarily, priority will be given to selling rice to Yangon. Rice will be sold at the brokerages in Yangon to distribute to all parts of the nation including Rakhine State. Moreover, rice will be sold to factory workers in Yangon to fulfill their basic needs," said the president.

Myanmar has sufficiency of rice and exports surplus rice only to foreign market. So, consumers should not believe the rumours and should not collect rice with worries, according to the federation.

Currently, high demand in the rice market causes high prices due to transport charges. The rice worth K40,000 in the past are sold at K100,000 per bag, and the rice valued at K60,000 per bag fetched some K150,000 per bag.

ASH

# Export quality ripe chilli fetches K5,000 per viss

**Mandalay August 3**

Export quality sorted ripe chilli harvested this year fetched K5,000 per viss in the domestic market, according to the Chilli Market and Technological Development Association.

Currently, merchants purchase K4,200 per viss of immediately harvested chilli from the farms and K5,000 per sorted chilli from local farmers, said the vice chair.

"At present, chilli harvest period is going to run over. There remain thriving chilli plantations in Yamethin Township. Some merchants took chilli by bags of onion. As it is nearly to run over the chilli season, trucks of purchase declined. This year, farmers get good prices and they sell chilli at domestic market as well as foreign market," she added.

Chilli is grown in Ayeyawady Region, Shan State, Magway, Ngaphe, Thazi, Kyaukse, Kume, Myittha, Hanmyintmo, Yamethin and Monywa. 185


Ripe chillies being packed by workers.

# Euro Chamber of Commerce in Myanmar meets UMFCCI officials

**Yangon August 3**

Officials from Euro Chamber of Commerce in Myanmar held talks with UMFCCI officials about economic conditions, difficulties and challenges, at the federation office on 28 July in Yangon.

Euro Chamber of Commerce in Myanmar is formed with Europe-based companies in operating businesses with investment in Myanmar.

At the meeting, the guests discussed smooth operating the businesses in Myanmar, creation of employment opportunities, allowing import licences without delay, prevention against illegal trade, creation of an economic environment to follow the policies, easing restriction in trade measures, permission to import raw materials, payment process in border trade, and raising awareness seminars on registration for onlie sales.

The president and officials from UMFCCI responsed to the discussions that these difficulties for increasing foreign investments to Myanmar and creation of job opportunities will be submitted to relevant ministries and work committess, adding that the federation will cooperate with relevant ministries in seeking correct information and holding awareness seminars.

Currently, UMFCCI is striving for building a strategic communications among Public-Private dialogue, private sector and ministries. 336


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.


# 440,000 tons of beans exported to earn US$389.82 million from 1 April to 14 July

**Nay Pyi Taw August 3**

Earnings of exporting pulses and beans reached US$389.82 million in export of 440,000 tons from 1 April to 14 July 2023-24 financial year, said chair U Tun Lwin of Myanmar Pulses and Beans, Maize and Sesame Merchants Association.


During the period, 270,000 tons of beans were sent to foreign countries in shipping and 170,000 tons through land borders.

"In 2023-24 financial year, more than 160,000 tons of black bean and 170,000 tons of green gram have been exported to foreign markets," said U Tun Lwin.

Myanmar places 20 per cent of cultivable lands under pulses and beans, and 72 per cent of these are placed under black bean, green gram and pigeon pea as well as chick pea, kidney bean, butter bean, rice bean, gram, soya bean, cow bean and others.

Being an agro-based country, majority of Myanmar's export products are agricultural produce, and export volume of beans stands the second position with 33 per cent of the agricultural produce.

Myanmar mainly cultivates paddy, maize, groundnut, sesame, sunflower, pulses and beans, cotton and sugarcane. ASH


Various beans and pulses for sale at a market.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အစ္စရေးရေတပ်က အဆင့်မြင့်ဒုံးကျည်ကာကွယ်ရေးစနစ်ကို ပင်လယ်ပြင်စမ်းသပ်မှုအောင်မြင်စွာပြုလုပ်ခဲ့



အစ္စရေးရေတပ်က စစ်သင်္ဘောများကိုကာကွယ်ရန် ဒီဇိုင်းထုတ်ထားသည့် အဆင့်မြင့်ဒုံးကျည်ကာကွယ်ရေးစနစ်ကို ပင်လယ်ပြင်စမ်းသပ်မှု အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း ဩဂုတ် ၁ ရက်တွင် ကြေညာခဲ့သည်။

စမ်းသပ်မှုများသည် Decoy များ ပစ်လွှတ်ခြင်းနှင့် အီလက်ထရွန်နစ်ဖျက်ဆီးခြင်းဆိုင်ရာ အစီအမံများအပါအဝင် ရှုပ်ထွေးသော ဒုံးကျည်တိုက်ခိုက်မှု အခြေအနေများအပေါ် ထိရောက်စွာတုံ့ပြန်နိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားသည့် ပင်လယ်ရေကြောင်း အီလက်ထရွန်နစ်တန်ပြန်စစ်ဆင်ရေးစနစ်သစ်၏စွမ်းဆောင်ရည်ကို စမ်းသပ်ခဲ့ခြင်းလည်းဖြစ်သည်။

Haifa-အခြေစိုက် Elbit Systems က ဖန်တီးထားသည့် DESEAVER MK-4 အီလက်ထရွန်နစ် တန်ပြန်စစ်ဆင်ရေးစနစ်သည် စစ်သင်္ဘောများကို လမ်းကြောင်းမျိုးစုံက ဝင်ရောက်လာနိုင်သည့် ရန်သူ့ဒုံးကျည်ခြိမ်းခြောက်မှုများမှတစ်ပြိုင်နက်တည်း ကာကွယ်ပေးနိုင်စွမ်းရှိသည်။

ထည့်သွင်းရေးဆွဲထားသော တိုက်ပွဲလုပ်ငန်းစနစ် Algorithms သည် ဦးစားပေးပစ်မှတ်များကို အစဉ်လိုက် တန်ပြန်လုပ်ဆောင်နိုင်မည့် အစီအမံများရွေးချယ်တုံ့ပြန်နိုင်ခြင်းမျိုးဖြစ်သည်။

DESEAVER MK-4 အီလက်ထရွန်စနစ် တန်ပြန်စစ်ဆင်ရေးစနစ် (ECM)သည် အစ္စရေးရေတပ် စစ်သင်္ဘောများတွင် အပြည့်အဝပေါင်းစပ်ထားသည့် စတုတ္ထမျိုးဆက် ရေတပ်ဒုံးကျည်ကာကွယ်ရေးစနစ်ဖြစ်သည်။

"အစ္စရေးရေတပ်ရဲ့ ပံ့ပိုးကူညီမှုတွေနဲ့ ဆက်လက်ပူးပေါင်းဆောင်ရွက်မှုအတွက် ဂုဏ်ယူမိပါတယ်။ အခု စမ်းသပ်မှုတွေကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့တာဟာ ကျွန်ုပ်တို့ရဲ့ နည်းပညာအပေါ် ယုံကြည်စိတ်ချရမှုနဲ့ ခေတ်သစ်ခြိမ်းခြောက်မှုတွေကို တုံ့ပြန်နိုင်စွမ်းရှိတဲ့ အဆင့်မြင့်ကာကွယ်ရေးစွမ်းရည်တွေကို သက်သေပြလိုက်တာလဲ ဖြစ်ပါတယ်"ဟု Elbit ၏ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်ပိုင်းဆိုင်ရာ အထွေထွေမန်နေဂျာ Oren Sabag က ပြောကြားခဲ့သည်။

ပြီးခဲ့သည့် တနင်္ဂနွေနေ့က အမေရိကန်ရေတပ်၏ အမှတ်(၅)စစ်ရေယာဉ်စုသည် "Intrinsic Defender"ဟု အမည်ပေးထားသော အစ္စရေးရေတပ်နှင့် နှစ်စဉ်ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဟိုင်ဖာမြို့တွင် စတင်ခဲ့သည်။

ယခုနှစ် စစ်ရေးလေ့ကျင့်မှုတွင် အမေရိကန် တပ်ဖွဲ့ဝင် ၅၀ ကျော်နှင့်အတူ ဖောက်ခွဲရေးပစ္စည်းများနှင့် မိုင်းရှင်းလင်းခြင်း၊ ရေကြောင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးစီမံခန့်ခွဲမှု၊ ရေအောက်တည်ဆောက်ရေးလုပ်ငန်းများ၊ ပင်လယ်ရေကြောင်းစောင့်ကြည့်ရေးနှင့် စစ်ရေယာဉ်ဆိုက်ရောက်၊ ထွက်ခွာခြင်း လုပ်ငန်းစဉ်များ ပါဝင်လေ့ကျင့်သွားမည်ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားချက်အရ သိရသည်။

အစ္စရေးသည် ကျွန်ုပ်တို့၏ စွမ်းရည်အရှိဆုံးသော ရေကြောင်းမိတ်ဖက်များထဲမှ တစ်နိုင်ငံဖြစ်ပြီး ယခုစစ်ရေးလေ့ကျင့်မှုသည် မကြာသေးမီနှစ်များအတွင်း ရရှိထားခဲ့သော နှစ်နိုင်ငံသမိုင်းဝင် စစ်ရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေကြောင်း အမေရိကန်ရေတပ်ဗဟိုကွပ်ကဲမှုဌာနချုပ် အမှတ်(၅) စစ်ရေယာဉ်စုနှင့် ပေါင်းစည်းမရိန်းတပ်ဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီး Brad Cooper က ပြောကြားခဲ့သည်။

"စစ်ရေးပူးတွဲလေ့ကျင့်ရေးတွေဟာ ဒေသတွင်း ရေကြောင်းလုံခြုံရေးနဲ့ တည်ငြိမ်ရေးကို ပိုမိုအားကောင်းခိုင်မာစေပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

**Israeli Navy Successfully Tests Advanced Missile Defense System ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်း၏ IRIS-T SLMလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကို ရုရှားစစ်ဘက်ဖျက်ဆီးနိုင်ခဲ့

ရုရှားစစ်ဘက်သည် Lancet-3 တိုက်ခိုက်ရေးဒရုန်းများအသုံးပြု၍ ယူကရိန်း၏ IRIS-T SLM လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကို ဖျက်ဆီးပစ်နိုင်ခဲ့ကြောင်း ဩဂုတ် ၁ ရက်က ယူကရိန်းစစ်လက်နက်ပစ္စည်းများ ခြေရာခံစောင့်ကြည့်ရေး Twitter Account တွင် ထုတ်လွှင့်ထားသော ဗွီဒီယိုဖိုင်တစ်ခုအရ သိရသည်။

ဂျာမနီနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော သတင်းအချက်အလက်များအရ ယူကရိန်းစစ်ဘက်သည် IRIS-T SLM လက်နက်စနစ်နှစ်စုံနှင့်လေကြောင်းစောင့်ကြည့် TRML-4D ရေဒါကို လက်ခံရရှိထားပြီးဖြစ်သည်။

တိုက်ခိုက်ရေးဒရုန်းများ သို့မဟုတ် Kamikaze ဒရုန်းဟု ခေါ်ဝေါ်လေ့ရှိသည့် Lancet-3 များသည် မြင်ကွင်းကိုကျော်လွန်၍ မြေပြင်ပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စေရန် ဒီဇိုင်းထုတ်ထားသည့် ဒရုန်းအမျိုးအစားဖြစ်သည်။

Lancet-3 များသည် သာမန်လက်နက်များနှင့်မတူဘဲ လေထဲတွင် အချိန်အတော်ကြာအောင် ပျံဝဲနေနိုင်ပြီး သီးခြားခြိမ်းခြောက်မှုများကို ပစ်မှတ်ထားတိုက်ခိုက်ရန် လှုပ်ရှားစစ်ကစားနိုင်မှုမြင့်မားသည်။

အထူးသဖြင့် ဥရောပနိုင်ငံများ သို့မဟုတ် အမေရိကန်နိုင်ငံကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံများက ထောက်ပံ့ပေးပို့နေသော လေကြောင်းကာကွယ်ရေးစနစ်များသည် Lancet-3 များကဲ့သို့ ဝေဟင်မှဝင်လာသော ခြိမ်းခြောက်မှုများကို ရှာဖွေဖော်ထုတ်နိုင်ပြီး ပျက်ပြယ်စေနိုင်သည့် အဆင့်မြင့်နည်းပညာများ ပိုင်ဆိုင်ထားလေ့ရှိသည်။

ယူကရိန်းတွင် တပ်ဖြန့်အသုံးပြုနေသည့် လေကြောင်းရန်ကာကွယ်ရေးစနစ်များသည် ရုရှားတပ်ဖွဲ့၏ လေကြောင်းစွမ်းအားအတွက် ကြီးမားသော အတားအဆီးများ ဖြစ်လာနိုင်ဖွယ်ရှိကြောင်း သုံးသပ်သူများ ရှိနေသည်။

Lancet-3 များသည် သမားရိုးကျအမြောက်များနှင့်နှိုင်းယှဉ်ပါက ပစ်မှတ်ကို ပိုမိုတိကျစွာ တိုက်ခိုက်နိုင်သော အားသာချက်များရှိပြီး ဘေးထွက်ဆိုးကျိုး၊ ပျက်စီးနိုင်ခြေကို လျှော့ချနိုင်သည်။ ၎င်းတို့ကို အချိန်နှင့်တစ်ပြေးညီ လမ်းညွှန်ထိန်းကျောင်းနိုင်သောကြောင့် တိုက်ခိုက်မှုကိုပယ်ဖျက်ခြင်း သို့မဟုတ် ပျံသန်းနေစဉ် ပစ်မှတ်ကိုပြန်လည်ပြင်ဆင် သတ်မှတ်ပေးခြင်းတို့ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Lancet-3 သည် ရုရှားနိုင်ငံထုတ် ဗုံးကြဲတိုက်ခိုက်ရေး လက်နက်များတွင် အရွယ်အစားအကြီးဆုံး အမျိုးအစားဖြစ်ပြီး Kamikaze Drone ဟု မကြာခဏ ရည်ညွှန်းသုံးနှုန်းလေ့ရှိသည်။

ဤခေတ်မီဆန်းပြားသော နည်းပညာများပိုင်ဆိုင်ထားသည့် တိုက်ခိုက်ရေးဒရုန်းကို ရုရှားနိုင်ငံ Kalashnikov Group စက်မှုလုပ်ငန်းကြီး၏ လုပ်ငန်းခွဲဖြစ်သော Zala Group ကုမ္ပဏီက တီထွင်ဖန်တီးထားခြင်းဖြစ်သည်။




Lancet-3 သည် ဝန်တင်ဆောင်မှုအလေးချိန် သုံးကီလိုဂရမ်ထိ သယ်ဆောင်စစ်ဆင်နိုင်စွမ်းရှိသော်လည်း ပျံတက်ချိန်တွင် အများဆုံးအလေးချိန် ၁၂ ကီလိုဂရမ်ထိသယ်ဆောင်ပျံသန်းနိုင်သည်။ ၎င်းတွင် Optical-Electronic လမ်းညွှန်ထိန်းကျောင်းမှုနှင့် တီဗီလမ်းညွှန်မှု Module တို့တပ်ဆင်ထားပြီး နောက်ဆုံးပျံသန်းမှုအဆင့်တွင် ခဲယမ်းများကို ထိန်းချုပ်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ထိပ်ဖူးအနေဖြင့် ပေါက်ကွဲမှုအားမြင့်မားသော HE သို့မဟုတ် အစိတ်စိတ်အမွှာမွှာ ဖြန့်ကြဲပေါက်ကွဲနိုင်သော ယမ်းအား HE-fragmentation တို့ အသုံးပြုထားပြီး Lancet-3 သည် အများဆုံးအကွာအဝေး ကီလိုမီတာ ၄၀ထိ ပျံသန်းစစ်ဆင်နိုင်ကြောင်း သိရသည်။

**Russia Destroys Ukraine}s First IRIS-T SLM Air Defense Missile System with Lancet-3 Munition ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး




# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၀၉၀၉ ဧကစိုက်ပျိုးပြီးစီး


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၀၉၀၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၂၆၄၄ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆီထွက်သီးနှံ ၁၀၉၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မင်းကင်းမြို့နယ်မှာ ဆီထွက်သီးနှံ ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၉၀၉ ဧကစိုက်ပျိုးပြီးပါပြီ။ ဒီနှစ် ဆီထွက်သီးနှံဧက လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ပြင် စားသုံးဆီဖူလုံရေးနဲ့ ဆီထွက်သီးနှံတိုးတက်ရေးအတွက် ဆောင်ရွက်နေပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲဧက ၂၉၃၀၊ နှမ်း ၇၇၃၅ ဧက၊ အခြားဆီထွက်သီးနှံ ၂၄၄ ဧက စုစုပေါင်း ၁၀၉၀၉ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မြေပဲဧက ၄၈၀၊ နှမ်း ၁၈၉၈၂ ဧက၊ အခြားဆီထွက်သီးနှံ ၃၁၈၂ ဧက စုစုပေါင်း ၂၂၆၄၄ ဧကဖြစ်ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခင်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက မင်းကင်းမြို့နယ်တွင် ဆီထွက်သီးနှံ ၂၂၆၄၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၄၅၅၈ ဧက၊ နှမ်း ၄၈၉၉ ဧက၊ နေကြာ ၁၆၃၂၈ ဧက စုစုပေါင်း ၄၅၇၈၅ ဧက စိုက်ပျိုးရန်လျာထားကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# ပြင်ဦးလွင်မြို့တွင် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်း ပို့ချ

**ပြင်ဦးလွင် ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် ကုန်းသာကြီး၊ မျှင်တောင်ကျေးရွာနှစ်ရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ စွမ်းဆောင်ရည်များမြင့်မားစေရန်ရည်ရွယ်၍ ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းပို့ချခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အဆိုပါစီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်ခန်းစာဘာသာရပ်များကို အသေးစိတ်ရှင်းလင်းပြောကြားကြသည်။



ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းသာကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ မျှင်တောင်ကျေးရွာကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၂၀၀ ကိုလည်းကောင်း မတည်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ကုန်းသာကြီး၊ မျှင်တောင်ကျေးရွာတို့မှ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ၁၄ ဦး တက်ရောက်ကြပြီး သင်တန်းကို တစ်ရက်ကြာ အခမဲ့ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

**အေးသူ**

# သရက်ချောင်းမြို့နယ် အိမ်ရှေ့ပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သရက်ချောင်း ဩဂုတ် ၃**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိမ်ရှေ့ပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စီမံကိန်းရန်ပုံငွေ ကျပ် ၂၉၇ သိန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အိမ်ရှေ့ပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းပထမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူစုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃-၈-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဝယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၉၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၇၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၄၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၇၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

၂။ ရှေ့ဖုံးမှအဆက်

| | | |
|---|---|---|
| (၁၅) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ဦးမင်းနောင် |
| (၁၆) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး<br>ဝန်ကြီးဌာန | ဦးလှမိုး |
| (၁၇) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | ဦးခင်မောင်ရီ |
| (၁၈) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဦးညက်ထွန်း |
| (၁၉) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | ဦးကိုကိုလွင် |
| (၂၀) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဒေါက်တာချာလီသန်း |
| (၂၁) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား<br>ဝန်ကြီးဌာန | ဦးမြင့်ကြိုင် |
| (၂၂) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | ဦးမြင့်နောင် |
| (၂၃) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး<br>ဝန်ကြီးဌာန | ဦးအောင်နိုင်ဦး |
| (၂၄) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒေါက်တာညွန့်ဖေ |
| (၂၅) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဒေါက်တာမျိုးသိန်းကျော် |
| (၂၆) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာသက်ခိုင်ဝင်း |
| (၂၇) | ပြည်ထောင်စုဝန်ကြီး<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ဦးမင်းသိန်းဇံ |
| (၂၈) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဦးမျိုးသန့် |
| (၂၉) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒေါက်တာစိုးဝင်း |
| (၃၀) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ဒေါက်တာသက်သက်ခိုင် |
| (၃၁) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | Jeng Phang နော်တောင် |
| (၃၂) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ဦးဇော်သန်းသင်း |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပြည်ထောင်စုတရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၂/ ၂၀၂၃**
၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ် ဩဂုတ်လ ၃ ရက်)
**ပြည်ထောင်စုတရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဦးသာဒွေးအား ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၃/ ၂၀၂၃**
၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ် ဩဂုတ်လ ၃ ရက်)
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဦးအောင်ဇော်သိန်းအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၄/ ၂၀၂၃**
၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ် ဩဂုတ်လ ၃ ရက်)
**ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဒေါက်တာခင်နိုင်ဦးအား ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၅/ ၂၀၂၃**
၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ် ဩဂုတ်လ ၃ ရက်)
**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဦးအောင်သော်အား ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၆/ ၂၀၂၃**
၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ် ဩဂုတ်လ ၃ ရက်)
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဦးစစ်အေးအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၇/ ၂၀၂၃**
၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ် ဩဂုတ်လ ၃ ရက်)
**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဦးသန်းထွန်းဦးအား နေပြည်တော်ကောင်စီဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၈/ ၂၀၂၃**
၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ် ဩဂုတ်လ ၃ ရက်)
**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဦးပေါ်လွင်စိန်အား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၇၀/ ၂၀၂၃**
၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ် ဩဂုတ်လ ၃ ရက်)
**ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဒေါက်တာထိန်လင်းဦးအား ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၉/ ၂၀၂၃**
၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ် ဩဂုတ်လ ၃ ရက်)
**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးခင်လတ် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး |
| (၂) | ဦးဗိုလ်ဗိုလ်ကျော် | စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၃) | ဦးဖြိုးဇော်စိုး | ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန |

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# မြစ်ကြီးနားမြို့၊ လားရှိုးမြို့၊ တန့်ယန်းမြို့နှင့် ကျိုက်မရောမြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အံ့တော်ရှင် တောင်တန်းသာသနာပြုကျောင်းတိုက်၌ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော် ၅၅ ပါးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁၁)ရပ်ကွက်ရှိ အောင်မင်္ဂလာ နမ့်ဆန်ကျောင်းတိုက်နှင့် တန့်ယန်းမြို့ရှိ ဝဠုဝန်ပရိယတ္တိစာသင်တိုက်တို့မှ သံဃာတော် ၂၆၉ ပါး၊ သာသနာနွယ်ဝင်သီလရှင် ငါးပါးနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ဦးရေ ၂၈၀ တို့ကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သတ်မှတ်နေရာများ၌ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။



သံဃာတော်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထို့ပြင် မွန်ပြည်နယ် ကျိုက်မရောမြို့ရှိ မြဆည်းဆာပရိယတ္တိစာသင်တိုက် ဘိုးဘွားများခိုလှုံရာရိပ်သာနှင့် မိဘမဲ့ဂေဟာရှိ ဘိုးဘွား ၁၉ ဦး၊ ကလေးငယ် ၁၉ ဦးနှင့် ကျောင်းသား ကိုးဦးတို့ကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါစာသင်တိုက်၌ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဆီးချိုသွေးချိုစစ်ဆေးပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သက်ဆိုင်ရာကျောင်းတိုက်ဆရာတော်များကို ဖူးမြော်ကြည်ညို၍ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ်မှ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၃**

၂၀၂၃ ခုနှစ် မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ်မှ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။



မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ်မှ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသား နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မုဒုံမြို့နယ်အသင်းနှင့် မော်လမြိုင်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ အဆိုပါပြိုင်ပွဲကို ဩဂုတ် ၇ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

## အသိပေးထုတ်ပြန်ချက်

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် ၂၀၁၁ ခုနှစ် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ { ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၃/ ၂၀၁၁) } ပုဒ်မ (၁၃)ပါ သတ်မှတ်ပြဋ္ဌာန်းချက်အရ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေများနှင့်အညီ မှတ်ပုံတင်၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းဆောင်ရွက်လိုသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၊ အစုစပ်ကုမ္ပဏီများ၊ INGO များနှင့် NGO များအား သတ်မှတ်စံနှုန်းများနှင့်အညီ စိစစ်၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များကို ခွင့်ပြုပေးခဲ့ပါသည်။

၂။ ၂၀၂၃ ခုနှစ် မေလထိ မြန်မာနိုင်ငံတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ဖြင့် လုပ်ငန်းဆောင်ရွက်နေသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း ၁၈၀ သည် တိုင်းဒေသကြီး၊ပြည်နယ် ၁၅ ခုရှိ မြို့နယ် ၂၆၇ ခု၊ ရပ်ကွက် ၂၃၀၈ ခုနှင့် ကျေးရွာ ၂၇၇၇၃ ခုတို့တွင် အသင်းဝင်ဦးရေ ၄ ဒသမ ၄၉၆ သန်းကျော်ကို အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ အမေရိကန်ပြည်ထောင်စု Delaware ပြည်နယ်အခြေစိုက် INGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် Pact Global Microfinance Fund (PGMF) သည် ပြည်ထဲရေးဝန်ကြီးဌာနတွင် ၂၀၁၂ ခုနှစ်၌ INGO အဖြစ်မှတ်ပုံတင်၍ မြန်မာနိုင်ငံတွင် အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသို့ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခဲ့ပြီး ကြီးကြပ်မှုကော်မတီက ၂၂-၆-၂၀၁၂ ရက်တွင် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အမှတ် (၀၀၂၂/ ၂၀၁၂)ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။

၄။ INGO နှင့် NGO အဖြစ်မှတ်ပုံတင်၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရယူထားသည့် အဖွဲ့အစည်းများသည် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ (၂၀၁၄)နှင့် (၂၀၂၂)ပါပြဋ္ဌာန်းချက်များအရ အကျိုးအမြတ်ရယူဆောင်ရွက်သည့် ငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်မရှိသောကြောင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီက ၂၀၁၈ ခုနှစ်မှစတင်၍ INGO၊ NGO အဖွဲ့အစည်းများကို ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းရေးဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါသည်။

၅။ PGMF အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအနေဖြင့် INGO မှ ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းရေးလုပ်ငန်းစဉ်များအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးပြတ်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသော အသေးစားငွေရေးကြေးရေးလုပ်ငန်းများအားရပ်သိမ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၁၁-၇-၂၀၂၃ ရက်တွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသို့ အကြောင်းကြားစာပေးပို့တင်ပြခဲ့သည်။

၆။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအနေဖြင့် PGMF အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆောင်ရွက်ရန်တင်ပြမှုအပေါ် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည်။

၇။ ယခုအခါ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ခွင့်ပြုချက်ရရှိထားသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း ၁၇၉ ဖွဲ့သည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

# မိုင်းတုံမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဩဂုတ် ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် သတ်မှတ်နေရာများ၌ တွေ့ဆုံရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။



# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်း



ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့ မွန်ကဲရပ်ကွက်ရှိ လေးမျက်နှာစေတီတော်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

**နေပြည်တော် ဩဂုတ် ၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများ၊ ဥပုသ်သီတင်း ဆောက်တည်ကြသူများ၊ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရေး၊ တရားဘာဝနာများ အားထုတ်နိုင်ရေးနှင့် မြို့ရွာများ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ လည်းကောင်း၊မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် နန္ဒာဝန်ရပ်ကွက်ကြီး(၉)ရှိ နတ်ရေကန်ကျောင်းတိုက်၌လည်းကောင်း ဘုရား၊ စေတီပုထိုးဝန်းကျင်နှင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၊အပြင်တို့၌ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ဘုရားရင်ပြင်တော်များကို သန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်း၊ ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၃**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့်ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ စစ်ရေယာဉ်(မြစ်ကြီးနား)သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်အိတ် ၅၀၀၀၊ ရေစုပ်စက် အလုံး၂၀၀၊ မီးစက် ၃၉၉ လုံး၊ မိုးကာတဲ အလုံး၂၀၀၊ ခေါက်ဆွဲခြောက် ၃၉၇၉ ဖာ၊ ရေဆူပိုးသတ်ဆေးပြား ပုံး ၅၀၀၊ ကလိုရင်းဒိုင်အောက်ဆိုဒ် ၁၉၉၉ ဘူး၊ ခရီးဆောင်ဆိုလာမီးအိမ် ၁၂၅ ဖာ၊ ခြင်ထောင်ဖာ ၄၀၀၊စောင်ဖာ၂၅၀၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးပစ္စည်းမျိုးစုံနှင့် အာဟာရမှုန့် ၁၆၁၆ ဖာ၊ ကျန်းမာရေး အသိပညာပေး စာအုပ် ၁၈ ဖာ၊ ပီနံနှစ်အိတ် စုစုပေါင်း ကုန်တန်ချိန် ၅၅၃ ဒသမ ၂ တန်ခန့်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းတံတား၌ တင်ဆောင်၍ စစ်တွေမြို့သို့ ထွက်ခွာသွားသည်။

အဆိုပါ စစ်ရေယာဉ်မှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့်ကူညီကယ်ဆယ်ရေး ပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။



# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချပေးစဉ်။

**နေပြည်တော် ဩဂုတ် ၃**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့်မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှိုစားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကိုလူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂ ရက်က အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Than Aung” အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် မကျည်းတန်းရပ်ကွက်နေ သန်းအောင်(ခ)နန်းမဟာကို မွန်းလွဲ ၁ နာရီတွင် ရွှေကျင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

ခရီးသွားဆောင်းပါး

# မဟာပူရိသကျောက်ဂူတောရ ရိပ်သာ

သက်နိုင်(ပြင်ဦးလွင်)

မြန်မာနိုင်ငံရဲ့ အလှဆုံးလမ်းတွေထဲမှာတစ်ခုအပါအဝင်ဖြစ်တဲ့ ဂုတ်တွင်းလမ်းရဲ့အလှတွေကို ကြည့်ရှုခံစားကြဖို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ဂုတ်တွင်းလမ်းတစ်ဖက်ကမ်းကို ရောက်ရှိနေကြပါပြီ။ ဒါပေမဲ့ အထက်ရှုခင်းသာကြည့်ရပ်နေရာကို ပိတ်ထားလိုက်ပြီဖြစ်လို့ အောက်ရှုခင်းသာ နေရာကနေပဲ ကြည့်ရှုခွင့်ရကြတော့တယ်။ အောက်ရှုခင်းသာနေရာကနေ နောင်ချိုမြို့အစွန်နဲ့ နောင်ချိုဘက်ကမ်းက ဂုတ်တွင်းအတက်၊ အဆင်းလမ်းနေရာတွေကို လှမ်းမျှော်မြင်တွေ့နေရတယ်။ ကြည့်ရပ်နေရာကနေ ဝေးကွာနေတာကြောင့် လမ်းပေါ်မှာသွားလာနေကြတဲ့ ကားကြီး၊ ကားငယ်တွေအားလုံးကို အရွယ်ပမာဏသေးသေးငယ်ငယ်နဲ့ တရွေ့ရွေ့တလှုပ်လှုပ်အဖြစ်သာ မြင်တွေ့ခွင့်ရကြတယ်။ အလွန်ကြီးမားရှည်လျားတဲ့ ၂၂ ဘီးတွဲကားကြီးတွေတောင် မီးခြစ်ဘူးအရွယ်အစားလောက်ဖြစ်သွားတော့တာပါ။

အလွန်နက်ရှိုင်းမတ်စောက်လှတဲ့ လျှိုကြီးအတွင်းမှာ အကွေ့အကောက်၊ အတက်အဆင်းအများအပြားနဲ့ ခက်ခက်ခဲခဲဖောက်လုပ်ထားရတဲ့လမ်းဖြစ်နေလို့ စတင်ဖောက်လုပ်တည်ဆောက်သွားကြတဲ့ အင်္ဂလိပ်လူမျိုးတွေ ဘယ်လိုဦးနှောက်ဉာဏ်တွေသုံးပြီး ဖောက်လုပ်သွားကြတာပါလိမ့်ဆိုပြီး ခရီးဖော်လူကြီး တစ်ယောက်က တအံ့တသြနဲ့ ပြောဆိုလိုက်သံကိုကြားလိုက်ရတဲ့အတွက် မိမိက အင်္ဂလိပ်လူမျိုးတွေထက် မြန်မာလူမျိုးတွေက ပိုပြီးတော်ကြတာပါလို့ ပြောလိုက်မိတယ်။ တကယ်တော့ ဒီလမ်းခရီးတွေမှာ ကားလမ်းအဖြစ်မရောက်သေးခင် ရှေးယခင်ကတည်းက လူသွားလမ်း၊ မြင်းလမ်း၊ လှည်းလမ်းတွေရှိနေပြီးသားပါ။ ဒေသတွင်းမှာ နေထိုင်ကြတဲ့ မြန်မာလူမျိုးတွေ၊ ရှမ်းတိုင်းရင်းသားတွေက တစ်နယ်နဲ့တစ်နယ်၊ ဒေသတစ်ခုနဲ့တစ်ခု ဆက်သွယ်သွားလာကြတဲ့အခါ လူသွားလမ်း၊ လှည်းလမ်းတွေကို စတင်တီထွင်ဖောက်လုပ်ခဲ့ကြတယ်။ အင်္ဂလိပ်တွေ ရောက်လာတဲ့အခါမှာ အရင်ရှိပြီးသာ လူသွားလမ်း၊ လှည်းလမ်း၊ လမ်းဟောင်း၊ လမ်းအူကြောင်းကိုယူပြီး ဆက်လက်ပြင်ဆင်ဖောက်လုပ်ခဲ့ကြတယ်။ သူတို့က ခေတ်မီစက်ကြီးတွေ၊ လူအင်အားတွေ အများအပြားနဲ့ အချိန်တိုတိုအတွင်း ကားလမ်းအဖြစ် ရောက်ရှိအောင် လုပ်သွားနိုင်တာတစ်ခုတည်းရှိပါတယ်။

မန္တလေး-ပြင်ဦးလွင်လမ်းပိုင်းမှာလဲ ဒီနည်းအတိုင်း အင်္ဂလိပ်လူမျိုးတွေက အရင်ရှိနှင့်ပြီးသား လှည်းလမ်းကို အသုံးပြုဖောက်လုပ်သွားခဲ့ကြတယ်။ ဒါကြောင့် လမ်းအားလုံးက ကျေးရွာတွေအနီးကနေ ဖြတ်သန်းသွားကြတာ များတယ်။ အခုဆိုရင် တောင်ကုန်းတောင်တန်း၊ လျှိုမြောင်ချိုင့်ဝှမ်းတွေများပြားလွန်းတဲ့ ချင်းပြည်နယ်လိုနေရာမျိုးမှာ ကားလမ်းမပေါက်သေးတဲ့နေရာဒေသ၊ ကျေးရွာတွေ အများအပြားရှိနေကြသေးတယ်။ ဒါပေမဲ့ ကျေးရွာတိုင်းကို လူသွားလမ်း၊ လှည်းလမ်း၊ ဆိုင်ကယ်လမ်းတွေကနေ သွားလာနိုင်နေကြပါပြီ။ တကယ်လို့ ဒီရွာတွေကို ကားလမ်းဖောက်လုပ်တော့မယ်ဆိုရင် အရင်ရှိပြီးသား လမ်းဟောင်းကိုမူတည်၊ လမ်းအူကြောင်းယူပြီး ဆက်လက်ဖောက်လုပ်ကြမယ်ဆိုတာ သေချာပါတယ်။ ဒေသခံတွေအနေနဲ့ သူတို့လက်ရှိသုံးစွဲနေတဲ့လမ်းကို တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်နှစ်ပြီးတစ်နှစ် ပိုပြီးကောင်းသည်ထက်ကောင်းအောင် တွေးတောကြံဆပြုပြင် ဖောက်လုပ်သုံးစွဲနေကြမယ်ဆိုတာကိုလဲ မယုံကြည်နိုင်စရာမရှိပါဘူး။ ဒါကြောင့် အင်္ဂလိပ်လူမျိုးတွေထက် ဒေသခံမြန်မာလူမျိုးတွေက ပိုမိုတော်ကြကြောင်းကို အကြောင်းသင့်အကျိုးသင့်ယှဉ်ပြီး ခရီးဖော်လူကြီးကို ရှင်းပြလိုက်ရတယ်။

ရှုခင်းသာရပ်ကြည့်နေရာမှာ “ရှုခင်းသာ”ဆိုင်းဘုတ်တစ်ခုနဲ့ ဇရပ်လေးတစ်ဆောင်ရှိနေတယ်။ ရပ်ကြည့်နေရာကနေ ရှုခင်းတွေကိုကြည့်ပြီးကြတာနဲ့ ဇရပ်ထဲမှာ စကားပြောရင်း၊ အမောဖြေရင်း ဝင်ရောက်ထိုင်လိုက်ကြတယ်။ ဇရပ်နဲ့ မျက်နှာချင်းဆိုင်လမ်းတစ်ဖက်မှာ စားသောက်ဆိုင်လေးတွေရှိနေတယ်။ ဒီဆိုင်လေးတွေမှာ ကုန်တင်ကားကြီးတွေ အများအားဖြင့် ရပ်နားကြရတာပါ။ ဘီးပူ၊ ဘရိတ်ပူ၊ အင်ဂျင်ပူတာတွေအတွက် ရေဖြည့်၊ ရေလောင်းလုပ်ကြရတယ်။ ကုန်တင်ကားကြီးတွေက ဒီလိုဆိုင်လေးတွေမှာ စားသောက်ချင်ကြလို့ ရပ်နားကြတာမဟုတ်ဘဲ ကားအတွက် ရေလိုအပ်လို့ နားကြရတာဖြစ်ပါတယ်။ ဆိုင်လေးတွေက နောင်ချိုဘက်ခြမ်းမှာ ပိုမိုများပြားစွာတည်ရှိနေကြတယ်။

ပထမစီစဉ်ထားတဲ့ ခရီးအစီအစဉ်က ဂုတ်တွင်းလမ်းရှုခင်းတွေကို ကြည့်ရှုပြီးရင် ကျောက်မဲမြို့ရှိရာကို ဆက်လက်သွားရောက်ကြဖို့ပါ။ ဒါပေမဲ့ ကျောက်မဲမြို့မှာ လှေလာလည်ပတ်စရာနေရာနဲ့ အထင်ကရနာမည်ကျော်နေရာတွေ မရှိတာကတစ်ကြောင်း၊ အပြန်ခရီးနောက်ကျမိုးချုပ်မှာကို စိုးရိမ်ပူပန်ရမှာတစ်ကြောင်းကြောင့် ကျောက်မဲမြို့ထိ မသွားကြရတော့ဘဲ အခုလတ်တလော နာမည်ကျော်ထင်ရှားနေတဲ့ မဟာပူရိသကျောက်ဂူတောရရိပ်သာကို ဝင်ရောက်လေ့လာကြဖို့ ဆုံးဖြတ်ထားခဲ့ရတယ်။ ဒါကြောင့် စီစဉ်ဆုံးဖြတ်ထားတဲ့အတိုင်း ဂုတ်တွင်းလမ်းကနေ ပြန်လာခဲ့ကြပြီး ကျောက်ဂူတောရရိပ်သာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။



မဟာပူရိသကျောက်ဂူတောရရိပ်သာရှိ ရိပ်သာအဆောင်များကို တွေ့ရစဉ်။

မဟာပူရိသကျောက်ဂူတောရရိပ်သာက ပြင်ဦးလွင်မြို့နယ်နဲ့ နောင်ချိုမြို့နယ် နယ်နိမိတ်အနီးမှာတည်ရှိနေပေမဲ့ နောင်ချိုမြို့နယ်အတွင်းမှာ ပါဝင်နေတယ်။ ဒါပေမဲ့ နောင်ချိုမြို့နဲ့ဝေးကွာနေပြီး ပြင်ဦးလွင်မြို့နဲ့ နီးကပ်စွာတည်ရှိနေတယ်။ ရိပ်သာမှာ သီတင်းသုံးနေတဲ့ ရဟန်းသံဃာတော်တွေ ဆွမ်းခံကြွရင် ပြင်ဦးလွင်မြို့တွင်းကို ကြွရောက်ကြတာပါ။ ပိတ်ချင်းမြောင်ရေတံခွန်နဲ့ (၃)မိုင်၊ ပြင်ဦးလွင်-လားရှိုးကားလမ်းမကြီး မိုင်တိုင်အမှတ်(၅၇)၊ ထင်းရှူးတောကြီးရဲ့အရှေ့၊ နမ့်လင်းခမ်းရွာအနီး၊ ဘော်လှိုင်တောင်တန်းပေါ်မှာရှိနေတဲ့ရိပ်သာကနေ ပြင်ဦးလွင်မြို့တွင်းကို နေ့စဉ်ဆွမ်းခံကြွလေ့ရှိကြတယ်။ ရဟန်းသံဃာအရေအတွက်များပြားတာကြောင့် ကျောင်းပိုင်ကားကြီးတွေ အသုံးပြုပြီး ပြင်ဦးလွင်မြို့နယ်ထိ လာရောက်ကြရတယ်။ အခုနှစ်ပိုင်းတွေမှာ မဟာပူရိသကျောက်ဂူတောရရိပ်သာက တစ်ဟုန်ထိုးနာမည်ကျော်ကြားလာလို့ စီတန်းကြွချီလာတဲ့ သံဃာတော်တွေကို မြို့သူမြို့သားတွေက စေတနာသဒ္ဓါတရားများစွာနဲ့ ဆွမ်းလောင်းနေကြတယ်။ ရိပ်သာအတွင်းမှာ လေ့လာကြည့်ရှုစရာတွေ အများအပြားရှိနေတယ်။

ဂုတ်တွင်းကနေ ပြန်ထွက်လာကြတဲ့ မိမိတို့ခရီးဖော်တွေ တစ်နာရီအကြာလောက် ကားမောင်းအပြီးမှာ ကျောက်ဂူတောရရိပ်သာကို ရောက်ရှိလာကြတယ်။ ရိပ်သာကိုရောက်ရောက်ချင်း ဆရာတော်သီတင်းသုံးတဲ့ကျောင်းတိုက်ရှိရာကို လာခဲ့ကြပြီး ဆရာတော်ကို ဖူးမြော်ကန်တော့ဖို့ စီစဉ်ခဲ့ကြပေမဲ့ ဆရာတော်မရှိတာကြောင့် ကျောင်းတိုက်အတွင်းမှာပဲ ကြည့်ရှုလေ့လာကြရတယ်။ ဆရာတော်ရဲ့ကျောင်းတိုက်ကို သစ်လုံးတွေနဲ့ ခေတ်မီလှပအောင် ဆောက်လုပ်ထားတယ်။ ကျောင်းတိုက်အတွင်းမှာရှိတဲ့ ပရိဘောဂတွေကိုလဲ သစ်ဆုံ၊ သစ်မြစ်၊ သစ်တုံးကြီးတွေနဲ့ လှလှပပအနုပညာလက်ရာမြောက်အောင် ပုံဖော်ထားရှိတာကို တွေ့မြင်နေရတယ်။

ကျောင်းတိုက်က နှစ်ထပ်ဆောင်ဖြစ်တာကြောင့် အပေါ်ထပ်တက်တဲ့လှေကားကိုလဲ သစ်ပင်၊ သစ်ခက်၊ သစ်တုံး၊ သစ်နွယ်တွေအသုံးပြုပြီး ပန်းပုပန်းကြွအရုပ်အမျိုးမျိုးနဲ့ စီခြယ်ဖန်တီးတည်ဆောက်ထားတယ်။ ဘော်လှိုင်တောင်တန်းပေါ်မှာ တည်ရှိနေတဲ့ ကျောင်းတိုက်ရဲ့ ရှုခင်းကြည့်မှန်လုံခန်းထဲကနေ အဝေးတစ်နေရာက တောင်တန်းမှိုင်းမှိုင်းညို့ညို့ကြီးတွေနဲ့ ထင်းရှူးတောတန်း၊ မန္တလေး-လားရှိုးလမ်း၊ ဒေသခံတောင်သူတွေရဲ့ တောင်ယာစိုက်ခင်းစိမ်းစိမ်းစိုစိုတွေ၊ မသိရင် ဥရောပနိုင်ငံတစ်ခုလို့ ထင်မှတ်မှားရလောက်တဲ့ အမိုးချွန်ချွန်တရားစခန်းရိပ်သာ စီစီရီရီတွေ၊ ဆရာတော်တရားကျင့်ကြံအားထုတ်ခဲ့တဲ့ သဘာဝထုံးကျောက်ဂူကြီးတွေနဲ့ လျှောက်လမ်းတွေ၊ ကျောင်းတွင်းရှုခင်းအဖုံဖုံတွေကို မြင်တွေ့နေရတယ်။

ဆရာတော်ရဲ့ကျောင်းတိုက်အတွင်းမှာ လေ့လာပြီးတာနဲ့ ကျောင်းဝင်းအတွင်းကို စတင်လေ့လာကြည့်ရှုကြတယ်။ ပထမဦးဆုံး လေ့လာခဲ့ကြတာက ဂူကြီးတစ်ခုလိုလို၊ တွင်းကြီးတစ်ခုလိုလို မြေအောက်ချိုင့်ဝှမ်းနေရာကြီးတစ်ခုပါ။ မြေအောက်အတွင်းပိုင်းထဲမှာ ဘုရားစေတီတွေ၊ ဗုဒ္ဓရုပ်ပွားတော်တွေရှိနေပြီး တွင်းကြီးကို အပေါ်ကနေ မှန်တွေနဲ့ကာရံထားတယ်။ ဒေသခံတွေရဲ့ ပြောပြချက်အရ တွင်းကြီးက ဒုတိယကမ္ဘာစစ်အတွင်း ဗုံးကျရောက်ပေါက်ကွဲခဲ့တဲ့ ဗုံးကျင်းကြီးဖြစ်ကြောင်းနဲ့ စစ်အတွင်းမှာ ဒုက္ခသည်တချို့ ပြေးလွှားခိုအောင်းပုန်းနေခဲ့ရတဲ့ ကျင်းကြီးဖြစ်ကြောင်း သိလိုက်ရတယ်။

တွင်းကြီးကိုကျော်လွန်ပြီး အုတ်စီလှေကားထစ်လေးတွေအတိုင်း ဆင်းလာကြတဲ့အခါ သဘာဝကျောက်ဂူကြီးတွေကို တွေ့ရှိရတယ်။ ဂူတွေက ကျဉ်းတဲ့ဂူကျဉ်း၊ ကျယ်တဲ့ဂူကျယ်၊ ငယ်တဲ့ဂူငယ်၊ ကြီးတဲ့ဂူကြီးနဲ့ ပုံသဏ္ဌာန်အမျိုးမျိုးတွေပါ။ ဂူတွေထဲမှာ ဗုဒ္ဓရုပ်ပွားတော်တွေနဲ့အတူ အာရုံခံတန်ဆောင်းတွေ၊ တရားထိုင်တဲ့နေရာတွေရှိနေကြတယ်။ အချို့ဂူတွေကို နှစ်ထပ်၊ နှစ်ဆင့်အဖြစ် တွေ့ရှိနေရသလို သံဃာတော်တချို့ သီတင်းသုံးနေထိုင်နေတဲ့ ဂူတွေကိုလဲ တွေ့မြင်နေရတယ်။ ဂူတွေအနီးမှာ လူသေအလောင်းတွေ ထည့်သွင်းအသုံးပြုတဲ့ သစ်သားအခေါင်းကြီးတစ်ခုလဲရှိနေတယ်။ ဂူတွေနဲ့ လူသေအခေါင်းတွေထဲမှာ ဆရာတော်ကိုယ်တိုင် တရားကျင့်ကြံအားထုတ်ခဲ့တယ်လို့ သိလိုက်ရတယ်။

မဟာပူရိသကျောက်ဂူတောရရိပ်သာရဲ့ ထူးခြားချက်တစ်ခုက ကျောင်းဝင်းအတွင်းကို ဝင်ရောက်လိုက်တာနဲ့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိဆိုတဲ့ တရားဓမ္မတေးသံကို မူလအသံထွက်အတိုင်း တိုးတိုးညင်ညင်သာသာနဲ့ နေရာတိုင်းမှာ အဆက်မပြတ်ကြားနေရတယ်။ ကျောင်းဝင်းတစ်ခုလုံး နေရာအနှံ့အပြားမှာ အသံထွက်ဆောင်းဘောက်လေးတွေနဲ့ စီစဉ်ဖွင့်ထားတာဖြစ်ပါတယ်။ ကျောင်းဝင်းရိပ်သာကြီးတစ်ခုလုံး ဆိတ်ငြိမ်နေပြီး တရားဓမ္မတေးသံက သာသာယာယာပျံ့လွင့်နေလို့ ပိုပြီးသာယာသွားတယ်ထင်ရတယ်။ ကျောင်းဝင်းထဲမှာ အကြိုက်ဆုံးတစ်ခုကို ပြောပါဆိုရင် ဓမ္မတေးသံတွေဖွင့်ထားတာကို အကြိုက်ဆုံးလို့ ပြောမိမှာပါ။

သဘာဝဂူတွေရှိရာကနေ ကျောင်းဝင်းပတ်လမ်းအတိုင်း ဆက်လက်လမ်းလျှောက်လာကြတဲ့အခါ တရားရိပ်သာအဆောင်တွေရှိတဲ့နေရာကို ရောက်လာကြတယ်။ ရိပ်သာအဆောင်တွေက အများအပြားရှိနေကြသလို အားလုံးက အမိုးချွန်ချွန်တွေနဲ့ တည်ဆောက်ထားတာ တွေ့ရတယ်။ ကျောင်းဝင်းအတွင်းမှာရှိနေတဲ့ ရိပ်သာအဆောက်အအုံတွေကို ကြည့်ခြင်းအားဖြင့် ရိပ်သာဝင်ယောဂီဦးရေအများအပြား လက်ခံစခန်းသွင်းတရားအားထုတ်နိုင်တယ်ဆိုတာ သိမြင်နိုင်နေတယ်။

ရိပ်သာအဆောင်တွေရှိရာကနေ ပြန်ထွက်လာခဲ့ကြပြီး ကျောင်းဝင်းအလယ်ကိုရောက်တော့ ခပ်ဝိုင်းဝိုင်း၊ ခပ်မြင့်မြင့် အဆောက်အအုံကြီးတစ်ခုကို တွေ့ရပြန်တယ်။ အဆောက်အအုံကြီးရဲ့အောက်ထပ်မှာ ဗုဒ္ဓဝင်ပြခန်းသဘောမျိုး ပြုလုပ်ပြသထားပြီး အပေါ်ထပ်မှာ စာကြည့်တိုက်ဖြစ်ပါတယ်။ အထဲကိုဝင်ရောက်လေ့လာ ကြည့်ရှုကြတဲ့အခါ အခြားဧည့်သည်တွေမရှိကြဘဲ ရှင်းလင်းတိတ်ဆိတ်လို့နေတယ်။

ဗုဒ္ဓဝင်ပြခန်းနဲ့ စာကြည့်တိုက်ထဲကနေ ပြန်ထွက်လာတာနဲ့ လှလှပပဝေဝေဆာဆာဖူးပွင့်နေတဲ့ ပန်းခြံတွေ၊ အထူးပြုလုပ်ဖန်တီးထားတဲ့ ကြိုးတံတားတွေ၊ လှည်းဘီးအဆောက်အအုံငယ်လေးတွေ၊ သစ်သားတံတားလေးတွေ၊ သစ်သား၊ ဝါးဇရပ်ဆောင်လေးတွေကို တသီးတခြား တစ်နေရာစီမှာ လှပခံ့ညားမှုတွေ၊ စိတ်ဝင်စားမှုတွေ၊ သဘောကျနှစ်ခြိုက်မှုတွေနဲ့အတူ တွေ့မြင်နေရတယ်။ ဒါ့ပြင် ထူးထူးခြားခြားအဖြစ် “Sky View and Miracle Garden”ဆိုတဲ့ နေရာတစ်ခုလဲရှိနေသေးတယ်။ မြန်မာဘာသာနဲ့ ပြောဆိုရရင် ကောင်းကင်ရှုခင်းနဲ့ အံ့သြဖွယ်ဥယျာဉ်လို့ဆိုရမယ်ထင်ပါတယ်။ Sky View and Miracle Garden ကိုရောက်ဖို့ လှပတဲ့ကြောင်လိမ်လှေကားမြင့်အတိုင်း အဆောက်အအုံတစ်ခုရဲ့ အထပ်မြင့်မြင့်ပေါ်ကို တက်ရောက်သွားရတယ်။ အပေါ်ကိုရောက်တာနဲ့ Sky View ဆိုတဲ့အတိုင်း အောက်မှာရှိနေတဲ့ ရှုခင်းတွေကို ကောင်းကင်ပေါ်ကနေ ကြည့်ရှုနေရသလို ခံစားရတော့တယ်။ Miracle Garden အံ့သြဖွယ်ဥယျာဉ်ဆိုတာကတော့ ပြင်ဆင်တည်ဆောက်နေဆဲအဆင့်သာ ရှိနေပါသေးတယ်။ ပြီးမြောက်မှုမရှိသေးပါဘူး။

ကျောက်ဂူတောရရိပ်သာထဲမှာ လေ့လာကြည့်ရှုစရာတွေကအများအပြားပါ။ ဒါကြောင့်လဲ တစ်ယောက်တစ်မျိုး ဟိုနားကြည့်၊ ဒီနားကြည့်နဲ့ အချိန်တွေကြာလာတာနဲ့အမျှ ခရီးဖော်တွေလူစုကွဲကုန်ကြတော့တယ်။ ကျောက်ဂူတောရရိပ်သာကို လာရောက်လေ့လာလည်ပတ်ကြမယ်ဆိုရင် အချိန်ပေးဖို့လိုအပ်ပါလိမ့်မယ်။ လေ့လာကြည့်ရှုစရာနေရာတွေ များပြားတဲ့အပြင် တစ်ခါတစ်ရံ ဆရာတော်ကို ဖူးမြော်ကန်တော့ပြီးချိန်မှာ စိတ်ပါဝင်စားသူတွေအတွက် အချိန်ပိုင်း တရားထိုင်ခွင့်လဲရှိနေပါတယ်။ ဒါကြောင့် အားလပ်ရက်တစ်ရက်ရက်မှာ အချိန်ပိုင်း တရားထိုင်ဖို့ နောက်တစ်ခေါက်ပြန်လာကြဖို့ ဆုံးဖြတ်လိုက်ကြတယ်။

0 w Kw d @

# မြသိန်းတန်ဘုရားထံ ဆုတောင်းသံ

စိုင်စိုင်




(၁)

"မမတို့ ဓာတ်ပုံရိုက်ပေးရမလား။ စိတ်တိုင်းကျစေရမယ်နော်။ ဒီမြသိန်းတန်ဘုရားက အလောင်းစည်သူမင်းကြီးတည်ထားခဲ့တာ။ ဒီဘုရားကုန်းမြေက မြတ်စွာဘုရားရှင် ဆင်ဖြူတော်ဘဝက ကျက်စားခဲ့တဲ့နေရာမို့ ဆင်ဖြူတောင်လို့လဲ ခေါ်တယ်"

ဘုရားဖူးလာကြတဲ့ မမများအဖွဲ့ကို တုန်တုန်က စကားလိုက်ပြောနေတာပါ။ ဂျူခမောက်လေးဆောင်းကာ လွယ်အိတ်သေးသေးလေးကို စလွယ်သိုင်းလွယ်ပြီး ဘုရားလာဖူးတဲ့ဧည့်သည်တွေကို သွက်သွက်လက်လက်နဲ့ စကားလိုက်ပြောနေတာပါ။ မင်းကွန်းဒေသမှာရှိတဲ့ မြသိန်းတန်စေတီတော်ကြီးက တုန်တုန်တို့အတွက် ထမင်းအိုးကြီးပါပဲ။ ဘုရားခြေရင်းက ရွာမှာနေကြတဲ့ တုန်တုန်တို့လို ကလေးတွေအတွက် ကျောင်းပိတ်ရက်တိုင်း ဘုရားဖူးဧည့်သည်တွေကို သူတို့ဖုန်းနဲ့ဓာတ်ပုံရိုက်ပေးကြပြီး မုန့်ဖိုးရှာကြတယ်။ အရင်ကတော့ ကင်မရာနဲ့ရိုက်တဲ့ ဓာတ်ပုံဆရာတွေအလုပ်ဖြစ်ကြပါတယ်။ အခုတော့လဲ သူတို့ဖုန်းတွေနဲ့ပဲ ဓာတ်ပုံရိုက်ကြတော့တာလေ။ သူတို့ဖုန်းရဲ့ ဆက်တင်ထဲဝင်ပြီး ကာလာချိန်၊ ရှုခင်းရှုထောင့် သေချာရွေးပြီး သေသေချာချာ စေတနာပါပါ ရိုက်ပေးကြတာပါ။ ဘယ်လို ဖုန်းအမျိုးအစားဖြစ်ပါစေ တုန်တုန်တို့ ကျွမ်းကျွမ်းကျင်ကျင် ကိုင်တတ်နေကြပြီ။ စိတ်ရှည်ရှည်နဲ့ သူတို့စိတ်တိုင်းကျအောင်ရိုက်ပေးရတယ်။ သူတို့မုန့်ဖိုးပေးသလောက်ရတာပေါ့။

"မူလဘွဲ့အမည်ကတော့ အလောင်းစည်သူမင်းကြီးရဲ့ကုသိုလ် ရှင်ဖြူဘုရားရုပ်တုကို အစွဲပြုပြီး ရှင်ဖြူဘုရားလို့ ဘွဲ့အမည်တွင်ခဲ့တယ်"

"အမယ် တယ်ဟုတ်ပါလား။ သမီးက ဘုရားသမိုင်းအလွတ်ကျက်ထားတာလား"

ခပ်ချောချော မမတစ်ယောက်က တုန်တုန့်ကို ပြုံးပြုံးလေးမေးပါတယ်။

"အလွတ်ရနေတာပါမမရဲ့။ တုန်တုန့်အဘိုးက ငယ်ငယ်ကတည်းက ပြောပြထားတယ်လေ။ ကိုယ့်ဒေသက ရှေးဟောင်းအမွေအနှစ်ကို နားလည်ရမယ်၊ ပြောပြတတ်ရမယ်၊ ထိန်းသိမ်းရမယ်လို့ သင်ထားတာ။ ဓာတ်ပုံရိုက်ပေးမယ်လေ မမ"

"ခဏနေရင်ရိုက်ပေးလေ။ ဆက်ပါအုံး ဘုရားသမိုင်းကို"

"ဟုတ်။ ဒီဘုရားကြီးက ရှင်ဖြူဘုရား၊ ဆင်ဖြူမယ်ဘုရား၊ မြသိန်းတန်စေတီဆိုပြီး ဘွဲ့အမည်သုံးခုရှိတယ်မမ"

"အင်း စာအုပ်ထဲမှာ ဖတ်ဖူးတယ်"

"အထင်ကရဘုရားသမိုင်းပဲ မမတို့သိမှာပါ။ စေတီတော်အောက်ခြေကနေ တရွေ့ရွေ့မြင့်တက်သွားတဲ့ ရေလှိုင်းပုံစံ ပစ္စယာခုနစ်ဆင့်က သီတာခုနစ်တန်၊ တောင်စွယ်ခုနစ်လုံးကိုရည်ရွယ်တာလေ။ အလယ်ဗဟိုအမြင့်အုတ်ခုံမှာ အာလိန်ငါးဆင့်ပတ်ထားတာက မြင်းမိုရ်တောင်ကိုရည်ရွယ်တာ။ ဒီစောင်းတန်းသုံးသွယ်ကတော့ အလယ်က ဘုရင်လျှောက်လမ်း၊ တစ်ဖက်က မင်းညီမင်းသား၊ တစ်ဖက်က မှူးမတ်ဗိုလ်ပါတွေလျှောက်ကြရတယ်တဲ့။ အုတ်လှေကားက အထစ် ၁၀၀ ရှိတယ်လေ။ အခုအောက်မှာ ၁၂ ထစ်၊ အလယ်မှာ ၃၅ ထစ်၊ ဟိုအပေါ်မှာ ၅၃ ထစ်ရှိတယ်။ ဘုရားအရင်ဖူးပါနော်။ အပေါ်ဆုံးထိ တုန်တုန်လိုက်ခဲ့မယ်နော်။ ဘုရားက နှစ်ဆူရှိတာ မမတို့။ ရှေ့ကဖူးရင် တစ်ဆူပဲဖူးရမယ်။ ဘေးကပါပြန်ဖူး။ အဲဒါမှ နောက်က ဘုရားအဆူကိုပါ ဖူးလို့ရမှာ"

ဘုရားစောင်းတန်းအုတ်လှေကားကနေ ဘုရားဖူးမမတို့နဲ့အတူလိုက်တက်လာရင်း တုန်တုန်သိသလောက်ပြောပြရတာ မမောပါဘူး။ တစ်နေ့တစ်နေ့ ဘယ်နှခါဘုရားသမိုင်းလိုက်ပြောမိမှန်း မှတ်တောင်မမှတ်မိဘူးရယ်။ တချို့ကလဲသေချာနားထောင်ကြတယ်။ တချို့ကလဲသိပြီးသားပါ။ ရှုပ်လိုက်တဲ့ကလေးလို့ မြင်ကြပြန်ရော။ တုန်တုန်အသက် ခုနစ်နှစ်အရွယ်ကတည်းက ဘုရားပေါ်တက် ဘုရားသမိုင်းကို မေးမေး၊ မမေးမေး လိုက်ပြောပြ။ ဓာတ်ပုံရိုက်ပေးရမလားလိုက်မေးနဲ့။ ရသလောက်မုန့်ဖိုးလေးတွေနဲ့ပျော်နေရတာ။ အခုလို အသက် ၁၀ နှစ်အရွယ်မှာတော့ ဖုန်းနဲ့ဓာတ်ပုံရိုက်ပေးတဲ့အလုပ်က ကျွမ်းကျင်အဆင့်ဖြစ်နေပြီ။

(၂)

"သမီး ညနေပြန်လာရင် ဆန်တစ်ပြည်ဝယ်ခဲ့နော်။ အမေ အဝေရာညွန့်ခူးပြီး ပြုတ်ထားမယ်။ ငံပြာရည်ဖျော်ထားမယ်"

"ကြက်ဥရောဝယ်ခဲ့မမ။ သား ကြက်ဥကြော်စားချင်တယ်"

"ဟုတ်ကဲ့အမေ။ ကိုယ့်ကိုယ်ကိုယ်လဲ ဂရုစိုက်နော်။ မောင်လေး မမ ကြက်ဥဝယ်ခဲ့မယ်။ အမေ့နားနေနော်"

အမေက မောင်လေးကိုမွေးပြီးကတည်းက မီးယပ်ကျိုးတယ်ဆိုလား၊ လေငန်းဖမ်းတယ်ဆိုလား လမ်းကောင်းကောင်း မလျှောက်နိုင်တော့ဘူး။ ဝါးလုံးထောက်အားပြုပြီး တစ်လှမ်းချင်းလျှောက်နေရတာ။ ခုံဖိနပ်ပြုလုပ်ပြီး ရောင်းတဲ့အဖေက ခုံဖိနပ်စီးတဲ့ခေတ်မဟုတ်တော့ ရန်ကုန်မှာ ရရာအလုပ်လုပ်မယ်ဆိုပြီး ထွက်သွားတယ်။ တစ်နှစ်လောက်တော့ ပိုက်ဆံပို့သေးတယ်။ ပိုက်ဆံမပို့တော့တာ ငါးနှစ်ရှိပြီ။ နောက်မိန်းမရနေတယ်လဲပြောကြတာပဲ။ တုန်တုန်က အမေ့ကိုသနားတယ်။ အဖေ့ကိုမေးမေးနေတဲ့ မောင်လေးကိုလဲသနားတယ်။ အမေ့ကို ဆေးကုပေးချင်တယ်။ အမေရဲ့အဖေနဲ့အစ်ကိုတွေကလဲ လက်လုပ်လက်စားသမားတွေဆိုတော့ အဆင်မပြေကြဘူး။ အမေက ဂျူခမောက်ထိုးတဲ့အလုပ်လေးလုပ်ပါတယ်။ နေမကောင်းခဏခဏဖြစ်လူကမသန်မာဆိုတော့ သိပ်တော့မလုပ်နိုင်ဘူးလေ။ တုန်တုန်က မြသိန်းတန်စေတီတော်ရဲ့တောင်ဘက်မှာရှိတဲ့ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းမှာ လေးတန်းတက်နေတာ။ ကျောင်းနေ့တစ်ဝက်ပိတ်ရက်ဆို သိပ်ပျော်တယ်။ ဘုရားပေါ်ပြေးတော့တာပဲ။ တုန်တုန် စာလဲကြိုးစားပါတယ်။ ပညာတတ်ကြီးဖြစ်ချင်တယ်။ သိပ်လှတဲ့မြန်မာနိုင်ငံက ရှေးဟောင်းဘုရားသမိုင်းတွေကိုလေ့လာပြီး တန်ဖိုးရှိတဲ့မြန်မာ့အမွေအနှစ်တွေဖြစ်ကြောင်း နိုင်ငံခြားသားတွေကို ရှင်းပြနိုင်တဲ့ တိုးရစ်ဂိုက်ဖြစ်ချင်တယ်။ သဘာဝအလှတွေကိုပန်းချီဆွဲချင်တယ်။ ဒီမင်းကွန်းဒေသလေးကိုလဲ ချစ်တယ်။

(၃)

"အန်တီတို့ ဓာတ်ပုံရိုက်ပေးရမလား။ ဟိုအနောက်ဘက်မှာ ထန်းတောကြီးနောက်ခံနဲ့ရိုက်ရင်လဲ လှတယ်လေ။ ဘုရားသမိုင်းလဲ ရှင်းပြမယ်နော်"

"ဟယ် မရိုက်ပါဘူး။ စကားတွေ လိုက်ပြောမနေနဲ့ သွား သွား"

"အေးဟယ် ဘယ်လိုကလေးတွေလဲမသိဘူး။ ဓာတ်ပုံရိုက်ပေးမယ်နဲ့ တစ်ယောက်ပြီးတစ်ယောက်လာပြောနေတာ။ ဘုရားဖူးရတာ အာရုံနောက်တယ်။ သူတို့ကို မောင်းထုတ်ရတာ အလုပ်ရှုပ်တယ်"

ဝတ်ကောင်းစားလှတွေ ဝတ်ထားတဲ့အန်တီကြီးတွေမိသားစုက အထင်သေးတဲ့အကြည့်နဲ့ မောင်းထုတ်လို့ တုန်တုန်ထပ်မမေးရဲတော့ဘူး။ တုန်တုန်တို့လို ဓာတ်ပုံလိုက်ရိုက်ပေးတဲ့ ကလေးတွေကလဲ အခုဆိုရင် ဘုရားပေါ်မှာ ပိုများလာကြတယ်လေ။ စားဝတ်နေရေးအဆင်မပြေကြတဲ့ မိသားစုကပေါက်ဖွားလာတဲ့ကလေးတွေ။ အိမ်စရိတ်အတွက် နည်းနည်းပဲရပါစေ ကူရှာပေးချင်ကြတာပါ။ ဈေးရောင်းဖို့ဆိုတာကလဲ ဈေးရင်းဖို့ပိုက်ဆံလိုတယ်။ သူတို့ဖုန်းနဲ့ သူတို့ကို ဓာတ်ပုံရိုက်ပေးရတာက ပိုက်ဆံရင်းစရာမှမလိုတာ။

"ဟဲ့ ဟဲ့ ရှိစီ ဟိုအန်တီအဖွဲ့ကို သွားမမေးတော့နဲ့နော်။ ငါ့ကို မောင်းထုတ်လိုက်တယ်"

"မေးမှာပဲ။ ဘာလဲ ငါ့ကိုဓာတ်ပုံရိုက်ခိုင်းမှာစိုးလို့မဟုတ်လား။ နင်မနာလိုလို့မဟုတ်လား။ နင့်ကိုဓာတ်ပုံမရိုက်ခိုင်းလဲ ငါ့ကို ရိုက်ခိုင်းချင်ခိုင်းမှာပေါ့ ဟွန်း"

ပြောပြောဆိုဆိုနဲ့ အန်တီကြီးအဖွဲ့နားကို ရှိစီပြေးလိုက်သွားတယ်။ တုန်တုန် စိတ်မကောင်းဖြစ်မိတယ်။ အဲဒီ ရှိစီက စေတနာကိုနားမလည်ဘူး။ မောင်းထုတ်ခံရပြီး အထင်အမြင်သေးတဲ့မျက်လုံးနဲ့ ကြည့်တတ်တဲ့သူတို့ကြောင့် တုန်တုန့်လို ဝမ်းနည်းသိမ်ငယ်ရမှာစိုးလို့ တားမိတာကို။ မကြာပါဘူး ရှိစီငိုပြီး ဘုရားပေါ်ကဆင်းလာတယ်။ တုန်တုန်ထိုင်နေတဲ့ ထနောင်းပင်အောက်လာထိုင်တယ်။

"အဟင့် ဟင့်။ ဟိုဘွားတော်တွေကလေ ငါ့ကို အလစ်သုတ်တတ်တယ်ထင်တာ ဟ။ အီး ဟီး ဟီး"

"ဟင် ဘာဖြစ်လာတာလဲ။ ဘာပြောလိုက်လို့လဲ။ နင်က သူတို့နားကို တအားကပ်မိလို့လား"

"ငါက ဓာတ်ပုံရိုက်ပေးရမလား လိုက်မေးတာလေ။ မရိုက်ဘူး သွားလို့ပြောလဲ စိတ်ပါပြီး ရိုက်ခိုင်းမလားလို့ သူတို့နောက်က ကပ်လိုက်သွားတာပေါ့။ ဘုရားပေါ်ရောက်တော့ သူတို့ဘာသာ ဓာတ်ပုံရိုက်ကြတာ။ ငါက ဟိုလိုလေးရိုက်ပါ့လား၊ ဒီလိုလေးရိုက်ပါ့လားလို့ စေတနာနဲ့ ပုံလှလှလေးထွက်အောင် ပြောမိတာပါ"

"အင်း အဲဒီတော့"

"ဦးလေးကြီးတစ်ယောက်ရဲ့ခါးကြားမှာ ထိုးထားတဲ့ ပိုက်ဆံအိတ်မရှိတော့ဘူး။ သူတို့နောက်ကို ငါပဲကပ်လိုက်လာတာဆိုပြီး ငါ့ကိုစွပ်စွဲတာ။ ငါ့ လွယ်အိတ်ထဲကော အကျႌတွေထဲပါ နှိုက်ရှာကြတယ်"

"ဟင်"

"ငါ့ဆီမှာမတွေ့တာကို မကျေနပ်ဘူး။ ဆဲလိုက်သေးတယ်။ ပြီးမှ သူ့မိန်းမကြီးရဲ့ လက်ပွေ့အိတ်ကြီးထဲက ပြန်တွေ့တာ။ သူတို့ဘာသာ အသိမ်းလွန်ပြီးတော့ ငါ့ကိုစွပ်စွဲတာ အဟင့် ဟင့်"

"ဩော် . . . သားသမီးချင်းကိုယ်ချင်းမစာပါလားဟာ။ ငါပြောသားပဲ မမေးတော့နဲ့လို့။ နောက်ကို လူရိပ်လူကဲကြည့်ပါဟာ။ လူတွေနားကို တအားလဲ ကပ်မလိုက်နဲ့။ စကားလိုက်ပြောတာ မကြိုက်တဲ့ပုံပြရင် နောက်သာဆုတ်နေလိုက်ပါ။ တို့လို နင်းပြားဘဝတွေက အကျင့်စာရိတ္တတစ်ခုပဲ ပိုင်ဆိုင်တာလေ။ ကိုယ့်ပိုင်ဆိုင်မှုကိုဆုပ်ကိုင်ပြီး ထမင်းငတ်ရင်ငတ်ပါစေ သူများပစ္စည်း အလစ်မသုတ်ဘူးဆိုတာ သူတို့နားလည်ရင်ကောင်းမယ်"

"အီး ဟီး ဟီး ငါ မကျေနပ်ဘူး"

"တိတ်ပါဟာ။ ငါတို့စာကြိုးစားကြမယ်။ တို့ဘဝတွေ မြင့်မားလာအောင် ကြိုးစားမယ်။ နင် ကျောင်းမပျက်ပါနဲ့ ဟာ"

ရှိစီက ကျောင်းမတက်ဘဲ ဘုရားပေါ်တက်ကာ ဓာတ်ပုံလိုက်ရိုက်ပေးလို့ မုန့်ဖိုးရနေတာကို ကျေနပ်နေသူ။ တုန်တုန်ကတော့ ကျောင်းဆင်းချိန်နဲ့ ပိတ်ရက်တွေပဲ မုန့်ဖိုးရှာတာ။

(၄)

"ဝုန်း ခွမ်း"

"အမယ်လေး . . ."

"ဟာ အမေ အမေ"

အိမ်နောက်ဖေးမီးဖိုချောင်ထဲ အမေ ထမင်းအိုးတည်ရင်း ချော်လဲလို့ တုန်တုန်နဲ့မောင်လေး လန့်နိုးပြီး အမေ့ကို ပြေးထူကြရတယ်။

"အမေ နာသွားလား။ တုန်တုန့်ကို နှိုးပါဆိုနေ။ တုန်တုန်ပဲ ထမင်းချက်ပါ့မယ်ဆိုနေ"

"ငါ့သမီးလေးက ပင်ပန်းတယ်။ အမေလုပ်နိုင်တာလုပ်မယ်။ မနာပါဘူး။ ဒဏ်ကြေဆေးလိမ်းရင် ပျောက်ပါတယ်။ နောက်ကို အမေသတိထားပါ့မယ်"

"အမေရယ်"

တုန်တုန့်ရင်ထဲ စိတ်မကောင်းခြင်းနဲ့ လှိုက်မောလာမိတယ်။ တုန်တုန်ကျောင်းထွက်ပြီး ပိုက်ဆံကိုပဲရှာရတော့မလား။ တုန်တုန့်အိပ်မက်တွေကို စွန့်ရတော့မလား။ အမေ့ကိုလဲ သနားလှပြီ။ မသန်စွမ်းတော့ပေမဲ့ ဂျူခမောက်ထိုးလိုက်၊ အကျႌပန်းကြယ်သီးတပ်တဲ့လက်ခစားလုပ်လိုက်နဲ့။ တုန်တုန်ကျောင်းထွက်မယ်ပြောရင် အမေမကြိုက်ဘူး။ လွယ်အိတ်လေးလွယ်ပြီး ကျောင်းရောက်လာပေမဲ့ တုန်တုန့်စိတ်က ဘုရားပေါ်ဆီကိုသာ။

စာမျက်နှာ ၂၅ သို့ ➤

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၄၈၃၉ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၄၈၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၆၈၁၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၈၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် အရာတော်မြို့နယ်မှာ ဝါဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ ဝါဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ အထွက်နှုန်းကောင်းပြီး သက်တမ်းတိုတဲ့ချည်မျှင်ရှည်ဝါတွေ တိုးချဲ့စိုက်ပျိုးဖို့အတွက် တောင်သူ ပညာပေးလုပ်ငန်းတွေ အချိန်အပြည့် မြှင့်ဆောင်ရွက်နေပါတယ်။ ဝါသီးနှံ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေ ဖြန့်ဖြူးပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ဝါစိုက်ပျိုးပြီးစီးမှုအနေဖြင့် မလှိုင်ဝါ ၂၂၉၂ ဧက၊ မိုးကြိုချည်မျှင်ရှည်ဝါ ၁၂ ဧက၊ မိုးချည်မျှင်ရှည်ဝါ ၂၅၃၅ ဧက စုစုပေါင်း ၄၈၃၉ ဧကဖြစ်ပြီး လျာထားမှုအနေဖြင့် မလှိုင်ဝါ ၃၃၄၁ ဧက၊ မိုးကြိုချည်မျှင်ရှည်ဝါ ၁၀ ဧက၊ မိုးချည်မျှင်ရှည်ဝါ ၂၆၁၃ ဧက၊ မိုးနှောင်းချည်မျှင်ရှည်ဝါ ၈၅၁ ဧက စုစုပေါင်း ၆၈၁၅ ဧကဖြစ်ကြောင်း သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ဝါသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များရရှိစေရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး နည်းပညာပေးသင်တန်းများဖွင့်လှစ် ပို့ချပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ရွှေကူမြို့နယ် ငါးဘတ်ကြီးကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်နေမှု စစ်ဆေး

**ရွှေကူ ဩဂုတ် ၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ငါးဘတ်ကြီးကျေးရွာ၌ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေကူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးမိုင်းရင်နှင့် တာဝန်ရှိသူများက ငါးဘတ်ကြီးကျေးရွာ၌ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ဦးမိုင်းရင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ငါးဘတ်ကြီးကျေးရွာ၌ တံတားအရှည်ပေ ၂၀၊ အကျယ် ၂၄ ပေ၊ အမြင့် ကိုးပေရှိ ကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၉၆ ဒသမ ၇၂၆ သန်း အသုံးပြုကာ ရွှေကူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မနောဝတီ ကုမ္ပဏီက ယခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါတံတားတည်ဆောက်ပြီးစီးပါက ငါးဘတ်ကြီးကျေးရွာရှိ ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်တော့မည်ဖြစ်ကြောင်း ရွှေကူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**

➤ စာမျက်နှာ ၂၄ မှအဆက်

(၅)

ဒီနွေရာသီကျောင်းပိတ်ရက်မှာ ပိုက်ဆံပိုရှာမယ်လို့ တုန်တုန်တွေးထားပြီ။ အင်္ဂလိပ်စာမီးနင်းစာအုပ်တွေ ဝယ်မယ်။ အားရင်အားသလို အင်္ဂလိပ်စာကျက်မယ်။ အင်္ဂလိပ်စာကျွမ်းကျင်တဲ့ ဘုန်းတော်ကြီးသင်ကျောင်းက ဦးပဥ္စင်းဝိမလက တုန်တုန့်ကို အင်္ဂလိပ်စာ စနစ်တကျသင်ပေးတယ်။ အခုဆိုရင် နိုင်ငံခြားသားတွေကို အင်္ဂလိပ်လို တစ်စွန်းတစ်စနဲ့ ဘုရားသမိုင်းရှင်းပြတတ်နေပြီ။

"အစ်ကိုကြီးတို့ ဓာတ်ပုံရိုက်ပေးမယ်လေ။ ရှယ်လှစေရမယ်နော်"

"အစ်ကိုကြီး သူကမရိုက်တတ်ဘူးရယ်။ ရှိစီက ပိုရိုက်တတ်တယ်။ ရှိစီရိုက်ပေးမယ်"

"ဟင် ရှိစီ အကျင့်မပုပ်နဲ့လေ ငါအရင်မေးနေတာကို"

"ဟား ဟား ဟား။ အရေးထဲမှ အလုအယက်ပါလား။ ဒီကလေးမတွေ ရန်တော့မဖြစ်ကြနဲ့ဟေ့။ ဘယ်သူနဲ့မှမရိုက်ဘူး"

တုန်တုန် စိတ်တိုမိတယ်။

"ရှိစီ နင်အကျင့်ပုပ်လှပါလား။ ဘာလို့သူများမေးနေတာကို လိုက်ပြီး လုမေးနေရတာလဲ"

"နင်က အခုတစ်မနက်ခင်းမှာတင် သုံးဖွဲ့လောက်ကို ဓာတ်ပုံရိုက်ပေးရပြီလေ။ ငါက တစ်ဖွဲ့မှမရိုက်ရသေးဘူး။ ငါ ဗိုက်တအားဆာနေတာ။ မနက်ကတည်းက ဘာမှမစားရသေးဘူး"

မျက်ရည်များဝဲနေပြီး ကတုန်ကယင်လေးပြောလိုက်တဲ့ ရှိစီ့ကို တုန်တုန်စိတ်မတိုနိုင်တော့ပါဘူး။ လွယ်အိတ်ထဲမှာ ပိုက်ဆံ ၅၀၀၀ ရနေပြီလေ။

"တဲ . . . ရော့ ရော့ ငွေ သုံးထောင်။ ချေးတာမဟုတ်ဘူး။ ပေးတာနော်။ နင်လဲငါ့ကို ကတိပြန်ပေး။ အကျင့်ကောင်းကောင်းထားပါ့မယ်။ စာကြိုးစားပါ့မယ်လို့"

"အေးပေးတယ်။ ကတိပေးတယ်။ အိမ်မှာ အဖေလဲနေမကောင်းဘူး။ ထမင်းဝယ်ပြီး ငါအိမ်ပြန်တော့မယ်"

မျက်မမြင်အဖေတစ်ခုသမီးတစ်ခုနဲ့ ချို့တဲ့လွန်းတဲ့ရှိစီကို သနားမိတယ်။ တုန်တုန်တို့ကကော မချို့တဲ့လို့လား။ ဒါပေမဲ့ တုန်တုန်ကြိုးစားမယ်။ ဟော လှလိုက်တဲ့စုံတွဲလေး ဘုရားပေါ်တက်လာပြီ။

"အစ်ကိုနဲ့အစ်မက သိပ်လှတာပဲ။ ဓာတ်ပုံရိုက်ပေးရမလား။ ဟိုးအနောက်ဘက်က ထန်းတောကြီးနောက်ခံထားပြီးရိုက်ရင် တကယ်လှတယ်။ ဘုရားသမိုင်းလဲရှင်းပြမယ်လေ"

"ဟယ် မျက်ဝန်းတောက်တောက်လေးနဲ့ ချစ်စရာလေး။ ကိုကို သူ့ကို ဓာတ်ပုံရိုက်ခိုင်းရအောင်"

တုန်တုန် ပျော်လိုက်တာ။ မာန်မာနမရှိတဲ့ သူတို့စုံတွဲလေးနောက် တကောက်ကောက်လိုက်ပြီး တုန်တုန်သိသမျှအကုန်ပြောပြ။ စုံတွဲပုံလေးတွေကို ပုံစံအမျိုးမျိုးဓာတ်ပုံရိုက်ပေးနဲ့။

"အိုး ပုံလေးတွေကလှလိုက်တာ။ ကိုကို ကလေးကိုမုန့်ဖိုးပေးလိုက်လေ"

"ကျေးဇူးပဲနော် ညီမလေး"

"ဟို အစ်ကို ပိုက်ဆံက ၁၀၀၀၀ တန်ကြီး။ ၁၀၀၀ လောက်ပဲပေးပါ"

"ယူလိုက် ညီမလေး။ ကျေးဇူးနော်"

တုန်တုန့်ခေါင်းလေးကိုပုတ်ပြီး ဘုရားပေါ်ကဆင်းသွားကြတဲ့ စုံတွဲလေးကို မျက်စိတစ်ဆုံးကြည့်နေမိတယ်။ တစ်ခါမှ အခုလိုမုန့်ဖိုးများများ မရဖူးတဲ့ တုန်တုန် အံ့ဩဝမ်းသာနေမိတယ်။ ပြီးတော့ မြသိန်းတန်စေတီတော်ကြီးကို ဖူးမြော်ပြီးဆုတောင်းလိုက်တယ်။

"အရှင်ဘုရား။ တပည့်တော်တုန်တုန်ဟာ စိတ်ရင်းစေတနာကောင်းထားပါမယ်။ လူတိုင်းကိုလဲ ကိုယ်နိုင်တဲ့ဘက်က ကူညီပါမယ်။ စာရိတ္တကိုယ်ကျင့်တရားထိန်းသိမ်းပါမယ်။ မိဘကိုလုပ်ကျွေးပြုစုပါမယ်။ ဤမှန်သောစကားများကြောင့် တုန်တုန့်ဘဝအနာဂတ်ရည်မှန်းချက်တွေ ပြည့်ဝပါစေဘုရား"

တာဝတိံသာနတ်ပြည်မှာရှိတဲ့ စူဠာမဏိစေတီတော်ကြီးကို ရည်မှန်းပြီး တည်ထားလှူဒါန်းခဲ့တဲ့ ရှေးမြန်မာဘုရင်တို့ရဲ့ ဆန်းသစ်တဲ့အတွေးအခေါ်၊ ဆန်းကြယ်တဲ့စီမံဆောင်ရွက်မှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးက လူတွေလာရောက်ဖူးမြော်ကြတဲ့ မြသိန်းတန်စေတီတော်ကြီးက ကောင်းကင်ပြာပြာကြီးအောက်မှာ ဖြူဖွေးတင့်တယ် သပ္ပာယ်လျက်တည်ရှိနေတာကို တုန်တုန်ဖူးမြော်လို့မဝနိုင်။

## ငါတို့မြန်ပြည် သာစေမည်

- ဝန်းကျင်စိမ်းလန်း တောင်ပြာတန်းနှင့်
ရှုစမ်းလေရာ လွန်သာယာသော
မြန်မာရေမြေ ကျက်သရေ။

- ဧရာထိုမြစ် စီးခွေရစ်၍
မြစ်ချောင်းသွယ်သွယ် အင်းအိုင်ကြွယ်သော
သာဖွယ်ရေမြေ ကျက်သရေ။

- လွင်ပြင်မြစ်ဝှမ်း ဩဇာလွှမ်း၍
စိုက်စမ်းဖုံဖုံ သီးနှံစုံတို့
ကုံလုံပြည့်နေ ကျက်သရေ။

- တောင်ပေါ်မြေပြန့် အနှံ့နှံ့ကို
ခြေဆန့်ဖွေရှာ ပီတိဖြာရ
စားစာပေများ လောက်ငွား၍
တို့များစိတ်တွေ မေတ္တာဝေ။

- တိုင်းပြည်ဝမ်းစာ ပြည့်လျှမ်းဖြာသို့
သာသနာရောင် ဘာသာရောင်နှင့်
ထွန်းပြောင်ပုထိုး စေတီမျိုးတို့
ဘိုးဘေးစဉ်ဆက် ယခုထက်တိုင်
တိုးတက်စည်ပင် ရွှေ့သို့နှင်၍
ပြည်ခွင်ငြိမ်းချမ်း မေတ္တာလွှမ်းအောင်
ကြိုးပမ်းလျက်သာ စွမ်းဆောင်ပါမည်
ကမ္ဘာတည်သရွေ့ ခက်ဝေစည်။
မြန်မာပြည်ဟေ့ သက်သေတည်။ ။

**ညွန့်ဝင်း(နတ်တလင်း)**

# မကွေးမြို့နယ် ယင်းသာစည်အရှေ့ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းနေမှု စစ်ဆေး

**မကွေး ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယင်းသာစည်အရှေ့ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက Dears Brain ကုမ္ပဏီမှ တာဝန်ရှိသူများ၊ လမ်းတံတားဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ယင်းသာစည်အရှေ့ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုမ္ပဏီမှ တာဝန်ရှိသူများကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းသာစည်အရှေ့ကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းနှင့် အရှည် ပေ ၈၀၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မရှိ ကွန်ကရစ်ရေကျော်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၄၇ သန်းဖြင့် Dears Brain ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇွန်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးပါက ယင်းသာစည်အရှေ့ကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လယ်ယာစိုက်ပျိုးမြေများမှ ထွက်ရှိသော ဒေသထွက်ကုန်များကို ဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က ပြောပြ၍ သိရသည်။

**အိပိုးပိုး**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ကမ္ဘာတစ်ဝန်း ခါးနာခါးကိုက်ခြင်းပြဿနာ

ဒေါက်တာလွှမ်းမိုးဟန်



ခါးနာခါးကိုက်ဝေဒနာသည် ဆေးရုံ၊ ဆေးခန်းများသို့ လူနာများရောက်လာကြရသည့် အဓိကအကြောင်းရင်းများစွာထဲမှတစ်ချက်ဖြစ်သည်။ ခါးနာသူအများစုသည် အန္တရာယ်မရှိသည့် နောက်ခံအကြောင်းအရာများကြောင့်ဖြစ်ရပြီး သူ့အလိုလို သို့မဟုတ် ကုသမှုအနည်းငယ်မျှဖြင့် ပြန်ကောင်းသွားတတ်ကြသည်။ အချို့ခါးကိုက်ဝေဒနာရှင်များသည် နောက်ကွယ်တွင် ကင်ဆာရောဂါကဲ့သို့ ဝေဒနာကြီးများရှိနေတတ်ကြပြီး စနစ်တကျရောဂါရှာဖွေစစ်ဆေးမှုမပြုလုပ်ပါက မဖြစ်သင့်သည့် နောက်ဆက်တွဲပြဿနာကြီးများနှင့် ရင်ဆိုင်သွားရနိုင်သည်။ ထို့ကြောင့် အဖြစ်များသည့် ခါးနာခါးကိုက်ဝေဒနာကို ပေါ့ပေါ့ဆဆကြည့်ရှုကုသခြင်း မပြုသင့်ကြောင်း အတွေ့အကြုံများသည့်ဆရာဝန်များ နားလည်ထားကြသည်။

ကမ္ဘာတစ်ဝန်း ခါးနာခါးကိုက်ဝေဒနာရှင်များ တစ်စတစ်စများလာသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း ကမ္ဘာတစ်ဝန်း ခါးနာခါးကိုက်ဝေဒနာခံစားရသူ ၆၁၉ သန်းခန့်ရှိခဲ့သည်။ ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်း ပမာဏဖြစ်သည်။ လူ ၁၀ ဦးလျှင် တစ်ဦးမှာ ခါးကိုက်နေသည့်သဘောဖြစ်သည်။

၂၀၅၀ ပြည့်နှစ်ရောက်သည့်အခါ ခါးနာသူဦးရေသည် ၈၄၃ သန်းထိ တိုးတက်များပြားလာမည်ဟု ခန့်မှန်းကြသည်။ ခါးနာဝေဒနာအများစုသည် နောက်ခံအကြောင်းအရာ တိတိပပမသိတာများသည့်အတွက် ကုသမှုလည်း တိတိကျကျမရှိပေ။ အရည်အသွေးမမီသည့် ကျန်းမာရေးစောင့်ရှောက်မှုများအပေါ် မှီခိုနေကြရသူများသည့်အတွက်ကြောင့် ခါးနာခါးကိုက်ဝေဒနာအတွက် သင့်လျော်သည့်ကုသမှု မရနိုင်ပေ။ သည်ကြားထဲ "နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း"ဆိုသလို ချို့တဲ့သည့်တိုင်းပြည်များတွင် ခါးနာခါးကိုက်ဖြစ်ပွားမှု ပိုများနေပြန်သည်။ သည်တော့ ကမ္ဘာကြီး၏ ခါးနာခါးကိုက်ဝေဒနာကို ဘယ်လိုကိုင်တွယ်ရမလဲစဉ်းစားကြရန် လိုအပ်လာပါတော့သည်။

**GBD ဟုအတိုကောက်ခေါ်ကြသည့် "ကမ္ဘာ့ရောဂါကြီးများ၏ ဝန်ပိဒထ"**

၂၀၂၁ ခုနှစ်စစ်တမ်းအရ ခါးနာခါးကိုက်ဝေဒနာသည် အာရှတိုက်နှင့် အာဖရိကတိုက်နိုင်ငံများတွင် ဖြစ်ပွားနှုန်း တစ်စတစ်စများလာသည်ဟု သိရသည်။ အများသိကြသည့်အတိုင်း ၎င်းနိုင်ငံအများစု၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဖူလုံရေးစနစ်များမှာ ဖွံ့ဖြိုးမှုနောက်ကျပြီး မနိုင်ဝန်ကိုထမ်းနေကြရသည်။ အခြားသောကူးစက်တတ်သော၊ မကူးစက်တတ်သော နာတာရှည်ရောဂါများစွာကဲ့သို့ပင် ခါးနာခါးကိုက်ရောဂါသည်လည်း လူမှုစီးပွားအားနည်းသူ အခြေခံလူတန်းစားများအပေါ် ဝန်ထုပ်ဝန်ပိုးအဖြစ်ကျရောက်လျက်ရှိသည်။

**GBD**

၂၀၂၁ ခုနှစ်စစ်တမ်း၏ ခါးနာခါးကိုက်ဝေဒနာအပေါ် ခန့်မှန်းမှုက တစ်ကမ္ဘာလုံးအပြည့်အဝမလွှမ်းခြုံနိုင်ဘဲ လိုအပ်ချက်များရှိနိုင်သေးသည်ဟု ခန့်မှန်းကြသည်။ အထူးသဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ခါးနာခါးကိုက်ဝေဒနာများ ပိုများနေနိုင်သည်။ အသွားအလာကန့်သတ်ထားခြင်း၊ အိမ်မှအလုပ်လုပ်ရခြင်းစသည့်ဖြစ်ရပ်များသည် လူသားများကို လှုပ်ရှားမှုနည်းသွားစေသည်။ ၎င်းအချက်သည် ခါးနာခါးကိုက်ဝေဒနာကို ပိုမိုအားပေးသည်။ ခါးကိုက်ဝေဒနာခံစားရပြီဆိုလျှင်လည်း ကိုဗစ်-၁၉ ကာလအတွင်း ဆေးရုံ၊ ဆေးခန်းသွားရောက်ကုသမှုခံယူရန် မလွယ်ကူပေ။ ထို့ကြောင့် ခါးကိုက်ဝေဒနာများ ပိုဆိုးလာကြရသည်။

ခါးနာခါးကိုက်ဝေဒနာများကြောင့် လူမှုစီးပွားထိခိုက်နစ်နာရမှုလည်းများသည်။ ယူကေနိုင်ငံ အမျိုးသားကျန်းမာရေးဌာနလက်အောက်ခံ အထွေထွေရောဂါကုဆရာဝန်များက လက်ခံကုသပေးခဲ့ရသည့် ခါးနာခါးကိုက်ဝေဒနာများ၏ အရပ်ရပ်ကုန်ကျစရိတ်သည် နှစ်စဉ်စတာလင်ပေါင် ငါးဘီလီယံထိ ကုန်ကျနေသည်။ ထို့ပြင် နောက်ခံရောဂါ ကြီးကြီးမားမားတွေ့ရှိပြီး ဆေးရုံကြီးများပေါ်တွင် အထူးကုဆရာဝန်ကြီးများနှင့်ပြသရသည့်အတွက် ကုန်ကျရသည့်စရိတ်များ မပါဝင်သေးပေ။ အမေရိကန်နိုင်ငံတွင် ၂၀၁၆ ခုနှစ်အတွင်း ခါးနာ၊ ဇက်ကြောတက်ဝေဒနာများကြောင့် ကုသမှုကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁၃၄ ဘီလီယံထိရှိခဲ့သည်ဟုဆိုသည်။

ခါးနာခါးကိုက်ဝေဒနာသည် အလုပ်လုပ်နိုင်သည့် အသက်အရွယ်အုပ်စုပိုင်းတွင် အဖြစ်အများဆုံးဖြစ်သည်။ ခါးကိုက်လျှင် အလုပ်မသွားနိုင်၊ အလုပ်ပျက်ကွက်မှုများ များလာမည်။ ကုန်ထုတ်လုပ်မှုစွမ်းအားလည်းကျသွားသည်။ သည့်ထက်အခြေအနေဆိုးလျှင် အလုပ်မှ စောစီးစွာအနားယူသွားရနိုင်သည်။ ဥပမာပြရလျှင် ဘရာဇီးနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ခါးနာခါးကိုက်ဝေဒနာကြောင့် အလုပ်သမားတစ်ဦး ပျမ်းမျှအလုပ်ပျက်ကွက်မှုသည် တစ်နှစ်လျှင် ရက် ၁၀၀ ဖြစ်သည်။ ခါးကိုက်ပြီး ဆေးကုရသည့်ကုန်ကျစရိတ်ထက် ခါးကိုက်ပြီး အလုပ်ပျက်ကွက်မှုကြောင့် နိုင်ငံ့ထုတ်လုပ်မှုအားကျဆင်းပြီး နစ်နာသည့်စရိတ်က လေးဆပိုများသည်။ ဘရာဇီးနိုင်ငံ၏ ခါးကိုက်ဝေဒနာများကြောင့် အလုပ်ပျက်ကွက်ပြီး နစ်နာရသည့် တစ်နှစ်ပျမ်းမျှတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံဖြစ်သည်။

ခါးနာတာကြာလာသည်နှင့်အမျှ စိတ်ဓာတ်ပါကျဆင်းလာတတ်သည်။ စိတ်ဓာတ်ကျလာခြင်းနှင့်အတူ လူ၏လှုပ်ရှားနိုင်စွမ်းပါ လျော့နည်းလာသည်။ ခါးကိုက်ဝေဒနာသက်သာသွားတာတောင်မှ နဂိုပုံမှန်စိတ်ကျန်းမာရေးနှင့် လှုပ်ရှားမှုပြန်ရရန် အချိန်ကြာသွားတတ်သည်။

ခါးနာခါးကိုက်ဝေဒနာသည် လူသား၏လှုပ်ရှားသွားလာလုပ်ကိုင်နိုင်မှုကို အထိခိုက်စေနိုင်ဆုံး အကြောင်းရင်းတစ်ခုဖြစ်နေသည့်တိုင်အောင် ကမ္ဘာ့လူသားထုကျန်းမာရေး၏ အရေးကြီးသည့်ခေါင်းစဉ်တစ်ခုဖြစ်မလာသေးပေ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်သည့် မကူးစက်နိုင်သောရောဂါကြီးများစာရင်းမှာ ခါးနာခါးကိုက်ဝေဒနာအကြောင်း သီးခြားဖော်ပြထားခြင်း မတွေ့ရသေးပေ။ အမေရိကန်အမျိုးသားကျန်းမာရေးအင်စတီကျူဆိုလျှင် ခါးနာခါးကိုက်ဝေဒနာ ထိန်းချုပ်ကုသမှုရန်ပုံငွေကို ၂၀၁၉ ခုနှစ်အတွက် အမေရိကန်ဒေါ်လာသန်း ၁၇၀ ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၆၉ သန်းထိ ဖြတ်တောက်လျှော့ချလိုက်သေးသည်။ တစ်ချိန်တည်းမှာပင် ၂၀၂၃ ခုနှစ် အဆစ်ရောင်ရောဂါများအတွက် ရန်ပုံငွေဘတ်ဂျက်သည် အမေရိကန်ဒေါ်လာ ၃၂၃ သန်းရှိနေခြင်းနှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။

ခါးနာခါးကိုက်ခြင်းဝေဒနာအပါအဝင် အရိုးအကြောကြွက်သားဆိုင်ရာရောဂါများအပေါ် ကမ္ဘာ့အဆင့် အလေးထားကိုင်တွယ်ကြရန် လိုအပ်နေပါပြီ။ အစိုးရများ၊ ကျန်းမာရေးဌာနများ၊ မူဝါဒချမှတ်သူများအနေဖြင့် ၎င်းအရိုးကြွက်သားဆိုင်ရာဝေဒနာများအပေါ် အလေးဂရုပြု ဦးစားပေးစဉ်းစားပေးကြရန် အချိန်ကာလကျရောက်နေပါပြီ။

ခါးကိုက်ဝေဒနာကို ထိန်းချုပ်ကိုင်တွယ်နိုင်ရန် လုပ်ငန်းခွင်ပတ်ဝန်းကျင်များထိ ခါးဒဏ်ရာဖြစ်စေသောအပြုအမူများကို လျှော့ချစေနိုင်ရန် ထည့်သွင်းစဉ်းစားပေးကြရမည်။ ခါးနာနေသူများအတွက် ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေးဌာနများက ကုသမှုပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးကြရမည်။ သို့မှသာ လုပ်ငန်းခွင်ပျက်ကွက်မှုများ လျော့နည်းကျဆင်းသွားမည်။

၂၀၁၇ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက "ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေး ၂၀၃၀ အစီအစဉ်"ကို စတင်ကြေညာခဲ့သည်။ ထိုအစီအစဉ်အရ ကမ္ဘာတစ်ဝန်း ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဌာနများ၏ အရည်အသွေးနှင့် အရေအတွက်များမြှင့်တင်ပေးရေးလုပ်ငန်းစဉ်များပါဝင်လာသည်။ ကျန်းမာရေးဝန်ထမ်းများကိုလည်း ခါးနာခါးကိုက်ဝေဒနာရှင်များ ပြုစုကုသရေးအတွက် မွမ်းမံသင်တန်းများပေးကြရမည်။ ယူကေနိုင်ငံတွင် အထွေထွေရောဂါကုဆရာဝန်များကို အရိုး၊ ကြွက်သားရောဂါများ ကုသရေးနှင့် ပတ်သက်သည့် မွမ်းမံသင်တန်းများ လေ့ကျင့်ပေးလိုက်သည့်အခါ ဆေးရုံကြီးများသို့ ခါးနာလူနာလွှဲပြောင်းပြသမှု လျော့နည်းသွားသည်။ ပုံရိပ်ဖော်ရောဂါရှာဖွေနှုန်း ကျဆင်းလာသည်။ ခွဲစိတ်ကုသရမှုများလည်း လျော့နည်းသွားသည်ကို တွေ့ရှိရသည်။

❖ ခါးနာတာကြာလာသည်နှင့်အမျှ စိတ်ဓာတ်ပါကျဆင်းလာတတ်သည်။ စိတ်ဓာတ်ကျလာခြင်းနှင့်အတူ လူ၏လှုပ်ရှားနိုင်စွမ်းပါ လျော့နည်းလာသည်။ ခါးကိုက်ဝေဒနာသက်သာသွားတာတောင်မှ နဂိုပုံမှန်စိတ်ကျန်းမာရေးနှင့် လှုပ်ရှားမှုပြန်ရရန် အချိန်ကြာသွားတတ်သည်။ ခါးနာခါးကိုက်ဝေဒနာသည် လူသား၏လှုပ်ရှားသွားလာလုပ်ကိုင်နိုင်မှုကို အထိခိုက်စေနိုင်ဆုံး အကြောင်းရင်းတစ်ခုဖြစ်နေသည့်တိုင်အောင် ကမ္ဘာ့လူသားထုကျန်းမာရေး၏ အရေးကြီးသည့် ခေါင်းစဉ်တစ်ခုဖြစ်မလာသေးပေ။ ❖

ခါးကိုက်ဝေဒနာကိုစနစ်တကျရောဂါရှာဖွေကုသခြင်းများမလုပ်နိုင်ကြသည့်အခါ အကိုက်အခဲပျောက်ဆေးများ အလွယ်တကူပေးသည့်နည်းဖြင့်ဖြေရှင်းလိုက်တတ်ကြသည်။ အကိုက်အခဲပျောက်ဆေးဆိုရာတွင် NSAIDs အုပ်စုဝင်အစာအိမ်၊ နှလုံးနှင့်ကျောက်ကပ်များကို ထိခိုက်စေနိုင်သည့် ဆေးအုပ်စုဝင်များပါဝင်သကဲ့သို့ Opioids ခေါ်သည့် မူးယစ်ဆေးအန္တရာယ်ဝင် စွဲလမ်းစေတတ်သည့် ဆေးအုပ်စုများလည်းပါဝင်နေသည်။ "ဆေးအတွက်လေး" ဆိုသလို ခါးနာဝေဒနာရှင်အများစုတွင် "အနာတခြား၊ ဆေးတခြား"ဖြင့် မလိုလားအပ်သည့် နောက်ဆက်တွဲဆေးဝါးအန္တရာယ်များ ခံစားကြရတတ်သည်။

အမှန်တကယ်ဖြစ်သင့်သည်က ခါးနာခါးကိုက်ပြီဆိုလျှင် ကိုယ်နေဟန်အနေအထား မမှန်သဖြင့် ဒဏ်ဖြစ်သည်လား၊ အသက်အရွယ်ကြောင့် အရိုးကျိုးပေါင်းရသည်လား၊ လှုပ်ရှားသွားလာမှုမမှန်သဖြင့် ကြွက်သားများဒဏ်ဖြစ်သည်လား၊ ခါးရိုး၏ပြဿနာလား၊ ကြွက်သားပြဿနာလား၊ အာရုံကြောပြဿနာလား စသည်ဖြင့် နောက်ခံအကြောင်းရင်းကို ရှာဖွေနိုင်သည့် ဆရာဝန်နှင့်ပြသရန်လိုသည်။ ကျွမ်းကျင်သည့်ဆရာဝန်က မလိုအပ်သည့် ရောဂါရှာဖွေမှုများကို ပြုလုပ်ခြင်းမပြုဘဲ၊ ကုန်ကျစရိတ်လေလွင့်မှုမဖြစ်စေဘဲ လုပ်သင့်လုပ်ထိုက်သည့် ရောဂါရှာဖွေမှုများကို တစ်ဆင့်ချင်း ဆောင်ရွက်သွားပေးမည်ဖြစ်သည်။ ခါးနာခြင်း၏ နောက်ခံအကြောင်းရင်းကိုသိ၍ ကုသမှုခံယူမည်ဆိုလျှင်လည်း မလိုအပ်သည့် သောက်ဆေး၊ ထိုးဆေးများမပေးဘဲ လိမ်းဆေး၊ လေ့ကျင့်ခန်းများဖြင့် လိုအပ်သလောက်သာ ကုသမှုပေးပါလိမ့်မည်။

ခါးနာခါးကိုက်ဝေဒနာရှင်များကို ပြုစုစောင့်ရှောက်ရေးသည် နိုင်ငံ၏ကျန်းမာရေးကုန်ကျစရိတ်ကို အလေအလွင့်မဖြစ်အောင် ကာကွယ်ပေးနိုင်ရုံမျှမက နိုင်ငံတော်၏ ဝင်ငွေ၊ ကုန်ထုတ်လုပ်မှု ကျဆင်းမသွားအောင် ကာကွယ်ပေးခြင်းလည်းဖြစ်သည်။ လုပ်ငန်းခွင်ဝန်းကျင်နေထိုင်လှုပ်ရှားသွားလာပုံများကအစ အသိပညာပေးခြင်း၊ ကျန်းမာရေးနှင့်ကိုက်ညီသည့် လှုပ်ရှားသွားလာမှုများဖြစ်အောင် လမ်းညွှန်ပြသပေးခြင်း၊ ဆေးရုံ၊ ဆေးခန်းရောက်လာသည့် ခါးနာခါးကိုက် ဝေဒနာရှင်များအတွက် မှန်ကန်ထိရောက်ပြီး အရည်အသွေးပြည့်မီသည့် ရောဂါရှာဖွေကုသမှုများ ပေးနိုင်စေရေး ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးခြင်းများဖြင့် ကမ္ဘာ့လူသားများနှင့်ကမ္ဘာကြီးအပေါ် ဖိစီးနေသည့် ခါးနာခါးကိုက်ဝေဒနာကို ထိန်းချုပ်လျှော့ချနိုင်ရေး ဦးစားပေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- The global epidemic of low back pain form lancetrheumatology Vol 5 June 2023**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၅၂၀၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

**ချောင်းဦး ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၅၂၀၆ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၇၉၁၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၂၀၆ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ချောင်းဦးမြို့နယ်မှာ ဒီနှစ် ဝါသီးနှံဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ လက်ရှိဧက ၅၀၀၀ ကျော်စိုက်ပျိုးပြီးနေပြီ။ ချောင်းဦးမြို့နယ်မှာ ဝါသီးနှံစိုက်ပျိုးမှုကတော့ ကောင်းမွန်ပါတယ်။ တစ်နှစ်နဲ့တစ်နှစ် မလျော့ကျပါဘူး။ မနှစ်ကဆိုရင် ဝါသီးနှံဧက ၇၀၀၀ ကျော်ထိစိုက်ခဲ့တယ်။ လျာထားချက်ပြည့်မီအောင်တော့ စိုက်ပျိုးနိုင်တယ်။ ဒီနှစ်ဆိုရင်လဲ ဝါသီးနှံတွေ တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် အထွက်နှုန်းကောင်းပြီး သက်တမ်းတိုသည့် စက်မှုကုန်ကြမ်းသီးနှံ ချည်မျှင်ရှည်ဝါများ တိုးချဲ့စိုက်ပျိုးရေးအတွက် တောင်သူပညာပေးလုပ်ငန်းများ အချိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး ဝါသီးနှံလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ချည်မျှင်ရှည်ဝါမျိုးစေ့များကို ကျေးရွာများထိသွားရောက်၍ တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် ဝါသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်း အောင်မြင်စေရန် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရန် စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများ လိုအပ်သည့် နည်းပညာများကိုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မြောက်ဦးမြို့နယ် ရှင်ကျော်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်၊ ကော်မတီဖွဲ့စည်း

**မြောက်ဦး ဩဂုတ် ၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ရှင်ကျော်ကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၂ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြောက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောက အမှာစကားပြောကြားပြီး မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အောင်ညွန့်စိန်က VDP စီမံကိန်းရည်ရွယ်ချက်နှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ကဏ္ဍအလိုက် ပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးဦးဘစောနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

ရှင်ကျော်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပံ့ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများ အသုံးပြုကာ ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုသန်း**

# စနေနေ့မှာကစားမဲ့ အမျိုးသမီးကမ္ဘာ့ဖလား ၁၆ သင်းရှုံးထွက်ပွဲစဉ်တွေထဲက တိုက်စစ်ပိုင်းထက်မြက်နေတဲ့ စပိန်အသင်း၊ ဂျပန်အသင်းတို့ကို အားပေးရမှာပါ

M L



၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားအုပ်စုပွဲစဉ်တွေ ပြီးဆုံးချိန်မှာတော့ ဘရာဇီး၊ အီတလီ၊ အာဂျင်တီးနားတို့လို အသင်းကြီးတချို့ အုပ်စုက လှည့်ပြန်ခဲ့ရပြီး ဂျမေကာ၊ တောင်အာဖရိက၊ နိုင်ဂျီးရီးယားတို့က နောက်တစ်ဆင့်တက်ရောက်ခဲ့တာကိုတွေ့ရမှာပါ။ ဒါ့ပြင် အိမ်ရှင်အသင်းဖြစ်တဲ့ နယူးဇီလန်ကလဲ အုပ်စုကလှည့်ပြန်ခဲ့ရတာကြောင့် အုပ်စုကထွက်ခွာရတဲ့ ပထမဆုံးအိမ်ရှင်အသင်းမှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။ လာမဲ့စနေနေ့မှာတော့ ၁၆ သင်းရှုံးထွက်အဆင့်တက်ရောက်လာတဲ့ အသင်းတွေဖြစ်လို့ ခြေစွမ်းပိုင်းအရ ကွာဟမှုမရှိကြပေမဲ့ အစဉ်အလာနဲ့ တိုက်စစ်ပိုင်းထက်နေတဲ့ အသင်းတွေကိုသာ အားပေးသွားရမှာပါ။

### စပိန်အသင်း ရလဒ်ကောင်းမှာပါ

စနေနေ့မှာကစားမဲ့ အမျိုးသမီးကမ္ဘာ့ဖလား ၁၆ သင်းရှုံးထွက် ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဆွစ်ဇာလန်နဲ့ စပိန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆွစ်ဇာလန်အသင်းဟာ အခုပြိုင်ပွဲအုပ်စု(A)မှာ အိမ်ရှင်နယူးဇီလန်၊ နော်ဝေ၊ ဖိလစ်ပိုင်တို့နဲ့ တစ်အုပ်စုတည်းကစားခဲ့ရတာကြောင့် ပွဲစဉ်ချောင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အုပ်စုအဖွင့်ပွဲစဉ်မှာ ဖိလစ်ပိုင်အမျိုးသမီးအသင်းနဲ့ တွေ့ဆုံခဲ့တာကြောင့် ဘောလုံးပိုင်ဆိုင်မှုအသာစီးနဲ့ ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာတော့ သူတို့အသင်းနည်းပြ အင်ကာဂရင်းက တိုက်စစ်အသားပေးခဲ့ပြီး ၄-၃-၃ ကစားကွက်ကို အကောင်းဆုံးပုံဖော်ခဲ့တာဖြစ်ပါတယ်။ ဖိလစ်ပိုင်အသင်းကတော့ ၃-၅-၂ ကစားကွက်နဲ့ပြန်လည်တုံ့ပြန်ခဲ့ပေမဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲအတွေ့အကြုံမရှိခဲ့တာကြောင့် ပွဲဦးထွက်မှာ ပထမဆုံးရှုံးပွဲကြုံခဲ့ရတာကိုတွေ့ရမှာပါ။ အုပ်စုဒုတိယပွဲစဉ်မှာတော့ ဆွစ်ဇာလန်ဟာ ကစားသမားစုဖွဲ့မှုကောင်းတဲ့ နော်ဝေအသင်းနဲ့ တွေ့ဆုံခဲ့တာကြောင့် အခက်တွေ့ခဲ့ရပြီး ခံစစ်ကစားပုံနဲ့သာ သရေတစ်မှတ်ရယူသွားတာဖြစ်ပါတယ်။

အုပ်စုနောက်ဆုံးပွဲစဉ်မှာတော့ သူတို့အသင်းဟာ အိမ်ရှင်နယူးဇီလန်နဲ့ တွေ့ဆုံခဲ့ပြီး ရမှတ်လေးမှတ်သာရထားတာကြောင့် ရှုံးလို့မရတဲ့ အခြေအနေမှာ ခံစစ်ကစားပုံကိုသာ အားပြုကစားခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးပွဲစဉ်မှာတော့ ၄-၃-၂-၁ ကစားကွက်နဲ့ ကွင်းလယ်အသားပေးကစားခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ နယူးဇီလန်ကလဲ နိုင်ပွဲရဖို့အာရုံစိုက်ချဉ်းကပ်ခဲ့သလို ဆွစ်ဇာလန်ကလဲ မရှုံးနိမ့်ဖို့ ကြိုးပမ်းနေတာကြောင့် ဂိုးရဖို့ခက်ခဲနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် ပွဲပြီးဆုံးချိန်မှာ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့လို့ ဆွစ်ဇာလန်အသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ရမှတ်ငါးမှတ်နဲ့ အုပ်စုအဆင့်က ကျော်ဖြတ်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ အုပ်စုအဆင့်က ကျော်ဖြတ်နိုင်ခဲ့ပြီး ကမ္ဘာ့ဖလားသမိုင်း တစ်လျှောက်မှာ နှစ်ကြိမ်မြောက် ၁၆ သင်း ရှုံးထွက်အဆင့် တက်ရောက်နိုင်ခဲ့တာလဲဖြစ်ပါတယ်။

စပိန်အသင်းဟာ ကမ္ဘာ့ဖလားအုပ်စု(C)မှာ ဂျပန်၊ ကော်စတာရီကာ၊ ဇမ်ဘီယာတို့နဲ့တွေ့ဆုံခဲ့ပြီး နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနဲ့ ၁၆ သင်းရှုံးထွက်အဆင့်တက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကမ္ဘာ့အဆင့်ခြေစွမ်းရှိတဲ့ တိုက်စစ်မှူးတွေဖြစ်တဲ့ ပူတဲလက်စ်၊ ဟာမိုဆို၊ ဆဲလ်မာ၊ မာရီအိုနာတို့လို ကစားသမားတွေကို ပိုင်ဆိုင်ထားတာကြောင့် သွင်းဂိုးတွေများခဲ့တာလဲဖြစ်ပါတယ်။ ဒုတိယပိုင်းမှာတော့ ဂိုးရဖို့ထက် ဘောလုံးပိုင်ဆိုင်မှုအသာပေးပြီး ကော်စတာရီကာအသင်းတိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့တာကြောင့် အဖိုးတန်အနိုင်သုံးမှတ်ရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ စပိန်အသင်းဟာ ဂိုးပေါက်ကန်သွင်းမှု ၁၆ ကြိမ်မှာ ၁၂ ကြိမ်ထိ ဂိုးပေါက်တည့်မတ်ခဲ့ပြီး သွင်းဂိုး သုံးဂိုးရခဲ့တာကိုတွေ့ရမှာပါ။ အုပ်စုဒုတိယပွဲစဉ် ဇမ်ဘီယာနဲ့ပွဲမှာတော့ ၄-၃-၃ ကစားကွက်နဲ့ ပွဲထွက်ခဲ့ပြီး ပွဲချိန် ၉ မိနစ်၊ ပွဲချိန် ၁၃ မိနစ်၊ ပွဲချိန် ၆၉ မိနစ်၊ မိနစ် ၇၀၊ ၈၅ မိနစ်တွေမှာ ဦးဆောင်ဂိုးတွေ ဆက်တိုက်ရရှိခဲ့ပြီး ငါးဂိုးပြတ်နဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။

အုပ်စုနောက်ဆုံးပွဲစဉ်မှာတော့ စပိန်အသင်းဟာ အုပ်စုတွင်း ပြိုင်ဘက်ကောင်းဖြစ်တဲ့ ဂျပန်အသင်းနဲ့တွေ့ဆုံခဲ့ပြီး လေးဂိုးပြတ်နဲ့ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ပြိုင်ဘက်ဂျပန်အသင်းကတော့ ခံစစ်ပိုင်းအားပြုခဲ့ပြီး တန်ပြန်တိုက်စစ်ကိုအသားပေးကစားခဲ့တာကြောင့် စပိန်အသင်းအခက်တွေ့ခဲ့ရတာကိုသတိပြုရမှာပါ။ ဒါကြောင့် ပွဲချိန် ၁၂ မိနစ်၊ ၂၉ မိနစ်၊ မိနစ် ၂၀ နဲ့ ပွဲချိန် ၈၂ မိနစ်တွေမှာ ဂျပန်အသင်းက တန်ပြန်တိုက်စစ်ကနေ ဦးဆောင်ဂိုးတွေ ဆက်တိုက်သွင်းယူနိုင်ခဲ့လို့ စပိန်အသင်း လေးဂိုးပြတ်ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ ဥရောပပြိုင်ဘက် ဆွစ်ဇာလန်အသင်းနဲ့တွေ့ဆုံနေပေမဲ့ ကစားသမားစုဖွဲ့မှုနဲ့ နည်းစနစ်ပိုင်းမှာအသာရနေတာကြောင့် နိုင်ပွဲရဖို့သေချာနေသလို ထိပ်တိုက်တွေ့ဆုံမှုမှာလဲ နှစ်ဂိုးပြတ်နဲ့အနိုင်ရခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ ခံစစ်ပိုင်းတည်ငြိမ်နေတဲ့ ဆွစ်ဇာလန်ဟာ ကမ္ဘာ့အဆင့်တိုက်စစ်မှူးတွေဖြစ်တဲ့ ပူတဲလက်စ်၊ ဟာမိုဆို၊ ဆဲလ်မာတို့လို ကစားသမားတွေကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့တော့ ခက်ခဲမှာသေချာပါတယ်။ ဒါကြောင့် အဘက်ဘက်ကသာလွန်မှုရှိနေတဲ့ စပိန်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**ဆွစ်ဇာလန်အမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆွစ်ဇာလန် | ၂ | - | ၁ | ဝေးလ် |
| ဆွစ်ဇာလန် | ၁ | - | ၂ | ဒိန်းမတ် |
| ဖိလစ်ပိုင် | ၀ | - | ၂ | ဆွစ်ဇာလန် |
| ဆွစ်ဇာလန် | ၀ | - | ၀ | နော်ဝေ |
| ဆွစ်ဇာလန် | ၀ | - | ၀ | နယူးဇီလန် |

**စပိန်အမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပိန် | ၄ | - | ၂ | နော်ဝေ |
| ဒိန်းမတ် | ၀ | - | ၂ | စပိန် |
| စပိန် | ၃ | - | ၀ | ကော်စတာရီကာ |
| စပိန် | ၅ | - | ၀ | ဇမ်ဘီယာ |
| ဂျပန် | ၄ | - | ၀ | စပိန် |

### ဂျပန်အသင်းကို ရွေးချယ်ရမှာပါ

စနေနေ့မှာကစားမဲ့ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဂျပန်အမျိုးသမီးအသင်းနဲ့ နော်ဝေအမျိုးသမီးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဂျပန်အမျိုးသမီးအသင်းဟာ အုပ်စုတွင်း ပြိုင်ပွဲတွေမှာ အကောင်းဆုံးကစားနိုင်ခဲ့ပြီး သုံးပွဲစလုံးအနိုင်ရခဲ့သလို တိုက်စစ်ပိုင်းကလဲ သွင်းဂိုး ၁၁ ဂိုးထိ သွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် အုပ်စုတွင်းအသင်းတွေထဲမှာ တိုက်စစ်ပိုင်းနဲ့ ခံစစ်ပိုင်းအကောင်းဆုံးအသင်းအဖြစ်ရပ်တည်နေသလို ကမ္ဘာ့ဖလားရဖို့ ရေပန်းစားတဲ့ အသင်းတွေထဲမှာ ပါဝင်လာတာကိုတွေ့ရမှာပါ။ ဒါ့ပြင် သူတို့အသင်းဟာ ၂၀၁၁ ကမ္ဘာ့ဖလားချန်ပီယံဆုရရှိပြီး နောက်ပိုင်း ၂၀၁၅ ပြိုင်ပွဲမှာ ဒုတိယ၊ ၂၀၁၉ ကမ္ဘာ့ဖလားမှာ ၁၆ သင်းရှုံးထွက်နဲ့ အခုပြိုင်ပွဲမှာလဲ ရှုံးထွက်အဆင့်တက်ရောက်ခဲ့ပြီး ခြေစွမ်းပိုင်းကောင်းမွန်နေတာဖြစ်ပါတယ်။ အုပ်စုအဖွင့်ပွဲစဉ်မှာ ဇမ်ဘီယာနဲ့တွေ့ဆုံခဲ့ပေမဲ့ အဘက်ဘက်ကအသာစီးရရှိခဲ့ပြီး ပွဲချိန် ၄၃ မိနစ်၊ ပွဲချိန် ၅၅ မိနစ်၊ ပွဲချိန် ၆၂ မိနစ်၊ ပွဲချိန် ၇၁ မိနစ်နဲ့ ပွဲချိန် မိနစ် ၉၀ ကျော်တွေမှာ သွင်းဂိုးဆက်တိုက်သွင်းယူခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ တိုက်စစ်ပိုင်းက ဂိုးပေါက်ခြိမ်းခြောက်မှု ၂၂ ကြိမ်မှာ ၁၁ ကြိမ်စလုံး ဂိုးပေါက်တည့်မတ်ခဲ့ပြီး သွင်းဂိုးငါးဂိုးရရှိခဲ့တာကိုတွေ့ရမှာပါ။

အုပ်စုဒုတိယပွဲစဉ်မှာ ဂျပန်အသင်းဟာ ကော်စတာရီကာအသင်းနဲ့ တွေ့ဆုံခဲ့တာကြောင့် အဖွင့်ပွဲစဉ်ကအတိုင်း လူစာရင်းအပြောင်းအလဲမလုပ်ဘဲ ပွဲထွက်ခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာလဲ ပွဲစကတည်းက ဖိအားပေးနိုင်ခဲ့တာကြောင့် ပွဲချိန် ၂၅ မိနစ်နဲ့ ပွဲချိန် ၂၇ မိနစ်တွေမှာ တိုက်စစ်မှူး တာနာကာရဲ့ ဖန်တီးမှုကနေနာအိုမိုတိုနဲ့ ဖူဂျီနိုတို့က ဂိုးသွင်းယူနိုင်ခဲ့ပြီး ပြိုင်ပွဲကိုဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ အုပ်စုနောက်ဆုံးပွဲစဉ်မှာတော့ ဥရောပထိပ်သီးအသင်းစပိန်နဲ့ တွေ့ဆုံခဲ့တာကြောင့် ၃-၄-၃ ကစားကွက်နဲ့ ပွဲထွက်ခဲ့သလို အဓိကကစားသမားတချို့ကို အနားပေးခဲ့တာဖြစ်ပါတယ်။ ပြိုင်ဘက် စပိန်အသင်းကတော့ ကစားသမားအစုံအလင်နဲ့ ပွဲထွက်ခဲ့ပေမဲ့ ဂျပန်အသင်းရဲ့ လျင်မြန်မှုကြောင့် ကစားသမားတစ်ဦးချင်း ထိန်းချုပ်ဖို့ခက်ခဲခဲ့ပြီး ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ အုပ်စုပွဲစဉ်တွေ ပြီးဆုံးချိန်မှာ ဂျပန်အသင်းက သုံးပွဲနိုင် ရမှတ်ကိုးမှတ်နဲ့အုပ်စုပထမနဲ့ ရှုံးထွက်အဆင့်က တက်ရောက်နိုင်ခဲ့ပြီး တိုက်စစ်မှူး မိယာဇာဝါက သွင်းဂိုးလေးဂိုးနဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့တာကိုတွေ့ရမှာပါ။

နော်ဝေအသင်းဟာအုပ်စု(A)ပွဲစဉ်အပြီးမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ အုပ်စုဒုတိယနဲ့ နောက်တစ်ဆင့်တက်ရောက်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ ၄-၁-၂-၃ ကစားကွက်နဲ့ ပွဲထွက်ခဲ့ပေမဲ့ အိမ်ရှင်နယူးဇီလန်ကို တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးခဲ့တာကြောင့် အုပ်စုက ကျော်ဖြတ်ဖို့ အခွင့်အရေးနည်းပါးခဲ့တာဖြစ်ပါတယ်။ အုပ်စု နောက်ဆုံးပွဲစဉ်မှာတော့ ကစားသမားအင်အားနည်းပါးတဲ့ ဖိလစ်ပိုင်အသင်းကို ပွဲစကတည်းက ဖိအားပေးနိုင်ခဲ့တာကြောင့် ပွဲချိန် ၆ မိနစ်၊ ပွဲချိန် ၁၇ မိနစ်၊ ပွဲချိန် ၃၁ မိနစ်၊ ပွဲချိန် ၄၈ မိနစ်၊ ပွဲချိန် ၅၃ မိနစ်၊ ပွဲချိန် မိနစ် ၉၀ တွေမှာ ဦးဆောင်ဂိုးတွေ ဆက်တိုက်သွင်းယူခဲ့ပြီး ခြောက်ဂိုးပြတ်အနိုင်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းရဲ့ ဂိုးသွင်း အများဆုံးကစားသမားကတော့ ဆိုဖီဖြစ်ပြီး သုံးဂိုးထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ နော်ဝေရဲ့ ကစားသမားစုဖွဲ့မှုက ဂျပန်ထက်သာလွန်နေပေမဲ့ ဂျပန်အသင်းရဲ့ အသင်းလိုက်ကစားအားနဲ့ နည်းစနစ်ပိုင်းကြောင့် အခက်တွေ့မှာသေချာပါတယ်။ ဒါ့ပြင် ကမ္ဘာ့ဖလားပြိုင်ပွဲအတွေ့အကြုံမှာလဲ ဂျပန်အသင်းကနော်ဝေအသင်းထက် သာလွန်နေတာကြောင့် ဂျပန်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ဂျပန်အမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကနေဒါ | ၀ | - | ၃ | ဂျပန် |
| ဒိန်းမတ် | ၁ | - | ၀ | ဂျပန် |
| ဇမ်ဘီယာ | ၀ | - | ၅ | ဂျပန် |
| ဂျပန် | ၂ | - | ၀ | ကော်စတာရီကာ |
| ဂျပန် | ၄ | - | ၀ | စပိန် |

**နော်ဝေအမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပိန် | ၄ | - | ၂ | နော်ဝေ |
| ဆွီဒင် | ၃ | - | ၃ | နော်ဝေ |
| ဩစတြေးလျ | ၁ | - | ၀ | နော်ဝေ |
| ဆွစ်ဇာလန် | ၀ | - | ၀ | နော်ဝေ |
| နော်ဝေ | ၆ | - | ၀ | ဖိလစ်ပိုင် |

## ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို **၃၁-၇-၂၀၂၃ ရက်နေ့** (အစား) **၁၂-၈-၂၀၂၃ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေး အပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**


## ယခုဘဏ္ဍာနှစ် ဇူလိုင်လအတွင်း မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှုတွင် မြဝတီကုန်သွယ်ရေးဇုန်က ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၄၅ သန်းကျော်ဖိုး ဆောင်ရွက်နိုင်ခဲ့




**ဘားအံ ဩဂုတ် ၃**

ယခုဘဏ္ဍာနှစ် ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုတွင် မြဝတီကုန်သွယ်ရေးဇုန်က ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၁၄၅ သန်းကျော်ဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း မြန်မာ-ထိုင်း နယ်စပ်ကုန်သည်ကြီးများအသင်း(ကရင်ပြည်နယ်)မှ အလုပ်အမှုဆောင် ဦးစောကဘော်ထူးထံမှ သိရသည်။

ထိုသို့ မြဝတီကုန်သွယ်ရေးဇုန်က ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် ယခုဘဏ္ဍာနှစ် ဇူလိုင် ၁ ရက်မှ ၃၁ ရက်အတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၃၆၁ သန်းနှင့် သွင်းကုန် အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၉၈၁ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄၅ ဒသမ ၃၄၂ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

"လက်ရှိ မြန်မာ-ထိုင်းနှစ်နိုင်ငံ နေ့စဉ်ကုန်သွယ်မှုတန်ဖိုးက အမေရိကန်ဒေါ်လာ ငါးသန်း ကျော်ရှိပါတယ်။ ပို့ကုန်ပစ္စည်းတွေကတော့ CMP အထည်၊ ပြောင်း၊ ငရုတ်၊ ကြက်သွန်နီ၊ ဂေါ်ဖီထုပ်၊ ဖိနပ်၊ ရေထွက်ကုန်ပစ္စည်းနဲ့ အခြားပစ္စည်းတွေ ဖြစ်ပါတယ်"ဟု မြန်မာ-ထိုင်း နယ်စပ်ကုန်သည်ကြီးများအသင်း (ကရင်ပြည်နယ်)မှ အလုပ်အမှုဆောင် ဦးစောကဘော်ထူးက ပြောပြသည်။

မြန်မာ-ထိုင်းနှစ်နိုင်ငံ မြဝတီကုန်သွယ်ရေးဇုန်က နေ့စဉ် ပို့ကုန်၊ သွင်းကုန်ကားအစီးရေ ၅၀၀ကျော်ဖြင့် ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် သွင်းကုန်ပစ္စည်းများအနေဖြင့် ဆေးနှင့် ဆေးပစ္စည်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်းကိရိယာများအပါအဝင် စားသောက်ကုန်တွေကို တင်သွင်းလျက်ရှိပြီး မြန်မာနိုင်ငံက အဓိကပို့ကုန်အနေဖြင့် ပြောင်း၊ ပီလောပီနံ၊ ကြက်သွန်နီ၊ ရေထွက်ကုန်၊ လယ်ယာထွက်ကုန်များကို တင်ပို့လျက်ရှိကြောင်း သိရသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် တီရှပ်အနီ၊ တီရှပ်အဖြူ၊ ဆေး၊ စက်သီး၊ အဝတ်အထည်၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးဝါး၊ ထုပ်ပိုးခွံပစ္စည်းများ၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်၊ ဖိနပ်၊ သစ်သီးမျိုးစုံ၊ ဓာတ်မြေဩဇာ၊ အိမ်သုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ စက်နှင့် စက်ပစ္စည်းကိရိယာများ၊ အိမ်သုတ်ဆေး၊ စက်ဆီ၊ ချောဆီ၊ ကုန်ကြမ်းပစ္စည်း၊ ယန္တရားစက်ပစ္စည်းများ၊ ငါးဖမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းများနှင့် အခြားပစ္စည်းများ တင်သွင်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ-ထိုင်းနယ်စပ်ဒေသများတွင် မြဝတီကုန်သွယ်ရေးဇုန်၊ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်း၊ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်း၊ မော်တောင်နယ်စပ် ကုန်သွယ်ရေးစခန်းနှင့် မယ်ဆဲ့နယ်စပ်ကုန်သွယ်ရေးစခန်း စသည့် နယ်စပ်ကုန်သွယ်ရေးစခန်း ခုနစ်ခုဖွင့်လှစ်ကာ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ-ထိုင်းနယ်စပ်ကုန်သည်ကြီးများအသင်း (ကရင်ပြည်နယ်)မှ အလုပ်အမှုဆောင် ဦးစောကဘော်ထူးက ပြောပြ၍ သိရသည်။

ASH

## တပ်ကုန်းမြို့နယ် စိန်ပန်းပင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဩဂုတ် ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၊ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသော အိမ်ထောင်စုများ၊ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကူစားပေးနိုင်ရန်ရည်ရွယ်၍ စိန်ပန်းပင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ (VRFP)စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေက စိန်ပန်းပင်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အသင်းသား၊ အသင်းသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ VRFP စီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၃၆၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များက စိန်ပန်းပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၇၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးနှင့် ရေလုပ်ငန်း လုပ်ကိုင်သူကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၆၃ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲသန်းညွန့်**


ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ
အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော
နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....
**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

**TBB,TBR,PCR** တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးခိုင်ခံ့ ထုတ်လုပ်ထားပါသည်။




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၆၄၂၇၂၈၄၃၊ ၀၉၄၅၃၂၅၅၅၅၅
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## အိတ်ပိတ်တင်ဒါ (Close Tenders) ခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက် လလ/၆၃(၂၃+၂၄)၊ လလ/၆၁(၁+၂)၁၄၃လမ်း၊ ၅၂လမ်း × ၅၃လမ်းကြားရှိ Grand Royal Group International Co.,Ltd တွင် အောက်ဖော်ပြပါ ပလတ်စတစ်များ၊ စက္ကူအပျက်များ၊ Closure ပုလင်းဖုံး(ဒန်ဖုံး/ကော်ဖုံးပျက်များ)၊ Flavour ပုံးခွံများ၊ ပုလင်းကွဲ (အဖြူရောင်)၊ ကော်ခြင်းပျက်များ၊ ပုလင်းပိုင်အောက်ခံ ကြိတ်ပြား၊ EmptyDrum (ကော်ပုံးများ)၊ သံတိုသံစများ စသည့်ပစ္စည်းများအား အိတ်ပိတ်တင်ဒါစနစ် (လပြတ်)ဖြင့် လစဉ်လတိုင်း ရောင်းချမည်ဖြစ်ပါ၍ တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ တင်ဒါပေးသွင်းမှုကို ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်တင်သွင်းနိုင်ပါသည်။

၂။ တင်ဒါဝင်ရောက်သူ၏ လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ် ပြည့်စုံစွာဖော်ပြရန်။

ကုမ္ပဏီ/စက်ရုံမှ တင်ဒါခေါ်ယူမည့်ရက်အား (၃)ရက်ကြိုတင်အကြောင်းကြားပါမည်။

✱ တင်ဒါလျှောက်လွှာအား စက်ရုံတွင် အခမဲ့ ထုတ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း ၀၉-၄၀၂၆၁၀၈၂၈၊ ၀၂-၅၁၅၂၄၄၁

## အမှားသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ နယ်မြေ(၂)နေ ၁။ဦးတင်စိုး၅/စကန(နိုင်)၀၂၅၇၉၃၊ ၂။ဒေါ်သန်းသန်းမြင့် ၅/စကန(နိုင်)၀၂၅၈၃၈၊ ၃။ဒေါ်သွဲ့မာမြင့် ၅/စကန(နိုင်)၁၈၄ ၅၂၄ တို့၏ လွှဲအပ် ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ နယ်မြေ (၂)တွင်တည်ရှိသော ကွင်းအမှတ်-၇(နန်းတော်ရာကွင်း)၊ ဦးပိုင်အမှတ်-၉/ယ၊ ဧရိယာ(၀. ၀၅၂)ဧကမြေကွက်မှာ မိခင်ဖြစ်သူ ဒေါ်တင် ၏ အမည်ပေါက်ပိုင်ဆိုင်သော ပိုင်မြေဖြစ်ပါသည်။ ဒေါ်တင် မှ ၁။ဦးမောင်မောင်(ကွယ်လွန်)၊ ၂။ဦးတင်စိုး၊ ၃။ဒေါ်သန်းသန်းမြင့်၊ ၄။ဒေါ်မာလာမြင့်(ကွယ်လွန်)စသည့် သားသမီး(၄)ဦးမွေးဖွားခဲ့ပြီးယခုအချိန် ဒေါ်တင် မှာ ကွယ်လွန်သွားပြီဖြစ်ပါသည်။ ထိုသို့ကွယ်လွန်ပြီးနောက် ၎င်းအိမ်ပိုင်းမြေနှင့် ပတ်သက်၍ ကျန်ရစ်သောသားသမီးများမှ ရုံးဌာနဆိုင်ရာများတွင် တရားဝင်မှတ်ပုံတင်ပြီး အမွေခွဲဝေထားခြင်းမရှိသောကြောင့် အထက်ပါ ဒေါ်တင်အမည်ပေါက် အိမ်ပိုင်းမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ၁။ဦးတင်စိုး ၂။ဒေါ်သန်းသန်းမြင့်၊ ၃။ဒေါ်သွဲ့မာမြင့်(ဦးမောင်မောင်၏သမီး) တို့၏သဘောတူခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်းနှင့် အခြားမည်သည့်လွှဲပြောင်းခြင်းကိစ္စရပ်များကို မပြုလုပ်ကြရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူများ | လွှဲအပ်ညွှန်ကြားချက်အရ |
| --- | --- |
| ၁။ ဦးတင်စိုး | ဒေါ်မိမိကျော်ဆင့် (LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၄၉၈၀၃) |
| ၂။ ဒေါ်သန်းသန်းမြင့် | ၄၂လမ်း၊ ၆၅×၆၆လမ်းကြား၊ အခန်းမှတ်(C-1)၊ မဟာအောင်မြေမြို့နယ်၊ |
| ၃။ ဒေါ်သွဲ့မာမြင့် | မန္တလေးမြို့။ ၀၉-၇၉၂၆၉၃၈၈၂ |

## အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၊ Grade-6(B)တွင် ပညာသင်ကြားနေသော မောင်ဝသန်မိုးကို ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်ဝသန်မိုးကို ဖြစ်ပါကြောင်း။

**မောင်ဝသန်မိုးကို**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ကူမဲမြို့၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး-စက်မှု တာဝန်ထမ်းဆောင်နေသော ဦးမြတ်ဆွေနှင့် ဦးမြဆွေ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြတ်ဆွေ(ခ)ဦးမြဆွေ(၉/နထက(နိုင်)၀၈၇၁၇၆)**

ပညာတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ ဖတ်ကြစို့

ရန်သူ မီးဘေး တားဆီးရေး မနှေး ဆောင်ရွက်ကြ

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ မလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံ့ဝန်ထမ်းများလိုက်နာရမည့်စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိကိုယ်ကို သစ္စာရှိရမည်၊ မိမိဌာနနှင့် လုပ်ဖော်ကိုင်ဖက်များအပေါ် သစ္စာရှိရမည်၊ နိုင်ငံတော်အပေါ်သစ္စာရှိရမည်ဖြစ်...

❖ မိမိတို့အစိုးရသည် နိုင်ငံရေးအစိုးရမဟုတ်ဘဲ နိုင်ငံ့အရေးကို ဆောင်ရွက်နေသည့်အစိုးရဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်တွင် ပြုလုပ်သော ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်နေ့ ကြည်ညိုဖွယ်မြင်ကွင်း



**နေပြည်တော် ဩဂုတ် ၃**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဂန္ဓကုဋိတိုက်များ၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ဘုရား၊ ကျောင်း၊ ကန်၊ တံတား၊ ဥယျာဉ်များ၊ သုဓမ္မာဇရပ်များ၊ ရေပန်း ရင်ပြင်၊မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးနှင့် ကျောက်စာရုံစေတီများကို

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

**မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်နေ့ ညပိုင်းတွင် ကြည်ညိုဖွယ်ရာ ဖူးတွေ့ရစဉ်။**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar